# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မပြစ်မှားမိအောင် သတိပြု**

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ခဲ၊ လှံ စသည် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်းဆုံးရှုံး၏။ ကိုယ်အင်္ဂါ ပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲသို့ ကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။)

ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)


၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက် | ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ် (၀၈၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရန်ကုန်မြို့၌ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၂

ယနေ့ကျရောက်သည့် ၂၇၆၂ ခုနှစ်၊ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အခမ်းအနားကို နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ဖားစည်တီး၍ ကရင်အမျိုးသားအလံကို လွှင့်ထူပေးသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံကို အလေးပြုကြပြီး ကရင်အမျိုးသားသီချင်းသီဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ■



ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ ကျင်းပသည့် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အခမ်းအနားတွင် ကရင်ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

**ယနေ့ ဖတ်စရာ**


**၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်၏ ကြယ်လေးများရဲ့အနာဂတ် တစ်ကိုယ်တော် သီဆိုဖျော်ဖြေပွဲကျင်းပ** — ပြည်တွင်းသတင်း စာ - ၄

**မြောက်ဦးမြို့ အထင်ကရ ရှေးဟောင်းဘုရား၊ ပုထိုးစေတီများ၌ ဘုရားဖူးသူများနှင့် စည်ကားလျက်ရှိ** — ပြည်တွင်းသတင်း စာ - ၈

**ဘရာဇီး ဂန္ထဝင်ဘောလုံးသမားကြီး ပီလီ ခရစ္စမတ်ကာလကို ဆေးရုံပေါ်တွင်သာ ဖြတ်သန်းရမည်ဟုဆို** — နိုင်ငံတကာသတင်း စာ - ၁၃

**တောင်အမေရိကတိုက်၏ နိုင်ငံတစ်ခုဖြစ်သည့် ဆူရီနမ်က မြန်မာ့ပြောင်းဆန် ဝယ်ယူတင်သွင်း** — ကုန်သွယ်စီးပွား စာ - ၁၆





# ပြည်သူလူထု၏ စွမ်းပကားဖြင့် စည်းလုံးညီညွတ်မှု တည်ဆောက်

မျက်မှောက်ကာလကမ္ဘာ့အစီအစဉ် (World Order) ၏ အစမှာ ဒုတိယကမ္ဘာစစ်ဖြစ်သည်။ မဟာမိတ်နိုင်ငံများနှင့် ဝင်ရိုးတန်းနိုင်ငံများအကြား ကမ္ဘာ့ဒေသအသီးသီးတို့တွင် ဖြစ်ပွားခဲ့သည့် ဒုတိယကမ္ဘာစစ်ကြီးသည် ထိုစဉ်က နယ်ချဲ့နိုင်ငံကြီးများ၏ လက်အောက်တွင် ကျရောက်နေခဲ့သည့် အိန္ဒိယ၊ မြန်မာတို့အပါအဝင် ကိုလိုနီနိုင်ငံများ၏ အမြင်အရ နယ်ချဲ့သမားအချင်းချင်း စားကျက်လုကြခြင်းသာဖြစ်သည်။ သို့ရာတွင် အတ္တလန္တိတ်ချာတာ ထွက်ပေါ်လာသည့်အခါ ကိုလိုနီလက်အောက်ခံနိုင်ငံများကို လွတ်လပ်ရေးပေးရန် ပါရှိခဲ့သည့်အလျောက် မဟာမိတ်နိုင်ငံများကို ထိုစဉ်က ကျွန်နိုင်ငံဘဝ ကျရောက်နေခဲ့ရသည့် နိုင်ငံများက ထောက်ခံခဲ့ကြသည်။

မြန်မာနိုင်ငံအဖို့မူ "အတ္တလန္တိတ်ချာတာသည် အိန္ဒိယ၊ မြန်မာတို့နှင့် မဆိုင်" ဟူသော အင်္ဂလန်နန်းရင်းဝန် ချာချီ၏ စကားအရ နိုင်ငံလွတ်လပ်ရေးအတွက် တောင်းယူ၍ မရလျှင် တိုက်ယူရန်ပြင်ဆင်ရသည်။ အကောင်းဆုံးကို မျှော်လင့်ထားသလို အဆိုးဆုံးကို ရင်ဆိုင်နိုင်ရန်အတွက် ပြည်တွင်းအင်အားဖြစ်သော စည်းလုံးညီညွတ်မှုကို တည်ဆောက်ခဲ့ရသည်။ ၁၉၄၆ ခုနှစ် ရွှေတိဂုံအလယ်ပစ္စယံ လူထုအစည်းအဝေးတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက "ကျွန်ုပ်တို့၏ ကံကြမ္မာကို ကျွန်ုပ်တို့ဖန်တီးဖို့အရေးသည် ကျွန်ုပ်တို့၏ လက်တွင်းမှာပင်ရှိ၏။ ကျွန်ုပ်တို့အင်အားကို ကျွန်ုပ်တို့ယုံကြည်လျှင် ကောင်းကင်တမွတ် ကြယ်ကိုပင် ဆွတ်နိုင်ကြပေမည်။ ကြယ်ကိုပင် ဆွတ်နိုင်ကြလျှင် ကမ္ဘာမြေပေါ်မှာ အဘယ်ကြောင့် လွတ်လပ်ရေးအောင်ပန်းကို မဆွတ်နိုင်ဘဲ ရှိအံ့နည်း။ ကျွန်ုပ်တို့သည် ညီညွတ်စွာ ကျွန်ုပ်တို့၏ ကာယဗလ၊ ဉာဏဗလ၊ သတ္တိဗျတ္တိနှင့် ကျွန်ုပ်တို့၏ ရာဇဝင်တွင် စာတင်နိုင်မည့် လွတ်လပ်ရေး အောင်မြင်မှုအတွက် ဆက်လက်ကြိုးပမ်းကြမည်" ဟူ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကို နိုးဆော်ခဲ့သည်။

နယ်ချဲ့လက်အောက်တွင် သွေးခွဲအုပ်ချုပ်ခံခဲ့ရသည့် မြန်မာနိုင်ငံသည် ပြည်မနှင့် တောင်တန်းဒေသများအကြား ဥပဒေမတူ၊ အခွင့်အရေးမတူ၊ ဖွံ့ဖြိုးမှုမတူ၊ အုပ်ချုပ်မှုပရိယာယ်များ၊ နည်းလမ်းမျိုးစုံဖြင့် သွေးခွဲသပ်လျှိုမှုများ၊ သံသယနှင့် လူမျိုးရေး အမုန်းတရားမျိုးစေ့များကို နယ်ချဲ့သမားက နှစ်ပေါင်းများစွာ စနစ်တကျပြုလုပ်သွားခဲ့သည်။ နိုင်ငံကို အတူတကွ လက်တွဲတည်ဆောက်ခဲ့ကြသည့် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရပြီးသည့်နောက် နိုင်ငံလွတ်လပ်ရေး ရရှိခဲ့သော်လည်း နှစ်ပေါင်းများစွာ သွေးခွဲအုပ်ချုပ်ခဲ့မှု၏ ဒဏ်ရာဒဏ်ချက်များက အကင်းမသေ။ သံသယကင်းကင်းနှင့် စည်းလုံးညီညွတ်ရေးအတွက် ယနေ့တိုင် ကြိုးပမ်းနေရသည်မှာ နှစ်ပေါင်း ၇၅ နှစ်ပင် ပြည့်တော့မည်ဖြစ်သည်။

လွတ်လပ်ရေးသက်တမ်း (၇၅) နှစ်သို့ ရောက်ရှိလာပြီဖြစ်သည့် မိမိတို့နိုင်ငံမှ တောင်ပေါ်မြေပြန့် လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပြည်သူလူထုအားလုံး လွတ်လပ်ရေး၏ အရသာကို တင်းပြည့်ကျပ်ပြည့်ခံစားနိုင်ရန်မှာ နေရာဒေသအားလုံး အေးချမ်းသာယာရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည်။ ယင်းလိုအပ်ချက် နှစ်ရပ်ကို ဖြည့်ဆည်းနိုင်ရန်အတွက် အခြေခံအကျဆုံးလိုအပ်ချက်မှာ တစ်နိုင်ငံလုံး စည်းလုံးညီညွတ်ရေးပင်ဖြစ်ရာ တိုင်းရင်းသားပြည်သူလူထုကြီး၏ စွမ်းပကားဖြင့် စည်းလုံးညီညွတ်ရေးကို တညီတညွတ် တည်ဆောက်နိုင်ကြပါစေကြောင်း။ ။

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန် ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး "ရှေ့သို့ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြု ပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရေး။



ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန မစ္စတာ ဒွန်ပရာမွန်းဝီနိုင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဦးဆောင်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့ ပါဝင်သော အဖွဲ့သည် ထိုင်းနိုင်ငံ၌ ယနေ့ ကျင်းပသည့် အလွတ်သဘော အစည်းအဝေးသို့တက်ရောက်ခဲ့ပြီးညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ သတင်းစဉ်

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၄-၁၂-၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၅၂) တွင် အကျင့်သီလ ကောင်းမွန်ခြင်းကြောင့် လူအများ၏ ကြည်ညိုလေးစားမှု ရရှိနိုင်ပုံ အကြောင်းကို တင်ဆက်ထားသည့် "မြတ်နိုးရခြင်း" မျက်နှာဖုံးကာတွန်း၊ လသည် ဂြိုဟ်ကြီးတစ်ခုဖြစ်ကာ ကမ္ဘာဂြိုဟ်ထက် များစွာ သေးငယ်ပြီး ဆွဲငင်အားနည်းကြောင်း၊ သိပ္ပံပညာရှင်များက စက်ရုပ်ပါသော အာကာသယာဉ်ဖြင့် စတင်စူးစမ်းခဲ့ပြီး လပေါ်သို့ စတင်ခြေချနိုင်ခဲ့သည့်အကြောင်းတို့ကို ဗဟုသုတဖြစ်ဖွယ် ရေးသားထားသည့် "စိတ်ဝင်စားစရာလကမ္ဘာ" သုတကဏ္ဍ၊ ပိုက်ဆံမရှိသော လူပျိုကြီး ကိုရွှေလုံးအိမ်သို့ သူခိုးလာခိုးပုံကို ဟာသနှော၍ တင်ပြထားသည့် "ကိုရွှေလုံး" နှစ်မျက်နှာကာတွန်း၊ ဖခင်က ပိုက်ဆံကျပျောက်လို့ ခဏခဏရှာနေရင် လူညံ့ပဲဟုပြောသည်ကို သားဖြစ်သူက ပြန်လည်ဖြေကြားသည်ကို ဟာသဖြစ်ဖွယ် "အတူတူပဲ" တစ်မျက်နှာကာတွန်း၊ ခရစ္စမတ်သစ်ပင်လေးဆီသို့သွားရန် လမ်းပျောက်နေသည့် ခရစ္စမတ်ဘိုးဘိုးကြီးအတွက် လမ်းကြောင်းရှာပေးရမည့် ဉာဏ်စမ်းကဏ္ဍ၊ အလုပ်မလုပ်ဘဲ ချမ်းသာချင်သော ပျင်းဆိုသည့် လူငယ်လေးသည် နောက်ဆုံးတွင်နောင်တရ၍မိမိ၏လယ်များကို ဖွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစားလုပ်ကိုင်သွားသည့် အကြောင်းကို တင်ဆက်ထားသော "ပျင်းနဲ့ဖွဲ၊ လုံ့လ၊ ဝီရိယ" နှစ်မျက်နှာကာတွန်း၊ အပြင်သွားတိုင်း MASK တပ်ရန်နှင့် အပြင်မှပြန်လာတိုင်း လက်ကိုဆပ်ပြာနှင့် စင်ကြယ်စွာ ဆေးကြောရန် ဗဟုသုတတိုးပွားရန် စာဖတ်ရမည့်အကြောင်း တင်ဆက်ထားသည့် "မမေ့နဲ့၊ မပေါ့နဲ့" နှစ်မျက်နှာကာတွန်း၊ လက်နှစ်ဖက်သည် လက်မြှောက်အရှုံးပေးရန်မဟုတ်၊ ခြေနှစ်ချောင်းသည် ဒူးထောက်ရန်မဟုတ်ဘဲ၊ လဲကျလျှင် ပြန်ထ၍ သင်ခန်းစာယူကာ ရှေ့ဆက်ရန်နှင့် လောကဓံကို အရှုံးမပေးဘဲ ရှေ့သို့ရဲဝံ့စွာ လျှောက်သင့်ကြောင်း လူငယ်များကို စိတ်ဓာတ်ခွန်အားပေး ရေးဖွဲ့ထားသည့် "နေ့သစ်များဆီ လျှောက်လှမ်းချီ" ကဗျာကဏ္ဍ၊ ဦးလေးဖြစ်သူက ကျောင်းပြေးလားဟု မေးသည့်အခါ ဖြတ်ထိုးဉာဏ်ကောင်းသည့် ပုချို၏ ပြန်ဖြေပုံကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် "စဉ်းစားဉာဏ်" မျက်နှာဝက်ကာတွန်း၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍနှင့် ပုံပြင်ကဏ္ဍ အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



■ ရှေ့ဖုံးမှ

ယင်းနောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အခမ်းအနားကို ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် Jeng Phang နော်တောင်၊ စောဒန်နီယယ်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဖားစည် ကိုးချက်တီး၍ ဖွင့်လှစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် Jeng Phang နော်တောင်နှင့် စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က ဖားစည်ကိုးချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

**အလေးထားဆောင်ရွက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်က နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယနေ့ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ (၂၂)ရက် မြန်မာသက္ကရာဇ် ၁၃၈၄ခု ပြာသိုလဆန်း (၁)ရက်၊ ကရင်နှစ် ၂၇၆၂ ခုနှစ်သည် ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ မြတ်နိုးတန်ဖိုးထားသည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်နေကြသည့် တိုင်းရင်းသားမျိုးနွယ်စုများသည် နေရာဒေသအလိုက် ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ ဘာသာစကားကွဲပြားခြားနားကြသော်လည်း အနှစ်သာရအားဖြင့် တစ်သွေးတစ်သားတည်းသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ဖြစ်ကြကြောင်း၊ ကရင်တိုင်းရင်းသားများ၏ ဖြစ်တည်မှု သမိုင်းကြောင်းရှည်လျားမှုနှင့်အညီ ဓလေ့ထုံးတမ်းများနှင့် ယဉ်ကျေးမှု သမိုင်းအမွေအနှစ်ကောင်းများ ပိုင်ဆိုင်ထားကြသည်ကို တွေ့ရကြောင်း၊ ကရင်တိုင်းရင်းသားများ၏ ရိုးရာဓလေ့ပွဲတော်များအနေဖြင့် နှစ်သစ်ကူးပွဲ၊ အိမ်သစ်တက်ပွဲ၊ သဲပုံစေတီပွဲ၊ ကောက်သစ်စားပွဲ၊ လိပ်ပြာခေါ်ပွဲများရှိကြပြီး ကရင်ဒုံးယိမ်းအကသည်လည်း ကရင်တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကို ဖော်ညွှန်းလျက် မြူးကြွ၍ လူကြိုက်များသည့် ယဉ်ကျေးမှုအကဖြစ်သည်ကို တွေ့မြင်ရကြောင်း၊ ကရင်နှစ်သစ်ကူးနေ့အခမ်းအနားကို မြန်မာနိုင်ငံတစ်ဝန်း ဘာသာအယူဝါဒမခြားဘဲ စည်းလုံးညီညွတ်စွာ ကျင်းပကြသည်ကို သိရကြောင်း၊ မိမိတို့ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို နောင်လာ နောက်သားများ ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်အတွက် ကရင်ဘိုးဘွားမိဘများက မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ အုပ်ချုပ်ခဲ့သည့် ၁၉၃၇ ခုနှစ်တွင် ကရင်နှစ်သစ်ကူးနေ့ အသိအမှတ်ပြုခြင်း ဥပဒေတစ်ရပ်ကို ညီနောင်တိုင်းရင်းသားများနှင့်အတူ ကြိုးပမ်းပြီး ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကို ကျင်းပလာခဲ့သည်မှာ ယနေ့တွင် နှစ်ပေါင်း (၈၅) နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း နိုင်ငံတော်တာဝန်ကို စတင်တာဝန်ယူချိန်မှစ၍ တိုင်းရင်းသားအရေးကိစ္စများကို ဦးတည်ချက် (၉)ရပ်ပါ "တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး" ဆိုသည့်အတိုင်း အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ကရင်နှစ်သစ်ကူးပွဲတော် အခမ်းအနားကဲ့သို့ ကျန်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့်လည်း မိမိတို့စာပေ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုများ မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းကြစေလိုကြောင်း၊ တိုင်းရင်းသားအချင်းချင်း ဥမကွဲ၊ သိုက်မပျက် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ကျရာအခန်းကဏ္ဍ၌ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်နှင့် စောဒန်နီယယ်တို့ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပရေးကော်မတီထံ ထောက်ပံ့ငွေများ ပေးအပ်စဉ်။

**နှုတ်ခွန်းဆက် စကားပြောကြား**

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ကရင်အမျိုးသားနှစ်သစ်ကူး နှုတ်ခွန်းဆက် စကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ မန်းသန်းဝင်းဦးက ကရင်အမျိုးသားနှစ်သစ်ကူး ဖြစ်ပေါ်လာပုံအကြောင်း ရှင်းလင်းဖတ်ကြားသည်။

ထို့နောက် ကရင်တိုင်းရင်းသားရိုးရာ ဒုံးယိမ်းအက၊ ရိုးရာကြိုးကျစ်အကနှင့် ရိုးရာဝါးညှပ်အကတို့ဖြင့် ကပြဖျော်ဖြေသည်။

**နှစ်သစ်ကူးလက်ဆောင်များ ပေးအပ်**

ယင်းနောက် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက ဧည့်သည်တော်များအား ကရင်နှစ်သစ်ကူးလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ၂၇၆၂ ခုနှစ်၊ ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကျင်းပရေးကော်မတီထံ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီးများ ထိုင်းနိုင်ငံ၌ ပြုလုပ်သည့် အလွတ်သဘောဆွေးနွေးပွဲသို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့ ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွန်းဝီနိုင်း၏ ဖိတ်ကြားချက်အရ ဒီဇင်ဘာ ၂၂ ရက်တွင် ထိုင်းနိုင်ငံ၌ ပြုလုပ်သည့် အလွတ်သဘောဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။ **(ယာပုံ)**



အဆိုပါ အလွတ်သဘော ဆွေးနွေးပွဲသို့ ကမ္ဘောဒီးယားနိုင်ငံမှ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပရပ်ဆုတ်ခွန်း၊ လာအိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆလုံးဆေးကိုမာဆစ်နှင့် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဒိုဟုန်ဗီယက်တို့ ခေါင်းဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံ၏ တူညီဆန္ဒ (၅) ချက်နှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နေသည့်ကိစ္စ အပါအဝင် မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေမှန်များကို ရှင်းလင်းပြောကြားပြီး မကြာမီက ထုတ်ပြန်ခဲ့သည့် တူညီဆန္ဒ (၅) ချက် အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်သည့် အာဆီယံခေါင်းဆောင်များ၏ သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်အပေါ် မြန်မာနိုင်ငံ၏ ရပ်တည်ချက်တို့ကို တက်ရောက်လာသည့် ကိုယ်စားလှယ်များအား ရင်းနှီးပွင့်လင်းစွာ ရှင်းလင်းပြောကြားခဲ့သည်။

အာဆီယံ၏ တူညီဆန္ဒ(၅) ချက် အကောင်အထည်ဖော်လျက်ရှိရာတွင် မြန်မာအစိုးရက တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေး ကြေညာကာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်နေသည့်ကိစ္စ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် စီးပွားရေး ပြန်လည်ဦးမော့လာစေရေး ဆောင်ရွက်နေသည့်ကိစ္စ၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိသည့် ကိစ္စနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က လွတ်လပ်၍ တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကျင်းပရန် ကြိုးပမ်းနေသည့်ကိစ္စတို့ကို ပြောကြားခဲ့သည်။

ထို့ပြင် တူညီဆန္ဒ (၅) ချက်မှုဘောင်အောက်မှ AHA Center နှင့် ပူးပေါင်းဆောင်ရွက်နေသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို လိုအပ်သူအားလုံးထံ ရောက်ရှိရေးနှင့် ခွဲခြားမှုမရှိဘဲ တန်းတူညီမျှ ပေးအပ်သည့် ကိစ္စများတွင်လည်း မြန်မာနိုင်ငံ လုပ်ငန်းအဖွဲ့မှ သက်ဆိုင်ရာ တာဝန်ရှိဌာနများနှင့် ပူးပေါင်းကာ ပံ့ပိုးပေးလျက်ရှိကြောင်းကိုလည်း မြန်မာကိုယ်စားလှယ်အဖွဲ့က ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာအစိုးရ၏ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီ ပြန်လည်ဖော်ဆောင်ရေးအတွက် ကြိုးပမ်းနေမှုများကို မတရားအသင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH ၊ NUG၊ PDF များက ပျက်စီးစေလိုသည့်ဆန္ဒဖြင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်နေပြီး ယင်းတို့၏ လုပ်ရပ်ကြောင့် အပြစ်မဲ့ပြည်သူများ၊ ရဟန်းသံဃာများနှင့် သီလရှင်များ၊ ဝန်ထမ်းများ သေကျေခဲ့ပြီး စာသင်ကျောင်း၊ ဆေးရုံ၊ ဘဏ်၊ ဈေးများအပါအဝင် နိုင်ငံပိုင်နှင့် ပြည်သူပိုင် အဆောက်အဦများ၊ လမ်း၊ တံတား၊ ပို့ဆောင်ဆက်သွယ်ရေးယာဉ်များ၊ လျှပ်စစ်တာဝါတိုင်များ ဖောက်ခွဲမီးရှို့ ဖျက်ဆီးခြင်းခံနေရကြောင်း၊ ယင်းအကြမ်းဖက် အဖွဲ့အစည်းများ၏ လုပ်ရပ်များသည် နိုင်ငံတကာဥပဒေနှင့် ဂျီနီဗာကွန်ဗင်းရှင်းကို ဖောက်ဖျက်နေသည့်အတွက် ဆက်သွယ်ဆောင်ရွက်ရန် မသင့်ကြောင်း၊ ထိုသို့ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေသူများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အားပေးထောက်ခံခြင်း မပြုသင့်ကြောင်းကို မြန်မာကိုယ်စားလှယ်အဖွဲ့က ပြောကြားခဲ့သည်။

ဆွေးနွေးပွဲနှင့် ဆက်စပ်လျက် မြန်မာ - ထိုင်း နှစ်နိုင်ငံဆိုင်ရာ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှု-ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်နေသည့် ကိစ္စရပ်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များနှင့် လည်းကောင်း သီးခြားအစီအစဉ်ဖြင့် ချစ်ကြည်ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ ဦးရွှေကြိမ်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်၏ ကြယ်လေးများရဲ့အနာဂတ် တစ်ကိုယ်တော် သီဆိုဖျော်ဖြေပွဲကို ကြည့်ရှုအားပေးစဉ်။

# ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်၏ ကြယ်လေးများရဲ့အနာဂတ် တစ်ကိုယ်တော် သီဆိုဖျော်ဖြေပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၂

**၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်၏ ကြယ်လေးများရဲ့အနာဂတ် တစ်ကိုယ်တော်သီဆိုဖျော်ဖြေပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC II)၌ ကျင်းပသည်။**

အဆိုပါ သီဆိုဖျော်ဖြေပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသော ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ ဦးရွှေကြိမ်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် လေထီးခုန်ဂုဏ်ပြုကြမည့် လေထီးခုန်စစ်သည်များနှင့် စစ်သမီးများ၊ စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် စာလုံးသရုပ်ဖော်ကြမည့် ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယနေ့ ဖျော်ဖြေတင်ဆက်မှုမှာ ရင်ခွင်မဲ့ကလေးများအတွက် စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ ရင်ခွင်မဲ့ကလေးများကို စာနာနားလည်စွာ ကူညီဖေးမသင့်ပါကြောင်း၊ ယနေ့တွင် အသက်လေးနှစ်မှ ၂၀ ကျော်အရွယ်အထိ ရင်ခွင်မဲ့ကလေးများက မြန်မာပြည်သိန်းတန်နှင့်အတူ ပါဝင်ဖျော်ဖြေတင်ဆက်မည့် အစီအစဉ်လည်း ပါဝင်ပါကြောင်း ပြောကြားသည်။

**သီဆိုဖျော်ဖြေ**

ထို့နောက် မြန်မာပြည်သိန်းတန်နှင့်အဖွဲ့က ရတနာပုံ၊ အောင်စေ တည်စေ ညီစေ၊ လွတ်လပ်ရေးတေးသံ၊ ပြောင်းလဲနေသောရွာကလေး ၊ ယောသူ တို့ရွာ + မဗေဒါသီချင်းတို့ဖြင့် သီဆိုဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ရင်ခွင်မဲ့ကလေးများအတွက် နွေးထွေးသော ကမ်းလက်များ ဖောင်ဒေးရှင်း၊ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်နှင့် စေတနာရှင်အလှူရှင်တစ်ဦးတို့က ငွေကျပ်သိန်း ၁၀၀ စီ၊ ဦးလှစိုးဦး - ဒေါ်သန်းသန်း (သာယာကြည်နူးဖွယ် ကျောက်မျက်ကုမ္ပဏီလီမိတက်)က ငွေကျပ်သိန်း ၁၅၀၊ ဦးအောင်မျိုးဝင်း - ဒေါ်မေသူဇာဝင်း (May Thu 27 ) အိမ်ခြံမြေရောင်းဝယ်ရေးက ငွေကျပ် သိန်း ၃၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။



နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်နှင့်အတူ ရင်ခွင်မဲ့ကလေးများ ပါဝင်ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။

**ပျော်ရွှင်စွာအားပေး**

ဆက်လက်၍ မြန်မာပြည်သိန်းတန်နှင့်အဖွဲ့က စနေထောင့်မှာ ပန်းလျှမယ်၊ ရင်ခွင့်မဲ့ကလေး ၅၀ နှင့်အတူ ပူးပေါင်းတင်ဆက်သည့် ကြယ်စင်လေးများ၊ ရွှေသုန္ဒရီ၊ ချစ်စိတ်ငယ်ငယ်၊ နှင်းပွင့်သစ္စာ၊ Uncle ကတော့နိုးပါစသည့် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေရာ တက်ရောက်လာကြသူများက ပျော်ရွှင်စွာ အားပေးကြည့်ရှုကြသည်။

**ဝိုင်းဝန်းကူညီ**

မြန်မာနိုင်ငံ တစ်ဝန်းတွင် အကြောင်း အမျိုးမျိုးကြောင့် ရင်ခွင်မဲ့နေကြသော ရင်သွေးရတနာလေးများ၊ ဘဝအခြေအနေ ချို့တဲ့နေရှာသော ကလေးသူငယ်များ များစွာရှိနေရာ ၎င်းတို့ကို စနစ်တကျ ပြုစုပျိုးထောင်၍ တန်ဖိုးရှိသော လူချွန်လူကောင်းများ ဖြစ်ပေါ်လာအောင် မေတ္တာဖြင့် ထုံမွမ်း၍ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

သို့အတွက် ယနေ့တွင် နိုင်ငံကျော် တေးသံရှင် မြန်မာပြည်သိန်းတန်က ရင်ခွင်မဲ့ကလေးများကို ကောင်းကင်တွင် တောက်ပမည့် ကြယ်ကလေးများအဖြစ် တင်စားကာ ကြယ်ကလေးများ၏ အနာဂတ်ဟု အမည်တပ်၍ ဖျော်ဖြေတင်ဆက်ခြင်းဖြစ်သည်။ ရင်ခွင်မဲ့ ကလေးများအတွက် ယနေ့တွင် အလှူငွေကျပ် ၅၅၉ သိန်းကျော်ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပုသိမ်မြို့၌ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ပင်လုံခန်းမ၌ ကျင်းပရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခင်ဇော်နှင့် တာဝန်ရှိသူများ၊ ကရင်တိုင်းရင်းသား/တိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး စောလင်းခယ်က ကရင်ရိုးရာဖားစည် ကိုးချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ ထို့နောက် ဒုတိယတိုင်းမှူးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးက ပေးပို့သည့် ကရင်အမျိုးသား နှစ်သစ်ကူးသဝဏ်လွှာကို တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက ဖတ်ကြားပြီး ဗုဒ္ဓဘာသာဘုန်းတော်ကြီး တစ်ပါးနှင့် ခရစ်ယာန်ဘုန်းတော်ကြီး တစ်ပါးတို့က နှုတ်ခွန်းဆက် အမှာစကားများ ပြောကြားကြရာ တိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ်ပြခန်းများအား လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။(ဝဲပုံ)

**သတင်းစဉ်**

# ပန်းတနော်မြို့နယ်လုံးဆိုင်ရာ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၂



**ကရင်သက္ကရာဇ် ၂၇၆၂ ခုနှစ် (၈၅)နှစ်မြောက် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မြေနုကျေးရွာ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင် တက်ရောက်ချီးမြှင့်သည်။** (ယာပုံ)

နှစ်သစ်ကူး ပွဲတော်၌ သဘာပတိမြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်း ဒုတိယဥက္ကဋ္ဌ မန်းသိန်းအောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်ထံမှ ပေးပို့သော ကရင်အမျိုးသားနှစ်သစ်ကူးနေ့ သဝဏ်လွှာကို ဖတ်ကြားပြီး ကရင်တိုင်းရင်းသား လက်နက်ကိုင်များအနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံရေးနည်းလမ်းများဖြင့် တွေ့ဆုံဆွေးနွေးရေး၊ ကရင်တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုဖြင့် လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရေးနှင့် ကရင်တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာများ၊ စာပေယဉ်ကျေးမှုများ ပိုမိုတိုးတက်လာအောင် ဆောင်ရွက်စေရေးတို့နှင့်စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူးတို့က အမှာစကားများ ပြောကြားကြသည်။

ယင်းနောက် မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်း အတွင်းရေးမှူး မန်းအောင်ကိုလတ်က တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်ထံမှပေးပို့သော ကရင်အမျိုးသားနှစ်သစ်ကူးနေ့ သဝဏ်လွှာကို ဖတ်ကြားကာ မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ မန်းဝင်းမောင်က အမှာစကားများ ပြောကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်သည် ညောင်တုန်းမြို့နယ် ငှက်ပျောကျွန်းကျေးရွာအုပ်စုရှိ “ဝါဝါဝင်း” စိုက်ပျိုးမွေးမြူရေး ကုမ္ပဏီသို့ရောက်ရှိပြီး ကုမ္ပဏီဝင်းအတွင်း ဆောင်ရွက်လျက်ရှိသည့် Delta Queen နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်မှု၊ ငါးမွေးမြူရေးနှင့် အအေးခန်းငါးထုတ်လုပ်မှု၊ တိရစ္ဆာန်အစာထုတ်လုပ်ခြင်းနှင့် သဘာဝဓာတ်မြေဩဇာ ထုတ်လုပ်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**သတင်းစဉ်**

## မြိတ်မြို့၌ ကရင်နှစ်သစ်ကူးနေ့အထိမ်းအမှတ်၊ မုခ်ဦးဖွင့်ပွဲနှင့် ကက်သလစ်ခရစ်ယာန် ပရဟိတဂေဟာသို့ ဆန်၊ ဆီ၊ ကြက်ဥနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၂၂**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် မြိတ်ခရိုင်ကရင်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပသည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်ခြင်းကို ဒီဇင်ဘာ ၂၁ ရက် ညနေပိုင်းက မြိတ်မြို့ မြို့မအားကစားကွင်း၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ တာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အပေါ်ယာပုံ)** ထို့နောက် ကရင်နှစ်သစ်ကူးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် အသင်းများအား တံခွန် စိုက်ဆုနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့ရှိ မြို့မအားကစားကွင်း၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ် နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်ထောင်စု တိုင်းရင်းသားရေးရာဝန်ကြီးက ပေးပို့သည့် သဝဏ်လွှာအား တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာက ဖတ်ကြားခဲ့ပြီး တာဝန်ရှိသူများက ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံနှင့် ကျေးဇူးတင်စကားများ ပြောကြားကြကာ ယဉ်ကျေးမှုအဖွဲ့များက ကရင်ရိုးရာ ဒုံးယိမ်းအက၊ တုတ်ထောက်အကနှင့် ကရင်အမျိုးသားတေးသီချင်းများ သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များနှင့် ဖိတ်ကြားထားသူများက မြိတ်မြို့ရှိ ကက်သလစ်ခရစ်ယာန် ပရဟိတဂေဟာသို့ ဆန်၊ ဆီ၊ ကြက်ဥနှင့် အလှူငွေများ သွားရောက်လှူဒါန်းရာ ကက်သလစ် သာသနာကျောင်းထိုင်ဘုန်းတော်ကြီး ဖာသာ ဘရူးနိုးဖိလစ်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ပရဟိတဂေဟာကျောင်းသား ကျောင်းသူများက ဓမ္မတေးသီချင်းများဖြင့် သီဆို၍ ဆုတောင်းမေတ္တာများ ပို့သခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေတောင်မြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်

ရွှေတောင် ဒီဇင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံ၌ ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဦးဆောင်လမ်းညွှန်မှုဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

အဆိုပါဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်(၃)ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ ကြည့်ရှုအားပေးခဲ့ကြသည်။**(အောက်ပုံ)**

အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများကို လစဉ် ၂၁ ရက်နှင့် ၂၂ ရက်များတွင် ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ **ကိုကိုမင်း (ပြန်/ဆက်)**



## တနင်္သာရီတိုင်းဒေသကြီး သမဝါယမကဏ္ဍက ပြည်ပသို့ ရေနင်္ဂါးနှင့် ပုစွန်များ တင်ပို့

**တနင်္သာရီ ဒီဇင်ဘာ ၂၂**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပင်လယ်ငါးဖမ်းလုပ်ငန်းများမှ ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများကို ပြည်ပပို့ကုန်အဖြစ် တင်ပို့လျက်ရှိရာ ကော့သောင်းမြို့နယ် သိမ်းထိုက်ဖော် ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်း လီမိတက်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၈၄ သန်းတန်ဖိုးရှိ ရေနင်္ဂါးပုစွန်နှင့် ရေနင်္ဂါးမက်ထရစ်(တန်)ချိန် ၁၈၃၃ ဒသမ ၃၁၅ တန်နှင့် အောင်ကျော်ဇေ ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၄၅ သန်းတန်ဖိုးရှိ ရေနင်္ဂါးပုစွန်နှင့် ရေနင်္ဂါး မက်ထရစ်(တန်)ချိန် ၁၅၄၂ ဒသမ ၀၁၇ တန်ကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချခဲ့ပြီး နိုင်ငံခြားဝင်ငွေရရှိစေရန်အတွက် သမဝါယမကုန်သွယ်မှုကဏ္ဍက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန်နှစ်သိန်း တင်ပို့မည့်အနက် တန်ချိန်တစ်သိန်းခြောက်သောင်းကျော် တင်ပို့

**နေပြည်တော် ဒီဇင်ဘာ ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ရွှေမဲဆိပ်ကမ်း၌ မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအစိုးရချင်း သဘောတူစာချုပ်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့မှုကို ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

### ရှင်းလင်းတင်ပြ

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန် နှစ်သိန်း တင်ပို့မည့်အနက် တန်ချိန် တစ်သိန်းခြောက်သောင်းကျော် တင်ပို့ပြီးစီးမှုနှင့် တင်ပို့ရန်ကျန်ရှိသည့် ဆန်များ သတ်မှတ်ကာလအတွင်း ပြည့်မီအောင် တင်ပို့နိုင်ရေးနှင့် ဆန်ပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကြည့်မြင်တိုင်ဆိပ်ကမ်းရှိ ထူးကုမ္ပဏီ၊ Diamond Dragon Co., Ltd နှင့် Six Winner Brother Co., Ltd စားသုံးဆီသိုလှောင်ကန်များ၌ စားသုံးဆီသိုလှောင်မှု၊ ဖြန့်ဖြူးမှုနှင့် စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေး စီမံဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Pan Pacific Hotel ၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၃၁) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးသို့ တက်ရောက်သည်။



အဆိုပါ အစည်းအဝေးသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ သံအမတ်ကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

# မြို့တော်အား သန့်ရှင်းရမည်၊ သာယာလှပရမည်၊ မြို့တော်နေလူထု စိတ်ချမ်းသာရမည်ဆိုသည့် ရည်မှန်းချက်များကို ပိုမိုထိရောက်အောင် ဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ လိုက်ပါပြီး မန္တလေးကန်တော်ကြီးနှင့် သင်္ဂဇာချောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များအား ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ် ရှင်းလင်းဆောင်တွင် ဒီဇင်ဘာ ၁၉ ရက် ညနေပိုင်းက တွေ့ဆုံခဲ့သည်။



ထိုသို့ တွေ့ဆုံစဉ် မြို့တော်စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူး ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက ကန်တော်ကြီးနှင့် သင်္ဂဇာချောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရန် လုပ်ငန်းအပိုင်းလိုက် ဆောင်ရွက်နေမှုများ၊ ရေပြင်သန့်ရှင်းရေး၊ ရေဝေရေလွှဲစနစ် ကောင်းမွန်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ၊ ကန်တော်ကြီးနှင့် သင်္ဂဇာချောင်းအတွင်း ရေဆိုးများ ဝင်ရောက်မှုမရှိစေရန် အသိပညာပေးခြင်းနှင့် ရေဆိုးသန့်စင်စနစ်၊ အမှိုက်သရိုက်များနှင့် ဗေဒါဆယ်ယူရေးလုပ်ငန်းများဆောင်ရွက်ထားမှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ၊ သစ်သီးဝလံပန်းမံပြပွဲပြိုင်ပွဲကျင်းပနိုင်ရန် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် မြို့တော်အား သန့်ရှင်းရမည်၊ သာယာလှပရမည်၊ မြို့တော်နေလူထု စိတ်ချမ်းသာရမည်ဆိုသည့် ရည်မှန်းချက်များကို ပိုမိုထိရောက်အောင် ဆောင်ရွက်သွားရေး၊ ကန်တော်ကြီးနှင့် သင်္ဂဇာချောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် စည်ပင်သာယာရေးကော်မတီနှင့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက ပူးပေါင်းဆောင်ရွက်ရေး၊ မြို့တော်နေလူထုအတွက် စေတနာထားလုပ်ဆောင်ပြီး စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုများ ကောင်းမွန်အောင် ဆောင်ရွက်ရေး၊ ရေဝေရေလွှဲစနစ်ကောင်းမွန်စေရန် ကျွမ်းကျင်ပညာရှင်များနှင့် ဌာနဆိုင်ရာများမှ ပေါင်းစပ်ဆောင်ရွက်ရေး၊ စနစ်ကျသော ပန်းဥယျာဉ်ဖြစ်စေရေးနှင့် ရာသီအလိုက် ပန်းမံများ စိုက်ပျိုးသွားရေး၊ ခွင့်ပြုချက်မရှိဘဲ နေထိုင်မှုများကို ဥပဒေနှင့်အညီ ရှင်းလင်းဆောင်ရွက်ရေး၊ ကန်တော်ကြီးနှင့် သင်္ဂဇာချောင်းအား ရေရှည်ကောင်းမွန်သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုစနစ်ဖြစ်စေရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ရေးတို့အား မှာကြားကာ လိုအပ်ချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (**အပေါ်ဝဲပုံ**)

**သတင်းစဉ်**

---

# ပဲခူးမြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ အထူးကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး

**ပဲခူး ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ အထူးကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုအား ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကျန်းမာရေး စောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေး ကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုသည်။





ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကျန်းမာရေး စောင့်ရှောက်မှုလာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားပြီး လစဉ် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ သီဟထံ ထောက်ပံ့ငွေကျပ် သိန်း ၃၀ ပေးအပ်သည်။ (**ဝဲပုံ**)

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ လုပ်ငန်းနယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အငြိမ်းစားယူပြီးနောက် ကျန်းမာရေးနှင့် ပတ်သက်၍ အရည်အသွေး ပြည့်ဝသော ကျန်းမာရေး စောင့်ရှောက်မှုကို ခံယူခြင်းဖြင့် ကျန်းမာပျော်ရွှင် အသက်ရှည်စွာ နေထိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှု၊ ဌာနဆိုင်ရာ၊ မြို့မိမြို့ဖ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းကူညီပါဝင်မှုဖြင့် လစဉ် ၂၁ ရက်နေ့တိုင်း တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး အတွင်း၌ စုစုပေါင်းအငြိမ်းစား နိုင်ငံ့ဝန်ထမ်း ၉၃၀၀၀ ကျော်ရှိပြီး ပဲခူးမြို့နယ်အတွင်း၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၁၂၀၀၀ ကျော် နေထိုင်လျက်ရှိကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

---

# ပြင်ဦးလွင်မြို့နယ်၌ လူဦးရေစာရင်းမှန်ကန်စေရေး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ဆိုင်ရာများ ရှင်းလင်း

**ပြင်ဦးလွင် ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် လူဦးရေစာရင်းမှန်ကန်စေရေး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းခြင်းနှင့် အချိုးကျကိုယ်စားပြုစနစ် (PR System) ရှင်းလင်းပွဲကို ယမန်နေ့က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးသန့်ဇော်ဦးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြင်ဦးလွင်ခရိုင်ဦးစီးမှူး ဦးကျော်လွင်ဦးတို့က လူဦးရေစာရင်းမှန်ကန်စေရေးအတွက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြင်ဦးလွင်မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်လွင်နှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထိုက်တို့က အချိုးကျကိုယ်စားပြုစနစ်နှင့်ပတ်သက်၍ သိကောင်းစရာများ၊ ကျင်းပမည့်နည်းစနစ်များ၊ ကိုယ်စားလှယ်လောင်းများ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာကိစ္စရပ်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

"တိုင်းပြည် ပြန်လည်ထူထောင်ရေးလုပ်ငန်းမှာလည်း အစိုးရဘက်ကလူတွေနဲ့ မလုံလောက်ဘူး။ ယခုခေတ်မယ် ဘယ်ဟာပဲဖြစ်ဖြစ်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းမှာပဲဖြစ်ဖြစ်၊ ကာကွယ်ရေးလုပ်ငန်းမှာပဲဖြစ်ဖြစ် လုပ်တဲ့အခါမယ် တိုင်းပြည်လူထုနဲ့ယှဉ်၍ ကိုယ်ထိလက်ရောက် ပါဝင်ကူညီဖို့ သဘောတရားတစ်နေ့တခြား ပိုမိုထင်ရှားလာတယ်။"

(ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၇ ခုနှစ် ဇွန်လဆန်း၌ ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီးတွင် ပြောကြားသော မိန့်ခွန်းမှ ကောက်နုတ်ချက်)



မြန်မာ့ရိုးရာရှင်ပြုအလှူပွဲ ဓာတ်ပုံ - သန်းနိုင်ဦး(ဇဖဲ)

## ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(တက္ကသိုလ်များရန်ကုန်)၏ (၈၅)ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အထိမ်းအမှတ် မိတ်ဆုံပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (တက္ကသိုလ်များရန်ကုန်)၏ (၈၅) ကြိမ်မြောက် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ အထိမ်းအမှတ် မိတ်ဆုံပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ် Recreation Center(RC) ခန်းမဆောင်၌ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ကရင်မောင်မယ် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ ပဲခူးရိုးမတောင်ပေါ်ကရင်ရိုးရာ အိုးစည်အကဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော် စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စု နိုင်ငံတော်ကြီးဖြစ်ပါကြောင်း၊ ကရင်လူမျိုးများအနေဖြင့် ဘာသာကွဲပြားပါစေ၊ မျိုးနွယ်စုများမခွဲခြားဘဲ အမိက မိမိတို့လူမျိုး၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ပညာရေးနှင့်ပတ်သက်ပြီး သားသမီးများကို ပညာအမွေပေးရန်လိုပါကြောင်း၊ စာပေပျောက်လျှင် လူမျိုးပါပျောက်မည်ဖြစ်ပါကြောင်း၊ မိမိတို့ကရင်လူမျိုးနှင့်ကျန်တိုင်းရင်းသားမျိုးနွယ်စုများပါ ကမ္ဘာတည်သရွေ့ တည်ရှိနိုင်ရေးမှာ မွေးရာပါသမိုင်းပေးတာဝန်ပင်ဖြစ်သည်ကို မမေ့ကြရန်လိုပါကြောင်း၊ မိမိတို့လူမျိုး စည်းလုံးမှုမှသည် တိုင်းရင်းသားမျိုးနွယ်စုများအားလုံး စည်းလုံးညီညွတ်မှုရအောင် တိုင်းရင်းသားများအားလုံး ဝိုင်းဝန်းဖော်ဆောင်ပြီး ငြိမ်းချမ်း၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။ (ဓါတ်ပုံ)

ထို့နောက် ဒုတိယဝန်ကြီးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပဲခူးရိုးမတောင်ပေါ်ကရင် စောကီးဒိုက ကရင်ရိုးရာစောင်းဖြင့် တီးခတ်ဖျော်ဖြေပြီး ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်၊ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (တက္ကသိုလ်များရန်ကုန်)၏ နာယကဆရာမကြီး နန့်ခင်အေးဦးနှင့် သမိုင်းဌာနပါမောက္ခ ဒေါက်တာနန်းလှိုင်တို့က မိတ်ဆုံပွဲအမှတ်တရစကားများ ပြောကြားကြသည်။

ယင်းနောက် ပညာရေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများက "အော်ဟူအော်ဟော့" ကရင်သီချင်းဖြင့် သီဆိုဖျော်ဖြေကာ ပညာရေးတက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသား "စစည်သူဟိန်း"က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (တက္ကသိုလ်များရန်ကုန်)သို့ ထောက်ပံ့ငွေများပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ကရင်မောင်မယ် တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘူးသီးတောင်မြို့၌ လူငယ်စကားဝိုင်းကျင်းပ

**ဘူးသီးတောင် ဒီဇင်ဘာ ၂၂**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယမန်နေ့က အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း မေယုရတနာခန်းမ၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးမောင်တင်အောင်က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးအောင်က လူငယ်စကားဝိုင်း ကျင်းပရသည့် ရည်ရွယ်ချက်နှင့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ (ဓါတ်ပုံ)

လူငယ်စကားဝိုင်းသို့ မြို့နယ်ပညာရေးမှူး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၁၀ တက်ရောက်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် Talk Show ဆောင်ရွက်

**ညောင်ရွှေ ဒီဇင်ဘာ ၂၂**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် Talk Show ကို ယမန်နေ့က ညောင်ရွှေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမ၌ ဆောင်ရွက်သည်။ (ယာပုံ)

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးနေမျိုးသူရိန်က Talk Show ဆောင်ရွက်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စာရေးဆရာအသင်းမှ ဦးသောင်းဖေ (သောင်းဟန်-ညောင်ရွှေ)နှင့် ဦးခင်မောင်မြ (ညောင်ရွှေ-ခင်မောင်မြ)တို့က လွတ်လပ်ရေးကြိုးပမ်းဆောင်ရွက်ခဲ့မှု သမိုင်းကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂) ရေယာဉ်အား NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် အကြောင်းမဲ့ လူမဆန်စွာ မိုင်းထောင်ဖောက်ခွဲခဲ့မှုနှင့်ပတ်သက်၍ သဘောထား ထုတ်ပြန်ချက်များ ထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂)ရေယာဉ်အား ဒီဇင်ဘာ ၁၈ ရက် ညနေပိုင်းတွင် NUG ၊ CRPH **တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် အကြောင်းမဲ့ လူမဆန်စွာ** မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူ ၁၇ ဦး မိုင်းစထိမှန် ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ ပန်းချီပန်းပု အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)တို့က လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားများ ထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)

## အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

**၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်**

**၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်**

၁။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းဘက်သို့ ပြေးဆွဲနေသည့် ချယ်ရီ (၂) ရေယာဉ်အား အကြမ်းဖက်သမားအချို့က လက်လုပ်မိုင်းဖြင့် အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူ စုစုပေါင်း ၁၇ ဦး မိုင်းစထိမှန်၍ ဒဏ်ရာများ ရရှိခဲ့ပါသည်။

၂။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး အပြစ်မဲ့မိဘပြည်သူများ ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့သော အကြမ်းဖက်အဖွဲ့အစည်းအား မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး (ဗဟို)က ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)

## အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

**၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်**

**၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်**

၁။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းဘက်သို့ ပြေးဆွဲနေသည့် ချယ်ရီ(၂) ရေယာဉ်အား အကြမ်းဖက်သမားအချို့က လက်လုပ်မိုင်းဖြင့် အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူ စုစုပေါင်း ၁၇ ဦး မိုင်းစထိမှန်၍ ဒဏ်ရာများ ရရှိခဲ့ပါသည်။

၂။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး အပြစ်မဲ့ မိဘပြည်သူများ ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့သော အကြမ်းဖက်အဖွဲ့အစည်းအား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

# မြောက်ဦးမြို့ အထင်ကရရှေးဟောင်းဘုရား၊ ပုထိုးစေတီများ၌ ဘုရားဖူးသူများနှင့်စည်ကားလျက်ရှိ

**မြောက်ဦး ဒီဇင်ဘာ ၂၂**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိအထင်ကရရှေးဟောင်းသမိုင်းဝင်ဘုရား၊ ပုထိုးစေတီများတွင် ဒီဇင်ဘာ အားလပ်ရက်၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသော ရဟန်းရှင်လူပြည်သူများအနေဖြင့် ယနေ့ နံနက်ပိုင်းမှစ၍ စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဘုရားဖူးလာရောက်ကြသော အနယ်နယ်အရပ်ရပ်မှ ပြည်သူများအနေဖြင့် အထင်ကရရှေးဟောင်းဘုရား၊ ပုထိုးစေတီများဖြစ်သော သျှစ်သောင်းပုထိုးတော်ကြီး၊ ထုက္ကန်သိမ်ပုထိုးကြီးအတွင်းရှိ ဝတ်စားဆင်ယင်မှုနှင့် ဆံထုံးတော်ထုံးဖွဲ့ပုံ အဆင့်ဆင့် ကျောက်ဆစ်လက်ရာများ သွားရောက်လေ့လာကြည့်ရှုခြင်း၊ ကိုးသောင်းပုထိုးတော်ကြီး၊ မာရ်ငါးပါးဖြစ်သော ရတနာ့မာရ်အောင်၊ သင်္ကျမာရ်၊ ဇိနမာရ်အောင်၊ လောကမာရ်အောင်နှင့် မင်္ဂလာ့မာရ်အောင်ဘုရားစေတီများသို့ အငှားမော်တော်ယာဉ်များဖြင့် သွားရောက်ဖူးမြော်ကြပြီး ဘုရားဖူးလာရောက်ကြသူများက ပန်း၊ ရေချမ်း အမွှေးနံ့သာများ ပူဇော်ကြသည်။

ဆက်လက်၍ ရှေးဟောင်းသမိုင်းဝင်နေရာများဖြစ်သည့် လက်ဆည်ကန်၊ ဘုရားပေါ်ဘုရား၊ နန်းတော်ရာကုန်းနှင့် ရှေးဟောင်းသုတေသနပြတိုက်စသောနေရာများသို့ သွားရောက်ပြီး အလှဓာတ်ပုံများ ရိုက်ကူးခြင်း၊ အမှတ်တရလက်ဆောင်များ ဝယ်ယူကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မြင့်စိုး၊ စိုးငြိမ်းနိုင်(ပြန်/ဆက်)**



# လုပ်ငန်းခွင်ပြင်ပ မတော်တဆထိခိုက်ဒဏ်ရာရ၍ သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေး

**နေပြည်တော် ဒီဇင်ဘာ ၂၂**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် အညီ လုပ်ငန်းခွင်ပြင်ပ မတော်တဆထိခိုက်ဒဏ်ရာရ၍ သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ယမန်နေ့က ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေ လူမှုဖူလုံရေးရုံးမှ တာဝန်ခံ ဦးခင်မောင်ဦးက ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေး ဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ခံ ဦးခင်မောင်ဦးက လူမှုဖူလုံရေးရုံးတွင် အကျိုးဝင် မှတ်ပုံတင်ထားသော လုပ်ငန်းခွင်ပြင်ပတွင် မတော်တဆ ထိခိုက်ဒဏ်ရာရရှိ၍ သေဆုံးသူ မြတ်တော်ဝင်ဟိုတယ်မှ အာမခံအလုပ်သမား ဦးမျိုးလတ်၏ ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် ၃၃၇၅၀၀၀ ကို ဖခင်ဖြစ်သူ ဦးဝင်းမြင့်အား ပေးအပ်ခဲ့ပြီး အကျိုးခံစားခွင့်များ လက်ခံရရှိသူကိုယ်စား မြတ်တော်ဝင်ဟိုတယ်မှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။



**အောင်ကို(ပြန်/ဆက်)**

# မန္တလေးအသင်း(ရန်ကုန်) နှစ် ၅၀ ပြည့်အထိမ်းအမှတ်ရွှေရတုပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်ရောက် မန္တလေးသူ မန္တလေးသားများဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် မန္တလေးအသင်း (ရန်ကုန်) ၏ နှစ် ၅၀ ပြည့် အထိမ်းအမှတ် ရွှေရတုပွဲနှင့် မင်္ဂလာဇင်းမိတ်ဆက် ဂုဏ်ပြုပွဲကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီက ပန်းဘဲတန်းမြို့နယ် အမှတ် ၆ ရပ်ကွက် ကုန်သည်လမ်းရှိ အသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးအသင်း ( ရန်ကုန် ) ဂုဏ်ထူးဆောင်နာယက ဦးကျော်ညွန့်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် မန္တလေးအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်စံက မန္တလေးအသင်း (ရန်ကုန်) နှစ် ၅၀ ပြည့် အထိမ်းအမှတ် ရွှေရတုပွဲ စီစဉ်ကျင်းပရခြင်းအကြောင်းနှင့် ရွှေရတုမင်္ဂလာဇင်းကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းနာယက ဂုဏ်ထူးဦးသိန်းနိုင်၊ ဆရာချစ်ဦးညို၊ ဒေါက်တာသန်းထွန်း၊ ဆရာ သင်းမောင်ဆွေနှင့် သမိုင်းပါမောက္ခ ဒေါက်တာ စိန်မြင့်တို့က ဂုဏ်ပြုစကားများ ပြောကြားကြသည်။

ထို့နောက် ဒေါက်တာထွန်းထွန်းဦးက အင်ကြင်းကြာအုံရတနာပုံ ရတုကို ဖတ်ကြားသည်။ ဆက်လက်၍ လင်္ကာဒီပချစ်သူစာအုပ်များကို စာအုပ်ထုတ်ဝေသူ ဒေါ်မြင့်မြင့်အေးက ပေးအပ်လှူဒါန်းရာ အသင်းဒုတိယဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိန်က လက်ခံရယူသည်။

ယင်းနောက် မန္တလေးအသင်း (ရန်ကုန်) နှစ် ၅၀ ပြည့် အထိမ်းအမှတ်ရွှေရတုပွဲသို့ တက်ရောက်လာကြသည့်နာယကများ၊ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များနှင့် အထူး ဧည့်သည်တော်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

မန္တလေးအသင်း (ရန်ကုန်) ကို ၁၉၇၂ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ထိုစဉ်က အသင်းဥက္ကဋ္ဌမှာ သီရိပျံချီ ဦးဘလှဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**



## သုံးခွမြို့နယ် ကံမြင့်စံပြကျေးရွာရှိ ခေမာဗုဒ္ဓတက္ကသိုလ်၌ ကျောင်းသားသစ်ကြိုဆိုပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကံမြင့်စံပြကျေးရွာရှိ ခေမာဗုဒ္ဓတက္ကသိုလ် စာသင်ခန်းမ၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းသားသစ်ကြိုဆိုပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ အရှင်ကစ္စာယနသာရက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယပါမောက္ခချုပ် ဆရာတော် ဒေါက်တာ အရှင်နန္ဒာစာရက ပညာရေးဆိုင်ရာများ၊ ဒုတိယပါမောက္ခချုပ် ဆရာတော် ဒေါက်တာ အရှင်သူရိယက ပြည်တွင်းပြည်ပတက္ကသိုလ်ပညာရေးဆိုင်ရာ အသိပညာများ မိန့်ကြားကာ ဆရာကြီးဒေါက်တာ ဒေါ်စန္ဒာ (မဟာသဒ္ဓမ္မဇောတိက ဓဇ)က တက္ကသိုလ်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သာသနာပြုလုပ်ငန်းများ လျှောက်ထားသည်။ ထို့နောက် ကံမြင့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ကျေးဇူးတင် ဝမ်းမြောက်စကားပြောကြားသည်။

ဆက်လက်၍ မော်ကွန်းထိန်း ဆရာတော် ဒေါက်တာအရှင်ကေဝလက တက္ကသိုလ်ဖွဲ့စည်းပုံဆိုင်ရာများ မိန့်ကြားကာ လက်ထောက် မော်ကွန်းထိန်း ဆရာတော်ကထိက ဒေါက်တာ အရှင်ဝိစိတ္တက တက္ကသိုလ်မှ ထုတ်ပြန်ထားသော လိုက်နာရမည့် စည်းကမ်းချက်များ မိန့်ကြားသည်။ ကျောင်းသားသစ်ကြိုဆိုပွဲသို့ သံဃာတော် ၈၅ ပါး၊ သီလရှင်ဆရာလေးအပါး ၂၀ တက်ရောက်ခဲ့ပြီး B.A( Buddhist Studies) အတွက် ပထမနှစ် သင်တန်းကို ဒီဇင်ဘာ ၂၆ ရက် မွန်းတည့် ၁၂ နာရီမှ စတင်သင်ကြားပို့ချမည်ဟု သိရသည်။

**ကိုကျော်(သုံးခွ)**






## တောင်ငူမြို့ ကေတုမတီဘိုးဘွားရိပ်သာ အေးငြိမ်းချမ်းသာရုပ်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဘုရားအနေကဇာတင်ခြင်းနှင့် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

**တောင်ငူ ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကေတုမတီဘိုးဘွားရိပ်သာ ပရိဝုဏ်အတွင်း၌ တည်ထားကိုးကွယ်သော အေးငြိမ်းချမ်းသာ ရုပ်တော်မူရုပ်ပွားတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာနှင့် ဗုဒ္ဓပူဇနီယပွဲတော်ကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက ကေတုမတီဘိုးဘွားရိပ်သာ ပရိဝုဏ်အတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရုပ်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်အား အနေကဇာတင်ပူဇော်ပြီး တောင်ငူမြို့ ဝိသုဒ္ဓါရုံ သိမ်ဉူးစာသင်တိုက် ပဓာနနာယကဆရာတော်၊မြို့နယ်သံဃနာယကအကျိုးတော်ဆောင်(ရွှေကျင်) မဍုရာဘာဏီအရှင်သောပါကထံမှ သီလခံယူဆောက်တည်၍ "ဘုန်းကံကြီးမားပုဂ္ဂိုလ်များ" တရားတော်ကို နာယူခဲ့ကြသည်။ **ဝင့်၈**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ စက်ရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ကတိုးမဟာပရိယတ္တိစာသင်တိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ကျားရုပ် ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ဘီးလင်းတိုက်သစ်ပရိယတ္တိစာသင်တိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ တိပိဋကစိန်ရွှေဖူးကျောင်းတိုက်နှင့် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်ရှိ အောင်ဇေယျာမင်းကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မစိုးရိမ်ပရဟိတကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မတ္တရာတိုက်မကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ပညာမဏ္ဍိုင်ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ စင်ကာပူကျောင်းတိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ရွှေလီကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့/ ဦးစီးဌာနများမှ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## သီပေါမြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်း အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

**သီပေါ ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၁၉-၂၀၂၀ /၂၀၂၀-၂၀၂၁) ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်၁၀ နာရီက မဟာသာသနာ့ဗိမာန်တော်ခမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ အသင်းဥက္ကဋ္ဌ ဦးတင်မောင်မောင်က နှုတ်ခွန်းဆက်စကားပြောကြား၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းက အမှာစကားပြောကြားပြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောဘုန်းမြင့်က ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာများ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အမှုဆောင်ဒါရိုက်တာအဖွဲ့၏ နှစ်ပတ်လည်လုပ်ငန်းအစီရင်ခံစာကို အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုင်းကျော်ခိုင်က လည်းကောင်း၊ စာရင်းစစ်အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို စာရင်းစစ်အဖွဲ့ခေါင်းဆောင် ဒေါ်မူမူလှိုင်က လည်းကောင်း ဖတ်ကြားတင်သွင်းရာ အသင်းသားများက အကြံပြုဝေဖန်ဆွေးနွေးကြပြီး သဘာပတိက ပြန်လည်ရှင်းလင်းဖြေကြားကာ အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ မျိုးအောင်၊ မြို့နယ်ပညာရေးမှူး ဦးထိန်လင်း၊ သာသနာ့ဗိမာန်တော် မြို့လယ်ခမ္မာရုံ ဂေါပကဥက္ကဋ္ဌ ဦးခင်မောင်ဝင်းတို့ထံ အလှူငွေကျပ် ၁၀ သိန်းစီကို အသင်းဥက္ကဋ္ဌ ဦးတင်မောင်မောင်က ပေးအပ်လှူဒါန်းပြီး အသင်းသားများ ပျော်ရွှင်စေရန် ကံစမ်းမဲများဖွင့်လှစ်၍ အစည်းအဝေးတက်ရောက်မှုစရိတ်အဖြစ် တစ်ဦးလျှင် ငွေကျပ် ငါးထောင်စီ ကူညီပံ့ပိုးပေးသည်။

အဆိုပါ သီပေါမြို့နယ် ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းအနေဖြင့် ဝန်ထမ်းအသင်းသားဦးရေ ၂၃၀၅ ဦးနှင့် ဖွဲ့စည်းထားပြီး သာမန်ချေးငွေ၊ အထူးချေးငွေနှင့် အရေးပေါ်ချေးငွေများအတွက် လစဉ်ထုတ်ချေးသည့် ငွေကြေးပမာဏမှာ ငွေကျပ် သိန်းသုံးသောင်းကျော်ရှိသဖြင့် အသင်းနှင့် အသင်းသားများ၏ ငွေကြေးမဆုံးရှုံးစေရေး၊ စဉ်ဆက်မပြတ် တိုးပွားရေး၊ အသင်းသားများ သက်သာချောင်ချိရေးနှင့် အသင်းကြီး ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် လုပ်ငန်းဆိုင်ရာ ဦးတည်ချက်လုပ်ငန်းစဉ်နှင့် နှစ်စဉ်ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိ၍ ဝန်ထမ်းများအားထားရာ အထောက်အကူပြုသည့် အသင်းကြီးဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



## "တတိယအကြိမ်မြောက် ပရိဘောဂဒီဇိုင်းပြိုင်ပွဲအစီအစဉ်"

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးပြည်နယ်ရှိ ခတ်ပုံမြို့တော်ဖြစ်သော ဟီရရှိခါဝါမြို့နှင့် ဗိသုကာပညာရှင် Mr.Kuma Kengo တို့က ဦးစီး၍ "Furniture Fits in the Open Air" ခေါင်းစဉ်ဖြင့် "တတိယအကြိမ်မြောက် ပရိဘောဂဒီဇိုင်းပြိုင်ပွဲ" ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အဆိုပါ ပြိုင်ပွဲတွင် ပရိဘောဂပြိုင်ပွဲသို့ မည်သည့်နိုင်ငံသားမဆို သက်ဆိုင်ရာကျောင်း ( သို့မဟုတ်) တက္ကသိုလ်တက်ရောက်နေသည့် အသက်(၃၀)နှစ်အောက် ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး တစ်ဦးချင်း (သို့မဟုတ်) အဖွဲ့လိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပေးအပ်မည့်ဆုများအနေဖြင့် Kuma Kengo ဆု တစ်ဆု၊ ထူးချွန်ဆု သုံးဆုနှင့် နှစ်သိမ့်ဆု ခြောက်ဆုတို့ဖြစ်သည်။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် အခမဲ့စာရင်းပေးသွင်းနိုင်မည်ဖြစ်ပြီး လျှောက်လွှာတင်သွားရာ၌ ဒီဇိုင်းခေါင်းစဉ်၊ ဒီဇိုင်း၏ ဦးစားပေးအကြောင်းအရာ၊ ရှင်းလင်းဖော်ပြချက်၊ ပုံကြမ်း၊ ပုံချော၊ CG ပုံစံ (သို့မဟုတ်)ခတ်ပုံ အစရှိသည်များကို A3 ဆိုဒ်၊ စာရွက်တစ်မျက်နှာတွင် အလျားလိုက် ရေးဆွဲကာ pdf ဖိုင်ဖြင့် ပေးပို့ရမည်ဖြစ်သည်။ ဒီဇိုင်း၏ ရှင်းလင်းဖော်ပြချက်အား အင်္ဂလိပ်ဘာသာ (သို့မဟုတ်)ဂျပန်ဘာသာဖြင့် ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်များအနက် ဆန်ခါတင်အဆင့် ပြိုင်ပွဲတွင် ၁၀ ဦးအား ရွေးချယ်၍ ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်ပြီး ၎င်းတို့အတွက် လေယာဉ်စရိတ်၊ အသွား/ အပြန်နှင့် တည်းခိုစရိတ်များကို ပြိုင်ပွဲဖြစ်မြောက်ရေး ကော်မတီမှ ကျခံ ပေးသွားမည်ဖြစ်သည်။ ဆုပေးပွဲအခမ်းအနားသို့ အဖွဲ့လိုက် ပြိုင်ပွဲဝင်များအတွက် ကိုယ်စားပြု ပြိုင်ပွဲဝင်တစ်ဦးကိုသာ ဖိတ်ကြားသွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသူများ အနေဖြင့် Website https://www.kagu.higa shikawa.jp တွင် ၂၀၂၃ခုနှစ် ဖေဖော်ဝါရီ ၂၈ရက် နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွားရမည်ဖြစ်ပြီး ပရိဘောဂဒီဇိုင်း လျှောက်လွှာများအား ၂၀၂၃ခုနှစ် မတ် ၃၁ ရက်တွင် နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်သည်။

အသေးစိတ် သိလိုသည့် အချက်အလက်များကို KAGU Design Competition Executive Committee Office, Mail: official @kagu- higashikawa.jp သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ဘားအံမြို့၌ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

**ဘားအံ ဒီဇင်ဘာ ၂၂**
ကရင် တိုင်းရင်းသားလူမျိုးများ၏ နေ့ထူးနေ့မြတ် တစ်နေ့ဖြစ်သော ကရင်သက္ကရာဇ် (၂၇၆၂) ခုနှစ် ပြာသိုလဆန်း (၁) ရက်နေ့တွင် ကျရောက်သည့် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ အခမ်းအနားနှင့် ကရင်ရိုးရာ ကောက်သစ်စားပွဲကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက ဘားအံမြို့ သီရိကွင်း၌ စည်ကား သိုက်မြိုက်စွာ ကျင်းပသည်။

ကရင်အမျိုးသားနှစ်သစ်ကူး နေ့အခမ်းအနားကို ကျွဲချိုမှုတ်၍ ဖားစည်တီးကာ အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး သဘာပတိ ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်နှင့် သဘာပတိ အဖွဲ့ဝင်များက စင်မြင့်ထက်တွင် နေရာယူကြကာ အခမ်းအနား သို့ တက်ရောက်လာကြသော ကရင်အမျိုးသား အပေါင်းနှင့် တိုင်းရင်းသားပြည်သူ ညီ့သည် တော်အပေါင်းတို့က ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည် ခေါင်းဆောင်ကြီး များအား အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ် မှူးကြီး မင်းအောင်လှိုင် ထံမှ ပေးပို့သည့် သဝဏ်လွှာကို သဘာပတိ ပြည်နယ်စီးပွားရေးရာ ဝန်ကြီး ဦးစောခင်မောင်မြင့်က ဖတ်ကြားပြီး တိုင်းရင်းသားလူမျိုး များရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်း အောင်မြင့်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ် လူမှု ရေးရာဝန်ကြီး ဦးစိုးလွင်က ဖတ်ကြားကာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နှစ်သစ်ကူး ဆုမွန်တောင်းစကား ပြောကြားသည်။

ယင်းနောက် ကရင်အမျိုးသား နေ့ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်း ကို ကရင်စာပေနှင့် ယဉ်ကျေးမှု အသင်းမှ လူငယ်မောင်မယ်များက မြန်မာဘာသာ၊ ပိုးကရင်ဘာသာ၊ စကောကရင် ဘာသာတို့ဖြင့် ဖတ်ကြားကြပြီး တွဲဖက်အခမ်း အနားမှူးက ကရင်ပြည်နယ်ရှိ ဂုဏ်ပြုခံအထင်ကရ သက်ကြီး






ကရင် အဘိုး အဘွားများ၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြား တင်ပြကာ ကရင်ပြည်နယ်ဝန်ကြီး ချုပ် ဦးစောမြင့်ဦးနှင့်ဇနီး၊ အရှေ့ တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် ဇနီး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဂုဏ်ပြုခံ အထင်ကရသက်ကြီး ကရင် အဘိုး အဘွားများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ် ချီးမြှင့်ကြသည်။

ဆက်လက်၍ ဖီးဗူးယော် (ရိုးရာကောက်သစ် စားပွဲတော်) ကို ဆက်လက်ကျင်းပရာ ကရင် ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရား သူကြီးချုပ်၊ ကရင်ပြည်နယ်ဝန်ကြီး ချုပ် (အငြိမ်းစား) ဦးဇော်မင်း၊ ပြည်နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ (အငြိမ်းစား)ဦးစောအောင်ပွင့်နှင့် ပြည်နယ် အစိုးရအဖွဲ့ဝင်များက ဖီးဗူးယော်ကောက်သစ်စားပွဲအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကာ ငြိမ်းချမ်းရေး ချိုးငှက်များဘေးမဲ့ လွှတ်ပေးခဲ့ကြသည်။

ထို့နောက် ဖီးဗူးယော်ကောက် သစ်စားပွဲတော်ကို ဆက်လက် ကျင်းပရာ(**ဝဲပုံ**) ပြည်နယ်ဝန်ကြီး ချုပ်နှင့်ဇနီး၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရား သူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ ဝင်များ၊ ညီ့သည်တော်များနှင့် ကရင် အမျိုးသားအပေါင်းတို့ က တည်ခင်းညီ့ခံထားသော စားသောက်ဖွယ်ရာများကို အတူ တကွ သုံးဆောင်၍ ကောက်သစ် စားပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကရင် အမျိုးသား နှစ်သစ်ကူးနေ့ အထိမ်းအမှတ် ခင်းကျင်းပြသ ထားသော ကရင်တိုင်းရင်းသား လူမျိုးများ၏ရိုးရာဓလေ့ယဉ်ကျေး မှုပြခန်း၊ ဗမာ၊ မွန်၊ ရှမ်းတိုင်းရင်း သားလူမျိုးများ၏ ယဉ်ကျေးမှု ပြခန်း၊ ဌာနဆိုင်ရာပြခန်းများ နှင့် MSMEs အသေးစား၊ အငယ်စား၊ အလတ်စား စက်မှု လက်မှု ထုတ်ကုန်ပြခန်းများအား လှည့်လည်ကြည့်ရှု အားပေးခဲ့ ကြသည်။ (**အပေါ်ပုံ**)

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## လှူဦးရေစာရင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ(တိုင်းဒေသကြီးအဆင့်) နည်းပြသင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၂**
လူဦးရေစာရင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီ (ရန်ကုန်တိုင်းဒေသ ကြီး) နည်းပြသင်တန်းဖွင့်ပွဲအား ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ် အုပ်ချုပ်ရေး ပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်း တွင် ကျင်းပသည်။ (**ယာပုံ**)

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး (working Group) မြေပြင် ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း က အမှာစကားပြောကြားရာ လူပုဂ္ဂိုလ် တစ်ဦးချင်းစီ၏ ကိုယ်ရေး အချက်အလက်များ မှန်ကန်စေရေးအတွက် မြေပြင်




ကွင်းဆင်း စာရင်းကောက်ယူ ခြင်း လုပ်ငန်းစဉ်သည် အဓိကကျ သည့် လုပ်ငန်းစဉ်ဖြစ်၍ မြေပြင်တွင် မှန်မှန်ကန်ကန် စနစ်တကျ ကောက်ယူနိုင်ရေးနှင့် မိမိတို့ မြို့နယ်များတွင် ဆင့်ပွား သင်တန်းများ ပြန်လည်ပို့ချရမည် ဖြစ်၍ ယခုလို တိုင်းဒေသကြီး အဆင့် နည်းပြသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ သင်တန်းတက်ရောက်လာသူများ သည် သင်ခန်းစာများကို စိတ်ပါ ဝင်စားစွာဖြင့် သင်ကြားမှုခံယူပြီး နိုင်ငံတော်အတွက် အရေးကြီး သော လုပ်ငန်းစဉ်ကြီး ပြီးမြောက် အောင်မြင်စေရန် ပံ့ပိုးကူညီ ဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားသည်။

မြေပြင် ကွင်းဆင်းစာရင်း ကောက်ယူရာတွင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ရွေးကောက် ပွဲကော်မရှင်၊ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန၊ စေတနာ့ဝန်ထမ်း အဖွဲ့ အစည်းများ၊ လူမှုရေးအသင်း အဖွဲ့များစုဖွဲ့၍ မြေပြင်တစ်အိမ် တက်ဆင်း စာရင်းကောက်ယူခြင်း ကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ လည်းကောင်း၊ e-ID Software တွင် ထည့်သွင်း ခြင်းကို စတင်စာရင်းကောက်ယူ သည့် ဇန်နဝါရီ ၉ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက်အထိ လည်းကောင်း ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရ သည်။

သင်တန်းသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကော်မတီဝင်များ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများ၊ တိုင်း ဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများ၊ မြေပြင် ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ (ခရိုင် အဆင့်)ဥက္ကဋ္ဌနှင့် ကော်မတီဝင် များ၊ ခရိုင်၊ မြို့နယ်အသီးသီးမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## ဆွမ်ပရာဘွမ်မြို့ရှိ ဘော်ဒါဆောင်များသို့ ဆန်အိတ်များ လှူဒါန်း

**ဆွမ်ပရာဘွမ် ဒီဇင်ဘာ ၂၂**
ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့၌ ဘော်ဒါဆောင်နေ ကျောင်းသား ကျောင်းသူများအတွက် ဆန်အိတ်များကို ဒီဇင်ဘာ ၂၁ ရက်က အဆိုပါ (ဘော်ဒါ)ဆောင်များ၌ လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါဆန်အိတ်များ လှူဒါန်းခြင်းကို ဆွမ်ပရာဘွမ်မြို့နယ် မိခင် နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးကျော့နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ပူးပေါင်း၍ (ဘော်ဒါ)ဆောင်မှ ကျောင်းသား ကျောင်းသူများကို စားဝတ်နေရေး အတွက် တစ်ဖက်တစ်လမ်းမှ ကူညီနိုင်ရန် ရည်ရွယ်လျက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဆွမ်ပရာဘွမ်စာစစ်ဌာနတွင် ကက်သလစ်အသင်းတော် ဘော်ဒါဆောင်မှ မူလတန်း၊ အလယ်တန်း၊ တက္ကသိုလ်ဝင်တန်းဖြေဆို မည့် ကျောင်းသား ကျောင်းသူများအတွက် ဆန်အိတ်ငါးအိတ်ကို လည်းကောင်း၊ နှစ်ခြင်းအသင်းတော်မှ ကျောင်းသား ကျောင်းသူများ အတွက် ဆန်အိတ်နှစ်အိတ်ကို လည်းကောင်း လှူဒါန်းခဲ့ရာ ဘော်ဒါ ဆောင် တာဝန်ခံများက လက်ခံယူခဲ့ကြောင်း သိရသည်။

**April moe(ဆွမ်ပရာဘွမ်)**



# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်(အမျိုးသား) ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ် (အမျိုးသား) ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

ဖူဆယ် (အမျိုးသား) ပြိုင်ပွဲ ပွဲစဉ်များအဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အသင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးအသင်းကို ၁၁ ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန အသင်းကို ၁၄ ဂိုး-ဂိုး(မရှိ)ဖြင့် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စု အစိုးရအဖွဲ့ရုံး အသင်းကို ၁၆ ဂိုး - ဂိုး(မရှိ)ဖြင့် လည်းကောင်း၊ စွမ်းအင်ဝန်ကြီး ဌာနအသင်းက ပြန်ကြားရေး ဝန်ကြီးဌာနအသင်းကို ၁၀ ဂိုး - နှစ်ဂိုးဖြင့် လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းက နိုင်ငံခြားရေးဝန်ကြီး ဌာနအသင်းကို ကိုးဂိုး - သုံးဂိုးဖြင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင် အနိုင်ရရှိသည်။

အဆိုပါ ဖူဆယ်(အမျိုးသား) ပြိုင်ပွဲများသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမျိုးလှိုင်နှင့်တာဝန်ရှိသူ များ၊ ဌာနဆိုင်ရာများမှ တာဝန် ရှိသူများ၊ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်မှ တာဝန်ရှိသူများ နှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှု အားပေး သည်။

ဒီဇင်ဘာ ၂၃ ရက် နံနက် ၈ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဖူဆယ် အားကစားရုံ၌ ဖူဆယ်(အမျိုးသား) ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အားကစား နှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းနှင့် လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနအသင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန အသင်းနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အသင်း၊ ကာကွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် နယ်စပ် ရေးရာဝန်ကြီးဌာန အသင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန အသင်းနှင့် အစိုးရအဖွဲ့ရုံးဝန်ကြီး ဌာနအသင်း၊ စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းနှင့် ဟိုတယ်နှင့် ခရီးသွား လာရေးဝန်ကြီးဌာန အသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွား ကြမည်ဖြစ်၍ အားကစားဝါသနာ ရှင်များအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင် ကြောင်း သိရသည်။

**အားကာမောင်**




# (၃၂) ကြိမ်မြောက် ဆီးဂိမ်းတွင် ခြင်းလုံးနှင့် ပိုက်ကျော်ခြင်းပါဝင်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

မြန်မာ့ရိုးရာ ခြင်းလုံးအားကစားနည်းနှင့် ပိုက်ကျော်ခြင်းအားကစားနည်းကို နေရာတိုင်း ကျယ်ပြန့်၊ တိုးတက်ရေးအတွက် ဆောင်ရွက်နေကြောင်း ယနေ့ နံနက် ၉ နာရီခွဲက သန်လျင်မြို့နယ် Star City အိမ်ရာ Sports Club တွင် နှစ် (၃၀) ပြည့် မင်္ဂလာမဂ္ဂဇင်း ခြင်းလုံး ချစ်ကြည်ရေးပြိုင်ပွဲ (ခြင်းလုံး Flash Mob) လှုပ်ရှားမှု ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ခြင်းလုံး အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲအောင်က ပြောသည်။

"ဒီအားကစားနည်းနှစ်ခုလုံးကို နေရာတိုင်း ကျယ်ပြန့်သွားအောင် ဆောင်ရွက်နေတဲ့ အတွက် မြင်ရောင်နေပါတယ်။ မြန်မာ့ရိုးရာ ခြင်းလုံးနဲ့ ပိုက်ကျော်ခြင်းဆိုရင်လည်း (၃၂)ကြိမ်မြောက် ဆီးဂိမ်းမှာ ပါဝင်နေတဲ့အတွက် ဒီအားကစားနည်းနှစ်ခုကို မြှင့်တင်ပေးသလို ဖြစ်နေပါတယ်" ဟု ဒုတိယဥက္ကဋ္ဌက ဆက်လက် ပြောသည်။

အဆိုပါ လှုပ်ရှားမှုအား ယူနန်ပြည်နယ် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံတကာ ပြန်ကြားရေးစင်တာမှ ဦးစီးကျင်းပပြီး တယ်ဟုန်ပြည်နယ်ခွဲ ပါတီကော်မတီ ပြန်ကြားရေးဌာနနှင့် Myanmar Grand Mekong-Andaman Group ကုမ္ပဏီတို့ ပူးတွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် ပြိုင်ပွဲဝင် ပိုက်ကျော်ခြင်းအဖွဲ့နှစ်ပွဲမှ ချစ်ကြည်ရေးအဖြစ် ကစားကြပြီး ယင်း နှစ်(၃၀) ပြည့် မင်္ဂလာ မဂ္ဂဇင်း ခြင်းလုံးချစ်ကြည်ရေးပြိုင်ပွဲအား ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်တိုင်၊ ဂျိန်းဖော တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ခွဲ စသည့် ဒေသများတွင် ဆက်လက်ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

❒ *ကျော့ဖုံးမှ*

မြောက်ဘက် ရေမိုင် ၂၁၀ ခန့်၊ အိန္ဒိယ နိုင်ငံ၊ နာဂါပတ္တနမ်မြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၂၈၅ မိုင်ခန့်နှင့် ချင်းနိုင်မြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၃၂၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေ မှာ မြန်မာနိုင်ငံဘက်သို့ ဦးတည် ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျု ၉.၇ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၄.၆ ဒီဂရီတွင်ရှိပြီး၊ ဗဟိုချက် လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅မိုင်နှုန်းခန့် ဖြစ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် နောက် ၂၄ နာရီအတွင်း မြောက်-အနောက် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ထိုမှတစ်ဆင့် အနောက်-အနောက်တောင်ဘက်သို့ ပြန်ကွေ့ကာ ၂၅.၁၂.၂၀၂၂ ရက်နေ့တွင် သီရိလင်္ကာနိုင်ငံကမ်းရိုးတန်းကိုဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ နောက် ၇၂ နာရီအတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# MFF Internal Academy Football Tournament 2022 ပြိုင်ပွဲ ယနေ့ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

MFF Internal Academy Football Tournament 2022 ပြိုင်ပွဲကို ဒီဇင်ဘာ ၂၃ ရက် **(ယနေ့)** မှစတင်ကာ မန္တလေးမြို့ရှိ မြန်မာဘောလုံး အကယ်ဒမီ (မန္တလေး) လေ့ကျင့်ရေးကွင်းများ၌ ကျင်းပသွားမည် ဖြစ်သည်။

MFF Internal Academy Football Tournament 2022 ပြိုင်ပွဲကို ယူ-၁၄/ယူ-၁၅ ပြိုင်ပွဲ ယူ-၁၂/ယူ-၁၃ ပြိုင်ပွဲ နှစ်ခုခွဲကာ ကျင်းပမည်ဖြစ်သည်။ ယူ-၁၄/ယူ-၁၅ ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ခြောက်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က)တွင် ရန်ကုန်အကယ်ဒမီ (က) အသင်း၊ ရန်ကုန်အကယ်ဒမီ (ခ) အသင်း၊ ပုသိမ်အကယ်ဒမီ (က) အသင်း၊ အုပ်စု (ခ)တွင် ပုသိမ်အကယ်ဒမီ (ခ) အသင်း၊ မန္တလေးအကယ်ဒမီ (က) အသင်းနှင့် မန္တလေးအကယ်ဒမီ (ခ) အသင်းတို့ ပါဝင်နေသည်။ ယူ-၁၂/ယူ-၁၃ ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ငါးသင်း ပါဝင်မည်ဖြစ်ပြီး အုပ်စု (က)တွင် ရန်ကုန်အကယ်ဒမီအသင်း၊ မန္တလေး အကယ်ဒမီအသင်း၊ ပုသိမ်အကယ်ဒမီအသင်း၊ အုပ်စု (ခ) တွင် တပ်မတော်အကယ်ဒမီ (က) အသင်းနှင့် တပ်မတော်အကယ်ဒမီ (ခ) အသင်းတို့ ပါဝင်နေသည်။ MFF Internal Academy Football Tournament 2022 ပြိုင်ပွဲများကို ဒီဇင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တစ်ရက်လျှင် လေးပွဲနှုန်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။ **ရဲရင့်လွင်**

❍ *ကျော့ဖုံးမှ*

အသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ- တစ်ပွဲဖြင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိသည်။

အဆိုပါ ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့အားကစားရုံ၌ ပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲ ပွဲစဉ်များ အဖြစ် အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီး ဌာနအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ ပညာရေးဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး ဌာနအသင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အသင်းနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီး ဌာနအသင်းနှင့် စာရင်းစစ်ချုပ်ရုံးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစား သွားကြမည်ဖြစ်၍ အားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

❖ *ကျော့ဖုံးမှ*

ဗီယက်နမ်အသင်းက လာအိုအသင်းကို အဝေးကွင်း၌ ခြောက်ဂိုးပြတ်၊ မလေးရှားအသင်းက မြန်မာအသင်းကို အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အုပ်စုပထမပွဲတွင် အရေးနိမ့်ထားသဖြင့် ယခုပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် လိုအပ်နေပြီး စင်ကာပူအသင်းမှာမူ ပထမဆုံးပွဲ ကစားရခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် ကစားသမား ၂၃ ဦးအပါအဝင် အုပ်ချုပ်/နည်းပြ အဖွဲ့ဝင် စုစုပေါင်းအင်အား ၃၀ ကျော် လိုက်ပါသွားပြီး စင်ကာပူအသင်းနှင့် ပွဲမတိုင်မီ နှစ်ရက်ကြိုတင်သွားရောက်ခြင်း ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**



# မဘိမ်းမြို့နယ်၌ NUG ၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ကျောင်းပို့/ ကျောင်းကြို မော်တော်ယာဉ် တစ်စီးအား ရီမုမိုင်းဖြင့် မိုင်းခွဲတိုက်ခိုက်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများနေထိုင်ရာ မြို့၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ လမ်းမကြီးများပေါ်၌ မောင်းနှင်သွားလာနေသည့် မော်တော်ယာဉ်များအား မိုင်းဆွဲတိုက်ခိုက်ခြင်း၊ လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့် အပြင် အေးချမ်းစွာပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ ဆရာမများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၁ နာရီ ၅၅ မိနစ်ခန့်တွင် ကချင်ပြည်နယ် မဘိမ်းမြို့နယ် ငါးအိုးကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း (ငါးအိုး) တွင် တက်ရောက် ပညာသင်ကြားနေသည့် ၁၀ တန်းစာမေးပွဲဖြေဆိုပြီးသော ကျောင်းသား၊ ကျောင်းသူများကို ကြိုရန် ထွက်ခွာလာသည့် မော်တော်ယာဉ်တစ်စီးအား NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ရီမုမိုင်းဖြင့် မိုင်းဆွဲတိုက်ခိုက်ခဲ့သည်။ အဆိုပါဖြစ်စဉ်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးစဉ် ငါးအိုးမြို့မဈေးအနီးသို့အရောက်၌ NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမား များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာ၏အနောက်တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲခြင်း၊ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဖြစ်စဉ်နေရာအနီးရှိ အမျိုးသား တစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် သေဆုံးသူ၏ ရုပ်အလောင်းအား ၎င်း၏ မိသားစုထံသို့ ပို့ဆောင်ပေးပြီး ဒဏ်ရာရရှိသူများကို နယ်မြေခံတပ်ရင်း ဆေးပေးခန်းသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်တွင် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခဲ့သည့် NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




PDF အမည်ခံအကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲ၊ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် နေရာပြပုံ။

# ရေစကြိုမြို့နယ် ကြန့်ဆိပ်ကျေးရွာအနီး၌ PDF အမည်ခံအကြမ်းဖက်သမားများအား လက်နက်/ခဲယမ်းများ၊ လက်လုပ်မိုင်းများနှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးတို့ကို ပျက်ပြားစေရန်ရည်ရွယ်၍ NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား ချောင်းမြောင်း တိုက်ခိုက်ခြင်း၊ ရဟန်းသံဃာများ၊ အစိုးရဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ အများပြည်သူအသုံးပြု သွားလာလျက်ရှိသည့် လမ်းတံတားများနှင့် ယာဉ်များ၊ အဆောက်အဦများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များအား လိုင်စင်မဲ့ယာဉ်များ အသုံးပြု၍ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များသည် အကြမ်းဖက်မှုကိုမလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ ကြန့်ဆိပ်ကျေးရွာ၏ မြောက်ဘက် မီတာ ၃၀၀ ခန့်အကွာ၌ စောင့်ဆိုင်းနေစဉ်ယနေ့နံနက်၁၁ နာရီမိနစ်၅၀ ခန့်တွင်တောင်ကြားကျေးရွာဘက်မှ ကြန့်ဆိပ် ကျေးရွာဘက်သို့ မောင်းနှင်လာသည့် Misubishi အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်ပေါ်၌ လက်နက်များ ကိုင်ဆောင်ထားသည့် PDF အမည်ခံအကြမ်းဖက်သမားများအားတွေ့ရှိရသဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ အကြမ်းဖက်သမားအမျိုးသား သုံးဦးအား ၁၂ ဗို့သေနတ်တစ်လက်၊ ၎င်းကျည် ၁၄ တောင့်၊ လက်လုပ်သေနတ် တစ်လက်၊ လက်လုပ်မိုင်း လေးလုံး၊ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီးတို့နှင့်အတူ အသေပစ်ခတ် ဖမ်းဆီးရမိခဲ့သည်။

အကြမ်းဖက် လုပ်ရပ်များကိုကျူးလွန်လျက်ရှိသည့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဒေသခံပြည်သူများက ရွံရှာမုန်းတီးလျက်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများ ရရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ရန်နှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းထားကြောင်း သိရသည်။

**သတင်းစဉ်**





ရေစကြိုမြို့နယ် ကြန့်ဆိပ်ကျေးရွာအနီး၌ PDF အမည်ခံအကြမ်းဖက်သမားများအား ပစ်ခတ်ဖမ်းဆီးရမိခဲ့သည့် ရုပ်အလောင်းနှင့် လက်လုပ်မိုင်းများပုံ။



ရေစကြိုမြို့နယ် ကြန့်ဆိပ်ကျေးရွာအနီး၌ PDF အမည်ခံအကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့်လက်နက်ခဲယမ်းများ။

## နမ့်ဆန်မြို့၌ ပေါက်ကွဲစေတတ်သော စစ်လက်နက်ကြွင်းကျန်ပစ္စည်းများ ထိခိုက်မှုလျော့ပါးရေးဟောပြော

**နမ့်ဆန် ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ ဇယန်းကြီးရွာမှ ဘုန်းတော်ကြီးကျောင်း၌ နေရပ်စွန့်ခွာ ရောက်ရှိနေကြသော ဟူးမန်းကျေးရွာအုပ်စု ကုန်းသာကျေးရွာမှ ပြည်သူများအား မြန်မာနိုင်ငံကြက်ခြေနီအသင်း မြို့နယ်ကြက်ခြေနီအသင်းခွဲ သူနာပြုတပ်ဖွဲ့ဝင် စေတနာလုပ်အားရှင်များက ပေါက်ကွဲစေတတ်သော စစ်လက်နက်ကြွင်းကျန်ပစ္စည်းများ အန္တရာယ်နှင့် ထိခိုက်မှုလျော့ပါးရေး ဟောပြောပွဲကို ဇယန်းကြီးကျေးရွာ ဇယန်းကြီးဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ဦးခင်မောင်က နေရပ်စွန့်ခွာ ပြည်သူလူထုအား စိတ်ပိုင်းဆိုင်ရာ အားပေးခြင်း၊ နှစ်သိမ့်ခြင်းများပြောကြားပြီး စစ်လက်နက်ကြွင်းကျန်ပစ္စည်းများ အန္တရာယ်နှင့် ထိခိုက်မှုလျော့ပါးရေး ဟောပြောပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းကာ ဒုတပ်ဖွဲ့မှူး ဦးသိန်းကျော်က မိမိနေရပ်သို့ ပြန်ရောက်လျှင် လက်ဖက်ခြံများတွင်လည်းကောင်း၊ သွားလာနေသည့် လမ်းများတွင်လည်းကောင်း၊ မည်သည့်နေရာတွင်မဆို ပေါက်ကွဲပြီးသော/ မပေါက်ကွဲသေးသော စစ်လက်နက်ကြွင်းကျန်ပစ္စည်းများ တွေ့ရှိလျှင် ချက်ချင်းသက်ဆိုင်ရာ ကျေးရွာတာဝန်ရှိသူထံ အကြောင်းကြားရမည်ဖြစ်ကြောင်း ဟောပြောခဲ့ပြီး အဆိုပါဟောပြောပွဲတွင် နေရပ်စွန့်ခွာသူ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၂၇ ဦးနှင့် ကလေးသူငယ် ကျား၊ မ ပေါင်း ၂၃ ဦး တက်ရောက်ကြောင်း သိရသည်။

**နမ့်ဆန်(ပြန်/ဆက်)**

### လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အခန်းတွင်း ဝင်ရောက်သည်နှင့် အအေးဓာတ်ရှိနေစေရန် လေအေးပေးစက်များကို နာရီပေါင်းများစွာ ဖွင့်ထားခြင်းက မီတာခများစွာ ကျစေပါမည်။
- လိုအပ်ချိန်မှ ဖွင့်သင့်ပါသည်။

# ဘရာဇီး ဂန္ထဝင်ဘောလုံးသမားကြီးပီလီ ခရစ္စမတ်ကာလကို ဆေးရုံပေါ်တွင်သာ ဖြတ်သန်းရမည်ဟုဆို


ဘရာဇီးဂန္ထဝင် ဘောလုံးသမားကြီး ပီလီ

**ရီယိုဒီဂျနေးယိုး ဒီဇင်ဘာ ၂၂** ဘရာဇီးဂန္ထဝင် ဘောလုံးသမားကြီး ပီလီသည် ကင်ဆာရောဂါ ကုသမှု ခံယူနေသည့်အတွက် ဆေးရုံပေါ်တွင်သာ ၎င်း၏ ခရစ္စမတ်ကာလကို ကုန်ဆုံးရမည်ဟု ဆရာဝန်များနှင့် ၎င်း၏ မိသားစုက အတည်ပြုခဲ့သည်။

အသက် ၈၂ နှစ်ရှိပြီဖြစ်သော ပီလီမှာ ဆောပိုလိုမြို့ရှိ အဲဘတ် အိုင်းစတိုင်း ဆေးရုံတွင် လွန်ခဲ့သည့်လမှစတင်ကာ ဆေးရုံတက်ရောက် ကုသမှုခံယူနေသည်။ အသက်ရှူ လမ်းကြောင်းဆိုင်ရာ ရောဂါနှင့် ဓာတုကုထုံးကို ပြန်လည် အကဲဖြတ်ခြင်းအတွက် ဆေးရုံတက်ရောက်ကာ ကုသမှု ခံယူနေခြင်းဖြစ်သည်။

ပီလီ၏ ကင်ဆာရောဂါမှာ တိုးတက်မှုရှိပြီး ကျောက်ကပ်နှင့် နှလုံးဆိုင်ရာတို့တွင် ချို့ယွင်းမှု အတွက် ပို၍ဂရုစိုက်ရန် လိုအပ်ကြောင်း အဲဘတ်အိုင်းစတိုင်း ဆေးရုံမှ ပြောသည်။

ပီလီသည် ကမ္ဘာ့ဖလားကို သုံးကြိမ်တိုင်တိုင် ကိုင်မြှောက်ခွင့် ရရှိခဲ့သော တစ်ဦးတည်းသော ကစားသမားလည်း ဖြစ်သည်။ ၁၉၅၈ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၆၂ ခုနှစ်တွင် တစ်ကြိမ်နှင့် ၁၉၇၀ ပြည့်နှစ်တွင်တစ်ကြိမ် ကမ္ဘာ့ဖလား ရယူနိုင်ခဲ့သည့် ကစားသမားလည်းဖြစ်သည်။ မကြာသေးမီ နှစ်များအတွင်း ၎င်းမှာ ကျန်းမာရေး ပြဿနာများနှင့် ကြုံတွေ့လာရသည်။ ကျောရိုး၊ တင်ပဆုံ၊ ကျောက်ကပ်ရောဂါများခံစားနေရသည်။ ပြီးခဲ့သည့် နှစ်ကလည်း အူမကြီးရှိ အကျိတ်ကိုဖယ်ရှားရန် ခွဲစိတ်မှုပြုလုပ်ခဲ့ရသည်။

ပီလီသည် မကြာသေးမီ သီတင်းပတ်များအတွင်း လူမှုကွန်ရက်မီဒီယာပေါ်တွင် ၎င်း၏ ကျန်းမာရေး အခြေအနေနှင့် ပတ်သက်သည့် အကြောင်းအရာများကို ပရိသတ်များသိအောင် ဖော်ပြလေ့ရှိသည်။

**ဆင်ဟွာ**

## ကမ္ဘောဒီးယားနိုင်ငံ၌ အထက်တန်းကျောင်းစာမေးပွဲအောင်မြင်သူ ၇၂ ရာခိုင်နှုန်း ကျော်ရှိ

**ဖနောင်ပင် ဒီဇင်ဘာ ၂၂** ကမ္ဘောဒီးယားနိုင်ငံ၌ စာမေးပွဲ ဖြေဆိုသူ ၁၂၅၇၃၅ ဦးအနက် ၉၀၉၅၀ (၇၂ ဒသမ ၃၃ ရာခိုင်နှုန်း ) သည် နှစ်စဉ်အထက်တန်း ကျောင်းစာမေးပွဲကို အောင်မြင်ကြောင်း ပညာရေး၊ လူငယ်နှင့် အားကစားဝန်ကြီး ဌာနက ဒီဇင်ဘာ ၂၂ ရက်တွင် ကြေညာသည်။

လျှောက်ထားသူ ၁၀၄၉ ဦးမှာ A အဆင့်အောင်မြင်ပြီး ၇၂၃၂ ဦးမှာ B အဆင့်အောင်မြင်သူများ ဖြစ်ကာ အခြားသူများမှာ C အဆင့်၊ D အဆင့်နှင့် E အဆင့် အောင်မြင်သူများ ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ရော့စ်ဆိုဗီယာချာက ထုန်ပြန်ချက်တွင် ဖော်ပြထားသည်။


ဖနောင်ပင်မြို့ရှိ အထက်တန်းကျောင်း၌ စာသင်နေသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

Grade 12 ကျောင်းသားကျောင်းသူများသည် မြေကြီးနှင့် ပတ်ဝန်းကျင်၊ ပထဝီဝင်၊ သမိုင်း၊ ဇီဝဗေဒ၊ နိုင်ငံခြားဘာသာစကား၊ ခမာစာပေ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒနှင့် စာရိတ္တ–ပြည်သူ့နီတိ ဘာသာရပ်များကို ဒီဇင်ဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် စာမေးပွဲဖြေဆိုကြကြောင်း သိရသည်။

၂၀၂၂ ခုနှစ် စာမေးပွဲ အောင်မြင်မှုနှုန်းမှာ ၂၀၂၁ ခုနှစ် စာမေးပွဲအောင်မြင်မှုနှုန်း ၆၅ ဒသမ ၆၅ ရာခိုင်နှုန်းထက် ပိုမိုမြင့်မားလာကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

## နစ်ဆန်း နှင့် မစ်ဆူဘစ်ရှီတို့မှ လျှပ်စစ်ကားများ ဈေးနှုန်းတက်

**တိုကျို ဒီဇင်ဘာ ၂၂** ဂျပန်ကားထုတ်လုပ်ရေး ကုမ္ပဏီကြီးနှစ်ခုဖြစ်သည့် နစ်ဆန်းနှင့် မစ်ဆူဘစ်ရှီ ကုမ္ပဏီတို့သည် ကုန်ကြမ်းပစ္စည်းများ ဈေးနှုန်းကြီးမြင့်မှုနှင့်ရင်ဆိုင်နေရသည့်အတွက် လျှပ်စစ်ကားဈေးနှုန်းကို တိုးမြှင့်လိုက်ကြောင်း သိရသည်။

ဈေးနှုန်းတိုးမြှင့်မှုတွင် ၎င်းတို့ပူးတွဲထုတ်လုပ်ခဲ့သော ယခုနှစ်အစောပိုင်းက ထွက်ရှိထားသည့် လျှပ်စစ်ကားငယ် အမျိုးအစားပါ ပါဝင်သည်။ ဒီဇင်ဘာ ၂၂ ရက်တွင် နစ်ဆန်းကုမ္ပဏီသည် ဆာကူရာ လျှပ်စစ်ကားအသေးစား၏ ဈေးနှုန်းကို သုံးရာခိုင်နှုန်းမှ ခြောက်ရာခိုင်နှုန်းအထိ တိုးမြှင့်လိုက်သည်။ မစ်ဆူဘစ်ရှီကုမ္ပဏီသည်လည်း ၎င်းတို့ကုမ္ပဏီထုတ် လျှပ်စစ်ကားကို ဖေဖော်ဝါရီလအတွင်း ဈေးနှုန်းတိုးမြှင့်သွားမည်ဖြစ်သည်။ ဘက်ထရီများ၏ ကုန်ကျစရိတ်မှာ လျှပ်စစ်ကားထုတ်လုပ်မှု၏သုံးပုံတစ်ပုံရှိသည်။ လစ်သီယမ်နှင့် ကိုဘော့ ဈေးနှုန်းများကြီးမြင့်လာခြင်းသည်လည်း လျှပ်စစ်ကားများ ဈေးမြင့်လာမှု၏နောက်ကွယ်မှ အချက်များဖြစ်သည်။ ကားထုတ်လုပ်ရေး ကုမ္ပဏီများသည် ဈေးနှုန်းများကိုလျှော့ချရန် ကြိုးပမ်းနေကြသည်။ သို့သော်လည်း လက်ရှိအချိန်အတွင်း ထုတ်လုပ်မှုကုန်ကျစရိတ်ကြီးမြင့်နေသည့်အတွက် အခြားရွေးချယ်စရာမရှိဘဲ ဈေးနှုန်းတိုးမြှင့်လိုက်ရခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## စင်ကာပူနိုင်ငံ၌ ကိုဗစ်–၁၉ ကူးစက်ခံရသူ ၁၂၀၀ ထပ်မံတွေ့ရှိ

**စင်ကာပူ ဒီဇင်ဘာ ၂၂**

စင်ကာပူနိုင်ငံ၌ ဒီဇင်ဘာ ၂၂ ရက်တွင် ကိုဗစ်–၁၉ ထပ်မံကူးစက်ခံရသူ ၁၂၀၀ ရှိသဖြင့် အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၂၁၉၃၈၉၀ ရှိလာပြီဖြစ်သည်။

လက်ရှိတွင် ဆေးရုံ၌ ကုသမှုခံယူနေရသူ စုစုပေါင်း ၁၁၁ ဦးရှိပြီး ငါးဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် စာရင်းအချက်အလက်များအရ သိရသည်။

စင်ကာပူနိုင်ငံ၌ ဒီဇင်ဘာ ၂၂ ရက်တွင် ကိုဗစ်–၁၉ ကြောင့် ထပ်မံသေဆုံးသူမရှိဘဲ နိုင်ငံအတွင်း အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၇၁၀ ရှိပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



## ထိုင်းနိုင်ငံတောင်ပိုင်း၌ နေရာအနှံ့ရေကြီးမှုနှင့်ကြုံတွေ့ ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်

**ဘန်ကောက် ဒီဇင်ဘာ ၂၂** ထိုင်းနိုင်ငံတောင်ပိုင်း၌ နေရာအနှံ့ ရေကြီးမှုများ ဆက်လက်ဖြစ်ပေါ်ပြီး မိသားစုဝင် နှစ်သိန်းထက်မနည်း ထိခိုက်ခဲ့ရကြောင်း အာဏာပိုင်များက ဒီဇင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

ထိုင်းတောင်ပိုင်း ပြည်နယ်၌ ခြောက်ခုရှိ ခရိုင် ၅၇ ခုတွင် အိမ်ထောင်စု ၂၁၀၅၅၂ စုမှာ ထိခိုက် ခံစားခဲ့ရကြောင်း ဘေးအန္တရာယ် ကာကွယ်ရေးနှင့် လျော့ပါးရေး ဦးစီးဌာန(ဒီဒီပီအမ်)က ထုတ်ပြန်ထားသည်။


ထိုင်းနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးနေမှုကို တွေ့ရစဉ်။

ဒီဇင်ဘာ ၂၁ ရက်တွင် ရေဘေးသင့်သည့် ဒေသများမှ သေဆုံးသူ ခုနစ်ဦးကို ပြန်လည်တွေ့ရှိပြီး နှစ်ဦးမှာ ဒဏ်ရာရရှိကြောင်း အဆိုပါဌာနက ပြောကြားသည်။

### အရှေ့မြောက်မုတ်သုံလေ ကျရောက်

အရှေ့မြောက် မုတ်သုံလေသည် ထိုင်းပင်လယ်ကွေ့အပေါ် ဝင်ရောက်ပြီးနောက် ရေကြီးမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ တောင်ပိုင်း ဒေသများတွင် ဒီဇင်ဘာ ၁၈ ရက်မှ ၂၁ ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းမှုများ ဖြစ်ပေါ်ပြီး ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းနှင့် လေပြင်းများ တိုက်ခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# သစ်တောများ ပြန်လည်ရှင်သန်လာစေသူတစ်ဦးရဲ့ ဘဝကောက်ကြောင်း

နှယ်နီလင်း

သူ့ဘဝတစ်လျှောက်လုံး သစ်တောတွေကို ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ရာမှာ အများကြီး ပါဝင်ကူညီနိုင်ခဲ့တယ်လို့ အသက် ၆၄ နှစ်ရှိပြီဖြစ်တဲ့ ချန်တဲ့လင်းက သူ့အိမ် နောက်ဘက်က တောအုပ်ကြီးကို လက်ညှိုးညွှန်ပြရင်း ဂုဏ်ယူစွာပြောဆိုနေတယ်။

"အရင်က ဘာသစ်ပင်သစ်တောမှ မရှိတဲ့ ကုန်းခေါင်ခေါင် ကျတ်တီးမြေတွေ။ ဒါပေမယ့် အခုတော့ သစ်ပင်တွေနဲ့ ဖုံးလွှမ်းသွားပြီ" လို့ ချန်က ပြောပါတယ်။ သူကတော့ တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွီကျိုးပြည်နယ် ချန်းရှီမြို့နယ်မှာရှိတဲ့ ကျို့ကျားအော်ရွာမှာ နေထိုင်ပြီးတော့ ပြီးခဲ့တဲ့ဆယ်စုနှစ်လေးစုစာ ကာလအတွင်းမှာ သစ်တောမပြုန်းတီးရေးကို တစိုက်မတ်မတ် ဦးဆောင်ထိန်းသိမ်းရင်းနဲ့ သစ်ပင်တွေ စိုက်ပျိုးနေခဲ့တဲ့သူပါ။

၁၉၇၀ နဲ့ ၁၉၈၀ ပြည့်နှစ်တွေလောက်က သစ်ပင်သစ်တောတွေ ထူထပ်ခဲ့ပေမယ့် စိုက်ပျိုးမြေ မရှိတဲ့ ဒေသခံတွေက စိုက်ပျိုးမြေ ချဲ့ထွင်ဖို့အတွက် သစ်ပင်တွေကို ရှင်းလင်းတာတွေ လုပ်ဆောင်ခဲ့ကြပါတယ်။ ဒါပေမယ့်လည်း လယ်တွေက စပါးအထွက်ညံ့တဲ့အတွက်ကြောင့် အိမ်ထောင်စုတစ်စုမှာ တစ်နှစ်လုပ်စာ ကောက်ပဲသီးနှံ ၁၀၀ ကီလိုဂရမ်ကနေ ၁၅၀ ကီလိုဂရမ်လောက်ပဲ ရကြတယ်လို့ ချန်က ဆိုတယ်။ ဒါကြောင့်ပဲ စားနပ်ရိက္ခာရှားပါးလာတဲ့ ရွာသားတွေဟာ ထင်းတွေခုတ် မီးသွေးဖုတ် ရောင်းချကြရင်းနဲ့ ရလာတဲ့ မြေလွတ်နေရာတွေမှာ ပြောင်းဆန်တွေ စိုက်ကြရတယ်လို့ ဆိုပါတယ်။

အဲဒီလိုလုပ်ကြတာကို မကြိုက်တဲ့ ချန်ကတော့ သူ့ရဲ့ဇာတိ ရွာမှာရှိတဲ့ ရွာသားတွေကို သစ်ပင်တွေ မခုတ်ကြဖို့နဲ့ သစ်ပင်တွေပြန်စိုက်ကြဖို့ လုပ်ဆောင်ကြရမှာဖြစ်ပြီး ဒါမှသာ သစ်တောပြုန်းတီးမှုကို ရပ်တန့်နိုင်မှာဆိုပြီး စတင်ဆော်ဩပါတော့တယ်။



ယူနက်စကိုသဘာဝထိန်းသိမ်းရေးအမွေအနှစ်စာရင်းဝင် ဖန်ကျင်းရှန်သဘာဝထိန်းသိမ်းရေး နယ်မြေကို တွေ့ရစဉ်။

### သစ်ပင်တစ်ပင်တစ်တည်းနဲ့ တောအုပ်ဖြစ်မလာနိုင်

သစ်ပင်တစ်ပင်တစ်တည်းနဲ့တော့ တောအုပ်ဖြစ်မလာနိုင်ပေ။ ဒါကြောင့် ချန်က ၁၉၈၂ ခုနှစ်မှာ သစ်တောထိန်းသိမ်းရေးအဖွဲ့ကို ဖွဲ့စည်းဖို့အတွက် ရွာသား ၂၀ ကျော်ကို သူနဲ့အတူ ပူးပေါင်းပါဝင်ဖို့ စည်းရုံးနိုင်ခဲ့ပြီး ပြည်သူလူထုတွေကို တောင်ကြားသို့ ဝင်ရောက်ခွင့်ကို ပိတ်ပင်နိုင်မယ့် အဖွဲ့တစ်ခုကို ဖွဲ့စည်းခဲ့ပါတယ်။ ဒါပေမယ့်လည်း ချန်ရဲ့လုပ်ရပ်တွေ၊ အကြံအစည်တွေဟာ ရွာသူရွာသားအများစုအတွက်တော့ ထူးဆန်းနေပါတယ်။ သူ့ရဲ့ရည်မှန်းချက်တွေ ပုံပေါ်မလာသေးခင်တော့ ဒါဟာဝတ်ကျေတမ်းကျေလို့ပဲ သဘောထားခဲ့ကြပါတယ်။

တစ်ရက်မှာတော့ ချန်ရဲ့ဖခင်ဖြစ်သူဟာ တောင်ပေါ်တက်ပြီး သူ့ရဲ့ဟင်းသီးဟင်းရွက်စိုက်ခင်းအတွက် ခြံစည်းရိုးခတ်ဖို့ ထင်းရှူးပင်တချို့ကို ခုတ်လှဲလိုက်တယ်။ ဒါကိုတွေ့လိုက်ရတဲ့ ချန်ဟာ ဖခင်ဖြစ်သူကို "အဖေက နားမလည်ပေမယ့် လူတိုင်းက စည်းကမ်းကို လိုက်နာဖို့လိုအပ်တယ်၊ မိသားစုပေမယ့် စည်းကမ်းကတော့ စည်းကမ်းပဲ" လို့ ဒေါသတကြီးနဲ့ ပြောလိုက်ပါတော့တယ်။ ဒ့ါအပြင် သူဟာ သူ့အဖေရဲ့လုပ်ရပ်ကို တောင်းပန်တဲ့အနေနဲ့ ရွာသူရွာသားတွေကို ယွမ် ၆၀ ဖိုးအကုန်အကျခံပြီး ထမင်းဖိတ်ကျွေးလိုက်ပါသေးတယ်။ အဲဒီခေတ်က ယွမ် ၆၀ ဟာ အလွန်တန်ဖိုးရှိတယ်လို့ ချန်က ပြောပါတယ်။

### တရားမျှတပြီး ရိုးသားမှုရဲ့ အကျိုးရလဒ်

ဒီလို သစ်တောပြုန်းတီးမှု တားဆီးရေးအတွက် တရားမျှတပြီး ရိုးသားမှုနဲ့ ဦးဆောင်ခဲ့တဲ့ချန်ဟာ ရွာသားတွေရဲ့ အသိအမှတ်ပြုလေးစားမှုကို ရရှိခဲ့တဲ့အပြင် သူ့ရဲ့ ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုတဲ့အနေနဲ့ ချန်ဟာ ပြည်နယ်စံပြ လုပ်သားကောင်းဆုတံဆိပ် ချီးမြှင့်ခံခဲ့ရပါတော့တယ်။

သစ်တော ပြုန်းတီးမှုတွေကို ကာကွယ်ချင်တဲ့ ချန်ရဲ့ ရည်ရွယ်ချက်က ရွာသူရွာသားတွေရဲ့ ပိုက်ဆံအိတ်တွေကိုပါ ဖောင်းလာစေပါတော့တယ်။

ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ သစ်တောအဖွဲ့အမည်နဲ့ ချန်ဟာ ဘဏ်တွေကနေ ငွေချေးပြီး ဒေသမြေပြင်အနေအထား၊ ရာသီဥတုနဲ့ ကိုက်ညီတဲ့ ကောက်ပဲသီးနှံ မျိုးစေ့ ၁၀ မျိုးကျော်အပြင် အပင်ပေါက်တွေကိုပါ အခမဲ့ရခဲ့ပါတော့တယ်။ ဒ့ါအပြင် စိုက်ပျိုးနည်းစနစ်တွေ တိုးတက်ဖို့အတွက်လည်း အနီးနားမှာရှိတဲ့ ဟူနန်ပြည်နယ်နဲ့ ချုံကင်းမြို့အထိသွားပြီး ခရိုင်နဲ့ ဒေသန္တရ သစ်တောဌာနတွေက ကျွမ်းကျင်သူတွေကို သစ်တောအသိပညာတွေ ဖြန့်ဝေပေးဖို့အတွက် ချန်က ဖိတ်ကြားခဲ့ပါတယ်။

### ယူနက်စကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်

လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ အတွင်းမှာ ချန်ဟာ သစ်တောမရှိတဲ့ ကျတ်တီးမြေနေရာတွေကိုရွေးပြီး ခြောက်ကြိမ်တိုင်တိုင် ပြောင်းရွှေ့နေထိုင်ခဲ့ကာ သစ်တောတွေ ပြန်လည်ရှင်သန်စေခဲ့ပါတယ်။ အခုအခါမှာတော့ သစ်တောမရှိဘဲ ကျတ်တီးမြေနေရာတွေမှာ ချန်စိုက်ပျိုးခဲ့တဲ့ တောအုပ်တွေ အများစုပါဝင်နေတဲ့ ဖန်ကျင်းရှန်တောင်ဟာ ယူနက်စကို ကမ္ဘာ့သဘာဝထိန်းသိမ်းရေးအမွေအနှစ် စာရင်းဝင် နေရာတစ်ခုဖြစ်လို့နေပါပြီ။

ဖန်ကျင်းရှန်တောင် သဘာဝအမွေအနှစ်ဥယျာဉ်ဟာ ၂၀၁၈ ခုနှစ်မှာ ယူနက်စကို ကမ္ဘာ့သဘာဝ အမွေနှစ်စာရင်းဝင်ခဲ့ပြီး ရှားပါးအပင်တွေ၊ မျိုးသုဉ်းလုနီးပါးမျိုးစိတ်တွေအပြင် ထူးခြားသောဂေဟစနစ်များစွာကို ထိန်းသိမ်းထားပါတယ်။ ဒီဒေသမှာ အပင်မျိုးစိတ်ပေါင်း ၄၃၉၅ မျိုးနဲ့ တောရိုင်းတိရစ္ဆာန် မျိုးစိတ် ၂၇၆၇ မျိုးတို့ရဲ့ နေထိုင်ကျက်စားရာနေရာလည်းဖြစ်ပြီးတော့ ရှားပါးလှတဲ့ ကွီကျိုး နွားလန် မျောက်မျိုးစိတ်တွေနဲ့ နန်ကျင်းထင်းရှူးပင် မျိုးစိတ်များရဲ့ တစ်ခုတည်းသောရှင်သန်ရာနေရာလည်း ဖြစ်ပါတယ်။

သစ်တောဦးစီးဌာနရဲ့ စာရင်းဇယားအချက်အလက်တွေအရ ယခုအခါမှာတော့ ချန်းရှီမြို့နယ် ကျို့ကျားအော်ကျေးရွာပိုင်ဆိုင်တဲ့ သစ်တောဧရိယာ ဟက်တာ ၉၇၀၀ ခန့် လွှမ်းခြုံထားပြီး သစ်တော လွှမ်းခြုံမှုနှုန်းကလည်း ၁၉၈၀ ပြည့်နှစ်မှာ ၁၄ ရာခိုင်နှုန်းသာရှိခဲ့ရာကနေ ၂၀၂၂ ခုနှစ်မှာ ၇၃ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးမြင့်လာခဲ့ပါတော့တယ်။

ဒေသခံတွေအနေနဲ့လည်း အခုအခါ ပိုမိုကောင်းမွန်တဲ့ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိလာပြီဖြစ်တဲ့အတွက် သစ်တောပြုန်းတီးမှုကို မတွေ့ရတော့ပေ။ အသက် ၆၀ ကျော် အရွယ်ရှိနေပြီဖြစ်တဲ့ ချန်ကလည်း တောင်တန်းတွေပေါ်မှာသာ အခြေချနေထိုင်ဖို့ ဆန္ဒရှိနေဆဲပင်ဖြစ်ပြီး လယ်ယာလုပ်ငန်းကိုသာ ဆက်လက်လုပ်ကိုင်ရင်း သူ့ရဲ့ တစ်နှစ်တာ ဝင်ငွေ ယွမ် ၁၀၀၀၀၀ ကျော် ရရှိနေပြီဖြစ်ပါတယ်။

ချန်ဟာ သူ့တစ်သက်တာလုံး သူနဲ့အတူ တိုးတက်ရှင်သန်လာခဲ့တဲ့ ရေမြေတောတောင်တွေကို ဘယ်တော့မှ စွန့်ခွာသွားနိုင်တော့မှာ မဟုတ်ပေ။

ကိုးကား - ဆင်ဟွာ

❑ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ အတွင်းမှာ ချန်ဟာ သစ်တောမရှိတဲ့ ကျတ်တီးမြေနေရာတွေကို ရွေးပြီး ခြောက်ကြိမ်တိုင်တိုင် ပြောင်းရွှေ့နေထိုင်ခဲ့ကာ သစ်တောတွေ ပြန်လည်ရှင်သန်စေခဲ့ပါတယ်။ အခုအခါမှာတော့ သစ်တောမရှိဘဲ ကျတ်တီးမြေနေရာတွေမှာ ချန် စိုက်ပျိုးခဲ့တဲ့ တောအုပ်တွေအများစုပါဝင်နေတဲ့ ဖန်ကျင်းရှန်တောင်ဟာ ယူနက်စကို ကမ္ဘာ့သဘာဝထိန်းသိမ်းရေးအမွေအနှစ် စာရင်းဝင်နေရာတစ်ခုဖြစ်

❑ သစ်တောဦးစီးဌာနရဲ့ စာရင်းဇယားအချက်အလက်တွေအရ ယခုအခါမှာတော့ ချန်းရှီမြို့နယ် ကျို့ကျားအော် ကျေးရွာပိုင်ဆိုင်တဲ့ သစ်တောဧရိယာ ဟက်တာ ၉၇၀၀ ခန့် လွှမ်းခြုံထားပြီး သစ်တောလွှမ်းခြုံမှုနှုန်းကလည်း ၁၉၈၀ ပြည့်နှစ်မှာ ၁၄ ရာခိုင်နှုန်းသာရှိခဲ့ရာကနေ ၂၀၂၂ ခုနှစ်မှာ ၇၃ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးမြင့်လာခဲ့

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၆၅ | ၂၀၁၅ | ၂၀၀၅ | ၁၉၇၅ | ၂၀၁၀ | ၂၀၃၅ | ၂၀၂၀ | ၂၀၀၀ | ၂၀၉၀ | ၂၁၀၅ | ၂၀၀၅ | ၂၀၁၅ | ၂၀၅၀ | ၂၀၅၀ | ၂၀၅၀ | ၂၂၇၀ | ၂၇၆၀ |
| 95 Ron | ၂၀၃၅ | ၂၀၈၅ | ၂၀၈၀ | ၂၀၄၅ | ၂၀၈၀ | ၂၁၀၅ | ၂၀၉၀ | ၂၀၆၅ | ၂၁၆၀ | ၂၁၇၅ | ၂၀၇၅ | ၂၀၉၀ | ၂၁၁၅ | ၂၁၁၅ | ၂၁၂၀ | ၂၃၄၀ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၄၀ | ၂၃၈၅ | ၂၃၈၅ | ၂၃၄၅ | ၂၃၈၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၇၀ | ၂၄၈၅ | ၂၄၈၀ | ၂၃၇၅ | ၂၃၉၀ | ၂၄၂၀ | ၂၄၂၀ | ၂၄၂၅ | ၂၆၄၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၄၂၀ | ၂၄၆၅ | ၂၄၆၅ | ၂၄၂၅ | ၂၄၆၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၅၀ | ၂၅၆၅ | ၂၅၆၀ | ၂၄၅၅ | ၂၄၇၀ | ၂၅၀၀ | ၂၅၀၀ | ၂၅၀၅ | ၂၇၂၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၄၂၀ | ၂၄၆၅ | ၂၄၆၅ | ၂၄၂၅ | ၂၄၆၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၅၀ | ၂၅၆၅ | ၂၅၆၀ | ၂၄၅၅ | ၂၄၇၀ | ၂၅၀၀ | ၂၅၀၀ | ၂၅၀၅ | ၂၇၂၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၆၉ | ၁၉၄၀ |
| 95 Ron | ၁၉၃၆ | ၂၀၀၈ |
| HSD (500 ppm) | ၂၂၃၅ | ၂၃၀၉ |
| HSD (50 ppm) | ၂၃၀၉ | ၂၃၈၄ |
| HSD (10 ppm) | ၂၃၀၉ | ၂၃၈၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၃) ရာခိုင်နှုန်းရှိ

(၂၂-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၁-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၉၉၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၇၉,၁၉၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၅၉၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၁၉၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၉) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၃၇) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ပြည်တွင်းထုတ်ကုန်များကို ERP အွန်လိုင်းပလက်ဖောင်း၌ ဝယ်ယူနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

MSME ထုတ်ကုန်များကို လွယ်ကူလျင်မြန်စွာ ရောင်းဝယ်ခြင်း ဈေးကွက် ပိုမိုကျယ်ပြန့် စွာ ရရှိလာနိုင်ရေးအတွက် "E– Market Place for Myanmar Products Platform" ကို နိုဝင်ဘာ ၂၆ ရက်က စတင်လွှင့်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

**အွန်လိုင်းပလက်ဖောင်းမှ ဝယ်ယူနိုင်**

ယခုအခါ MSME များ၏ ထုတ်ကုန်များနှင့်စက်မှုဝန်ကြီးဌာန၏ ထုတ်ကုန်များကို Online ERP platform မှတစ်ဆင့် ဝယ်ယူနိုင်နေပြီဖြစ်ကြောင်း သိရှိရပြီး ပြည်တွင်း အသေးစား၊ အလတ်စားနှင့် အငယ်စား လုပ်ငန်းများက ထုတ်လုပ်သည့်ပစ္စည်းများ အားလုံးအပြင် စက်မှုဝန်ကြီးဌာနလက်အောက်ရှိ လုပ်ငန်းဌာနအသီးသီးမှ ထုတ်ကုန်များအကြောင်းကိုလည်း လေ့လာသိရှိနိုင်မည်ဖြစ်သည်။ EPR ပလက်ဖောင်းကို www.emart–mmp.gov.mm သို့ ဝင်ရောက်ကြည့်ရှုနိုင်ပြီဖြစ်သည်။

**သီရိ**

## အိမ်ခြံမြေအကျိုးဆောင်မှတ်ပုံတင်လက်မှတ်ကြောင့် အိမ်ခြံမြေလုပ်ငန်း ပိုမိုတာဝန်ခံမှုရှိလာနိုင်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းက ထုတ်ပြန်ထားသည်။

ထို့ကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအထိ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းလုပ်ကိုင်လိုသူများသည် သက်ဆိုင်ရာ အိမ်ခြံမြေအကျိုးဆောင်များဆိုင်ရာ မှတ်ပုံတင်အဖွဲ့များ၏ စိစစ်ဆောင်ရွက်မှုများဖြင့် မှတ်ပုံတင်လက်မှတ်ကို ရရှိနိုင်ကြတော့မည်ဖြစ်သည်။

နိုင်ငံတစ်ဝန်း ငွေကြေးခဝါချမှုကို တားဆီးရန်နှင့် အိမ်ခြံမြေကဏ္ဍတွင်လည်း အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းလုပ်ငန်း လုပ်ကိုင်ကြမည့်သူများတာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်အဝရှိစေရန်အတွက် အကျိုးဆောင်လုပ်ငန်း အသိအမှတ်ပြုလက်မှတ်ရယူထားရန် လိုအပ်ကြောင်း၊ သို့မှသာ ခိုင်မာသည့်လုပ်ငန်းများအဖြစ် ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။

အိမ်ခြံမြေရောင်းဝယ်ငှားရမ်းသည့် လုပ်ငန်းအတွက် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်ရရှိမှသာ လုပ်ကိုင်ခွင့်ရမည်ဖြစ်ကြောင်း ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့က ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပြီး အိမ်ခြံမြေအကျိုးဆောင်မှတ်ပုံတင်ပေးအပ်မည့်အဖွဲ့များတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေး၊ ဗဟိုစာရင်းအင်း၊ စည်ပင်သာယာရေးကော်မတီ၊ အကျိုးဆောင်အသင်းစသည့် အသင်းအဖွဲ့များ စုစည်းပါဝင်ကြမည်ဟု သိရသည်။

**သီရိ**

## တောင်အမေရိကတိုက်၏ နိုင်ငံတစ်ခုဖြစ်သည့် ဆူရီနမ်က မြန်မာ့ပြောင်းဆန် ဝယ်ယူတင်သွင်း

**နေပြည်တော် ဒီဇင်ဘာ ၂၂**

တောင်အမေရိကတိုက်၏ နိုင်ငံတစ်ခုဖြစ်သည့် ဆူရီနမ်က မြန်မာ့ပြောင်းဆန် ဝယ်ယူတင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ဌာနအနေဖြင့် မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် ပြောင်း ၈၇၅ တန်ကို ဆူရီနမ်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ဘဏ်၏ ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်စာရင်းများအရ ကမ္ဘာ့အသေးဆုံးနိုင်ငံများတွင် ပါဝင်ပြီး လူဦးရေ ခြောက်သိန်းခန့်သာရှိသည့် ဆူရီနမ်နိုင်ငံသည် လက်ရှိတွင် မြန်မာ့ပြောင်းဈေးကွက်၏ တောင်အမေရိကတိုက်ဖောက်သည် ဈေးကွက်အသစ် ဖြစ်လာခဲ့ကြောင်း၊ အဆိုပါဈေးကွက်သစ်ဖြစ်သည့် ဆူရီနမ်နိုင်ငံသို့ ပြီးခဲ့သည့် နိုဝင်ဘာ ၁၉ ရက်မှ ၂၅ ရက်အထိ ပင်လယ်ရေကြောင်းမှတစ်ဆင့် မြန်မာ့ပြောင်းများ တင်ပို့ရောင်းချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါကာလအတွင်း ဆူရီနမ်အပါအဝင် ပြည်ပဖောက်သည်ဈေးကွက်များထံ ပင်လယ်ရေကြောင်းမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁၇ သန်းကျော်တန်ဖိုးရှိ ပြောင်းတန်ချိန် ခြောက်သောင်းခန့် ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ ယင်းအပြင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှလည်း ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ သန်း ပမာဏရှိသည့် ပြောင်းတန်ချိန် ၅၆၀၀ ခန့်ကို တင်ပို့ရောင်းချထားကြောင်း သိရသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏စာရင်းများအရ ပို့ကုန်ဝင်ငွေအများဆုံးရရှိသည့် ကုန်ပစ္စည်း ၁၀ မျိုးတွင် ပြောင်းပို့ကုန်လည်း ပါဝင်နေပြီး ပြီးခဲ့သည့်အောက်တိုဘာလအတွင်းက အမေရိကန်ဒေါ်လာ ၆၅ သန်းကျော်နှင့် နိုင်ငံခြားငွေ အများဆုံးရရှိသည့် ပို့ကုန်အမယ်သုံးမျိုးတွင် စာရင်းဝင်ခဲ့ကြောင်း သိရသည်။ လက်ရှိတွင် မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပြောင်းဆန်များကို ပင်လယ်ရေကြောင်းမှနေ၍ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ဗီယက်နမ်၊ မလေးရှား၊ ဆူရီနမ်၊ သီရိလင်္ကာနှင့် စင်ကာပူ တို့က ဝယ်ယူနေပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှလည်း ထိုင်းနှင့် တရုတ်နိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **ကိုရိုး**






## မြန်မာ – ဘရာဇီးကုန်သည်များအကြား နားလည်မှုစာချွန်လွှာရေးထိုး

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ဘရာဇီးနိုင်ငံ ဆော်ပိုလိုကုန်သည်ကြီးများအသင်း(ACSP) တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ဒီဇင်ဘာ ၁၂ ရက်က အွန်လိုင်းမှတစ်ဆင့် ကျင်းပခဲ့ရာ ဘရာဇီးနိုင်ငံ ဆော်ပိုလိုကုန်သည်ကြီးများအသင်းနှင့် မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်တို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး၊ ဘရာဇီးလျားမြို့မှ မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက်သည်။

UMFCCI ဒုတိယဥက္ကဋ္ဌက UMFCCI အနေဖြင့် ပြည်ပနိုင်ငံများမှ စီးပွားရေးအသင်းအဖွဲ့များနှင့် နားလည်မှုစာချွန်လွှာ ၁၆၄ ခုကို လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊ ယခုနားလည်မှုစာချွန်လွှာသည် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုကြောင့် ထိခိုက်ခဲ့ရသည့် မြန်မာနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်တိုးတက်စေရန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မြန်မာစီးပွားရေးကိုယ်စားလှယ်အဖွဲ့ကို ဘရာဇီးနိုင်ငံသို့ မကြာမီအချိန်တွင် စေလွှတ်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အခမ်းအနားတွင် ပြောကြားသည်။

ယင်းနောက် ACSP ဥက္ကဋ္ဌက မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ ဆော်ပိုလိုမြို့သည် ဘရာဇီးနိုင်ငံအတွက်သာမက တောင်အမေရိကတိုက်တွင် အကြီးဆုံးစီးပွားရေးမြို့တော်ဖြစ်ကြောင်း၊ မိမိတို့ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်သည့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများစွာရှိကြောင်းဖြင့် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **ကိုရိုး**

## တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်

ရန်ကုန် ဒီဇင်ဘာ ၂၂

**ဒီဇင်ဘာ ၁၄ ရက်မှ ၂၁ ရက်အတွင်း ကြက်သွန်နီတစ်ပိဿာ ကျပ် ၁၀၀၀၊ ဆင်ဖြူကျွန်းရေတပ်ပွ တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀ ခန့် ဈေးကျလာပြီး ကြူကုတ်၊ ရှမ်းကြက်သွန်ဖြူနှင့် ကုလားပဲခြမ်း ဈေးတက်လာသည်။ ရှမ်းကြက်သွန်ဖြူသည် ငါးနှစ်အတွင်း အမြင့်ဆုံးဈေးသို့မြင့်တက်လာခြင်းဖြစ်သည်။**

### ကြက်သွန်နီ

ဈေးနှုန်းအမြင့်ရနေ၍ မိုးကြက်သွန်နီများ ရန်ကုန်အပါအဝင် နယ်ဈေးကွက်များသို့ အလုံးအရင်းဖြင့်တင်ပို့လာကြသည်။ ဒီဇင်ဘာ ၂၁ ရက်တွင် ရန်ကုန်ဈေးကွက်သို့ မိုးကြက်သွန်နီပိဿာချိန် တစ်သိန်းခွဲဝင်ရောက်ပြီး ဈေးနှုန်းမှာ မြင်းခြံတစ်ပိဿာလျှင် ကျပ် ၁၇၀၀–၂၂၀၀–၂၄၀၀–၂၆၀၀၊ မြစ်သား ကျပ် ၂၃၀၀–၂၈၀၀–၂၉၀၀–၃၀၀၀ နှုန်း ရှိနေသည်။

### စားအုန်းဆီ

ဒီဇင်ဘာ ၁၉ရက်မှ၂၅ရက်အထိ ရန်ကုန်အထိုင်လက်ကားရည်ညွှန်းဈေးမှာ စားအုန်းဆီတစ်ပိဿာ ၄၄၁၅ ကျပ်ဖြစ်ရာ ယခုတစ်ပတ်တွင် ကျပ် ၁၀၀ ဈေးနှုန်းကျလာသည်။ ပြင်ပ ရန်ကုန်ဆီဈေးကွက်တွင် ဒီဇင်ဘာ ၂၁ ရက်က စာရွက်ဈေး တစ်ပိဿာ ကျပ် ၅၂၀၀ နှုန်းရှိပြီး အလုယ်လက်ငင်းဈေးသည်လည်း စာရွက်ဈေးနှင့် ဈေးတူရောင်းချသည်ဟု သိရသည်။

### ဆန်

ဈေးမြင့်ခဲ့သော ကောက်ညှင်းဆန်ဈေးနှုန်းသည် နယ်စုံမှထွက်လာ၍ ဈေးကျလာသည်။ ကောက်ညှင်းအသွယ်တစ်အိတ်လျှင် ကျပ် ၈၅၀၀၀ နှုန်းသာရှိပြီး ကောက်ညှင်းဆန်အချို့မှာ ကျပ် ၈၀၀၀၀ နှုန်းသာရှိသည်။

ပြည်ပပို့ ဆန်ကွဲတစ်အိတ် ကျပ် ၃၈၅၀၀၊ မိုးဆန်ကြမ်းအသစ်တစ်အိတ်ကျပ် ၄၁၈၀၀ ရှိပြီး ဆန်ကြမ်းအဟောင်းတစ်အိတ်ဈေးမှာ သီးထပ် ကျပ် ၄၇၀၀၀၊ ရက် ၉၀ ရှယ် ကျပ် ၅၁၀၀၀၊ ဖျာပုံပေါ်ဆန်းဆန်သစ် ကျပ် ၆၅၀၀၀၊ ဆန်ဟောင်း ကျပ် ၇၂၀၀၀၊ ပုသိမ် / မြောင်းမြပေါ်ဆန်းဆန်သစ် ကျပ် ၆၆၀၀၀/ ဆန်ဟောင်း ကျပ် ၇၄၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်သစ် ကျပ် ၇၃၀၀၀ နှင့် အဟောင်းကျပ် ၉၀၀၀၀–၉၈၀၀၀ နှုန်းရှိသည်။

### ပဲအမျိုးမျိုး

ဒီဇင်ဘာ ၂၁ ရက်တွင် မတ်ပဲ (FAQ/RC)တစ်တန် ကျပ် ၁၇၆၀၀၀၀၊ (SQ/RC)တစ်တန် ကျပ် ၁၉၅၀၀၀၀၊ ပဲစင်းငုံနီ(Red/RC)တစ်တန် ကျပ် ၁၇၈၃၀၀၀ ရှိသည်။ ပဲတီစိမ်းခရမ်းရွှေဝါ ထိပ်စ တစ်ပိဿာလျှင် ကျပ် ၂၈၃၀–၃၀၀၀ နှင့် ကုလားပဲခြမ်းတစ်ပိဿာ ကျပ် ၄၀၅၀ – ၄၂၅၀ နှုန်း ရှိလာသည်။

### ကြက်သွန်ဖြူ

ရှမ်းနှင့် ကြူကုတ်ကြက်သွန်ဖြူများ ဈေးနှုန်းမြင့်တက်နေပြီး ဒီဇင်ဘာ ၂၁ ရက်တွင် ရှမ်းအောင်ပန်းကြက်သွန်ဖြူ လက်ကားတစ်ပိဿာ ကျပ် ၃၇၀၀–၄၄၀၀–၄၇၀၀–၅၀၀၀ နှင့် ကြူကုတ်ကြက်သွန်ဖြူမှာ ကျပ် ၃၄၅၀ နှုန်း ရှိလာသည်။

### အာလူး

ဒီဇင်ဘာ ၂၁ ရက်တွင် ရန်ကုန်အာလူးဈေးကွက်သို့ အာလူးပိဿာချိန် ၄၂၀၀၀ ဝင်ရောက်ခဲ့ပြီး တရုတ်အာလူးအဟောင်း သဲသီးတစ်ပိဿာ ကျပ် ၂၃၀၀၊ တရုတ်အာလူးအသစ်တစ်ပိဿာ ကျပ် ၁၇၀၀ နှင့် ရှမ်းအာလူး တစ်ပိဿာ ကျပ် ၁၇၀၀–၁၆၅၀–၁၆၅၀ –၂၁၀၀ နှုန်းရှိသည်။

### ငရုတ်

ရှမ်းငရုတ်ရှည် ဈေးနှုန်းပြန်တက်လာရာ ဒီဇင်ဘာ ၂၀ ရက်တွင် ကျပ် ၁၈၀၀၀ နှုန်းရှိသည်။ စလင်းနယ်ထွက် ပန်းရဲငရုတ်ရှည် တစ်ပိဿာ ကျပ် ၁၈၀၀၀၊ သဲတောနယ်ထွက် ပန်းရဲငရုတ်ရှည် ကျပ် ၁၆၀၀၀ နှုန်း ရှိသည်။

ငရုတ်ဈေးကွက်တွင် အအေးခန်းထုတ် မြစ်ဝငရုတ်ပွများ တစ်ပိဿာ ကျပ် ၃၁၀၀၀ အထိ မြင့်တက်ခဲ့သော်လည်း ယခုရက်ပိုင်း လက်ကျန်မရှိတော့၍ အသစ်ထွက်လာသောငရုတ်ပွအသစ်များ ဈေးနှုန်းချရောင်းဝယ်နေသည်ဟု သိရသည်။ ဆင်ဖြူကျွန်းငရုတ်ပွသည် ဒီဇင်ဘာ ၁၄ ရက်က တစ်ပိဿာ ကျပ် ၂၅၀၀၀ နှုန်းရှိရာမှ ၂၁ ရက်တွင် ကျပ် ၁၃၀၀၀ နှုန်း အထိ ဈေးနှုန်းအကျကြမ်းလာသည်။ **အောင်ခင်နိုင်**

# ဂျာမနီနိုင်ငံ၏ ကုန်သွယ်စီးပွားရေးနှင့် ဂျာမနီ-မြန်မာ ကုန်သွယ်မှုအခြေအနေ

ဂျာမနီနိုင်ငံ Federal Statistical Office (Destatis)၏ စာရင်းထုတ်ပြန်ချက်အရ အောက်တိုဘာလက စက်မှုကဏ္ဍရှိ ထုတ်လုပ်မှုများသည် ယခင်လကထက် ၀ ဒသမ ၁ ရာခိုင်နှုန်း၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုများသည် ၁ ဒသမ ၉ ရာခိုင်နှုန်းနှင့် စွမ်းအင်ထုတ်လုပ်မှုများသည် ၇ ဒသမ ၆ ရာခိုင်နှုန်း လျော့နည်းကျဆင်းလာခဲ့ကြောင်း၊ စွမ်းအင်ဈေးနှုန်းများမြင့်တက်နေသော်လည်း ကျောက်မီးသွေးစက်ရုံများနှင့် သဘာဝဓာတ်ငွေ့များမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများ တိုးတက်လာနေကြောင်း သိရသည်။

**ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍ**

ထုတ်လုပ်မှုကဏ္ဍတွင် အမှာစာများ လက်ခံရရှိမှုသည် အောက်တိုဘာလတွင် စက်တင်ဘာလထက် ၀ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး ၂၀၂၁ ခုနှစ်ကာလတူထက် ၃ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ဝန်ဆောင်မှုကဏ္ဍတွင် ဝင်ငွေရရှိမှုများသည် စက်တင်ဘာလတွင် ယခင်လကထက် ၀ ဒသမ ၇ ရာခိုင်နှုန်းနှင့် ၂၀၂၁ ခုနှစ် ကာလတူထက် ၁၂ ရာခိုင်နှုန်း တိုးတက်လာကြောင်း တွေ့ရသည်။

**စိုက်ပျိုးရေးနှင့် ခရီးသွားကဏ္ဍ**

စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်သူဈေးနှုန်းများမှာ အောက်တိုဘာလတွင် ယခင်လကထက် ၁ ဒသမ ၁ ရာခိုင်နှုန်း၊ ၂၀၂၁ ခုနှစ် ကာလတူထက် ၃၇ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊ စိုက်ပျိုးရေး အပင်ဈေးနှုန်းများနှင့် တိရစ္ဆာန်ထွက်ကုန်ပစ္စည်း ဈေးနှုန်းများမှာလည်း ၂၀၂၁ ခုနှစ် ကာလတူထက် ၂၆ ရာခိုင်နှုန်းနှင့် ၄၆ ဒသမ ၈ ရာခိုင်နှုန်း အသီးသီး တိုးတက်လာခဲ့ကြောင်း သိရသည်။ ခရီးသွားကဏ္ဍတွင် ၂၀၂၂ ခုနှစ် အောက်တိုဘာလက ခရီးသွားညအိပ်တည်းခိုသူ အရေအတွက်သည် ၄၄ ဒသမ ၃ သန်းရှိခဲ့ပြီး ယခင်နှစ် ကာလတူထက် ၂ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။

**ပို့ကုန်သွင်းကုန်ကဏ္ဍ**

ပို့ကုန်ပိုင်းတွင် အောက်တိုဘာလအတွင်း ယူရို ၁၃၅ ဒသမ ၃ ဘီလီယံ တင်ပို့ခဲ့ပြီး ယမန်နှစ် ကာလတူထက် ၁၁ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာခဲ့ကာ အမေရိကန်နိုင်ငံသို့ ယူရို ၁၃ ဒသမ ၈ဘီလီယံတန်ဖိုးရှိ မော်တော်ကား၊ နောက်တွဲယာဉ်များနှင့် စက်ပစ္စည်းများ တင်ပို့ခဲ့ပြီး ပြင်သစ်နိုင်ငံသို့ ယူရို ၁၀ ဒသမ ၁ ဘီလီယံ၊ နယ်သာလန်နိုင်ငံသို့ ယူရို ၉ ဒသမ ၆ ဘီလီယံနှင့် ရုရှားနိုင်ငံသို့ ယူရို တစ်ဘီလီယံဖိုး တင်ပို့မှုရှိခဲ့သည်။

သွင်းကုန်တန်ဖိုးမှာ ယူရို ၁၃၀ ဒသမ ၁ ဘီလီယံရှိခဲ့ပြီး တရုတ်နိုင်ငံမှ ယူရို ၁၇ ဒသမ ၃ ဘီလီယံဖိုးဖြင့် အများဆုံး တင်သွင်းခဲ့ကာ ရုရှားနိုင်ငံမှ ယူရို ၁ ဒသမ ၈ ဘီလီယံတန်ဖိုး တင်သွင်းခဲ့ကြောင်း သိရသည်။ ဂျာမနီနိုင်ငံအနေဖြင့် အောက်တိုဘာလတွင် ပို့ကုန်ပိုငွေ ယူရို ၅ ဒသမ ၂ ဘီလီယံ ရရှိခဲ့ပြီး အမေရိကန်နိုင်ငံနှင့် ကုန်သွယ်မှုပိုငွေမှာ စက်တင်ဘာလတွင် ယူရို ၄ ဒသမ ၈ ဘီလီယံမှ အောက်တိုဘာလတွင် ယူရို ၅ ဒသမ ၇ ဘီလီယံသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။ ဂျာမနီနိုင်ငံမှ အီးယူပြင်ပနိုင်ငံများသို့ ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ပို့ကုန်များတင်ပို့ရာတွင် ၅၅ ဒသမ ၆ ရာခိုင်နှုန်းမှာ ယူရိုငွေကြေးကို အသုံးပြု၍ ကုန်သွယ်မှုပြုခဲ့ကြောင်း၊ အခြားငွေကြေးများဖြင့် ပို့ကုန်ဆောင်ရွက်မှုများမှာ အမေရိကန်ဒေါ်လာဖြင့် ၂၅ ဒသမ ၆ ရာခိုင်နှုန်း၊ တရုတ်ယွမ်ဖြင့် ငါးရာခိုင်နှုန်းနှင့် ဗြိတိသျှ ပေါင်စတာလင်ဖြင့် လေးရာခိုင်နှုန်းတို့ဖြစ်ကြောင်း စီးပွားရေးသံမှူးထံမှ သိရသည်။

**ဂျာမနီ-မြန်မာနိုင်ငံ ကုန်သွယ်မှု**

ဂျာမနီနှင့် မြန်မာနိုင်ငံကြား ကုန်သွယ်မှုတွင် အောက်တိုဘာလက ဂျာမနီနိုင်ငံမှ မြန်မာနိုင်ငံသို့ ပို့ကုန် ယူရို ၄ ဒသမ ၄၅၄ သန်းဖိုး တင်ပို့ခဲ့ပြီး ဂျာမနီနိုင်ငံက မြန်မာနိုင်ငံမှ သွင်းကုန် ယူရို ၁၈၈ ဒသမ ၁၂၇ သန်းဖိုး တင်သွင်းမှုရှိခဲ့သည်။ စက်တင်ဘာလတွင် ဂျာမနီနိုင်ငံက မြန်မာနိုင်ငံမှသွင်းကုန် ယူရို ၂၁၄ ဒသမ ၄၅၈ သန်းဖိုး ရှိခဲ့ရာမှ အောက်တိုဘာလတွင် ယူရို ၂၆ ဒသမ ၃၃၁ သန်း လျော့နည်းတင်သွင်းခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အောက်တိုဘာလအတွင်း ဂျာမနီနိုင်ငံသို့ CMP အထည်ချုပ်၊ ဖိနပ်နှင့် အခြားစက်ပစ္စည်းကိရိယာများ အပါအဝင် ပို့ကုန်ယူရို ၁၈၈ ဒသမ ၁၂၇ သန်းဖိုး တင်ပို့မှုရှိခဲ့ပြီး ပို့ကုန်ပိုငွေ ယူရို ၁၈၃ ဒသမ ၆၇၃ သန်း ရရှိခဲ့ကြောင်း သိရသည်။

# တရုတ်နိုင်ငံထုတ် ဇီဝလောင်စာရည်ဖြင့် ကုန်တင်လေယာဉ် စတင်ပျံသန်း

**ပေကျင်း ဒီဇင်ဘာ ၂၂**

တရုတ်နိုင်ငံ Sinopec ကုမ္ပဏီက ထုတ်လုပ်သည့် လေကြောင်းပျံသန်းရေးအတွက် ဇီဝလောင်စာရည်ဖြင့် နိုင်ငံတကာ ကုန်စည်ပျံသန်းမှုတွင် ပထမဆုံးအကြိမ်အဖြစ် တနင်္လာနေ့က အောင်မြင်စွာ အသုံးပြုပျံသန်းခဲ့ကြောင်း သိရသည်။

အဆိုပါ လေယာဉ်သည် တရုတ်နိုင်ငံ အရှေ့ပိုင်းရှိ ဟန်ကျိုးမြို့မှ ထွက်ခွာပြီး ၁၂ နာရီအကြာတွင် ဥရောပတိုက် ဘယ်လ်ဂျီယံနိုင်ငံသို့ ဆင်းသက်ခဲ့ကြောင်း သိရသည်။

**ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချပေးနိုင်**

ပြန်လည်ပြည့်ဖြိုးမြဲ လေကြောင်းပျံသန်းရေး လောင်စာရည် (Sustainable Aviation Fuel-SAF)ကို အသုံးပြုထားပြီးသည့်ဆီများ၊ မွေးမြူရေးနှင့်သစ်တောထွက် စွန့်ပစ်ပစ္စည်းများမှတစ်ဆင့် ထုတ်လုပ်ထားခြင်းဖြစ်ပြီး သာမန်လောင်စာ အသုံးပြုမှုထက် ကာဗွန်ထုတ်လွှတ်မှုကို ၈၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။

တရုတ်အခြေစိုက် Sinopec ကုမ္ပဏီသည် SAF ကို ၂၀၀၉ ခုနှစ်ကတည်းက စတင်ထုတ်လုပ်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် အသုံးပြုခွင့် လက်မှတ်ရရှိခဲ့ခြင်းဖြစ်ကာ China Eastern လေကြောင်းလိုင်း၊ China Southern လေကြောင်းလိုင်းနှင့် Air China တို့က ပြည်တွင်းလေကြောင်းပျံသန်းမှုတွင် အသုံးပြုလျက်ရှိသည်။

# ယူနန်တက္ကသိုလ်၌ အာဖရိကတောရိုင်းနှစ်ရှည်ပင် မျိုးစိတ်ဖြင့် နှစ်ရှည်ဆန်မျိုးစုံကို တီထွင်ထုတ်လုပ်

**ပေကျင်း ဒီဇင်ဘာ ၂၂**



PR23 နှစ်ရှည်ဆန်များကို စမ်းသပ်နေသော ယူနန်တက္ကသိုလ်မှ သုတေသီများ။

တရုတ်နိုင်ငံ ယူနန်တက္ကသိုလ်မှ သုတေသီများသည် အာဖရိကမှ တောရိုင်းနှစ်ရှည်ပင်မျိုးစိတ်ဖြင့် နှစ်စဉ်စိုက်ပျိုးရန် မလိုအပ်သော PR23 အမည်ရှိ နှစ်ရှည်ဆန်မျိုးစုံကို တီထွင်ထုတ်လုပ်ခဲ့ကြောင်း၊ ရာသီတိုင်း စိုက်ပျိုးသော ပုံမှန်စပါးများနှင့် မတူကြောင်း၊ PR23 သည် လေးနှစ်တစ်ကြိမ် စိုက်ပျိုး၍ လေးနှစ်တွင် ရှစ်ကြိမ်ဆက်တိုက် ရိတ်သိမ်းနိုင်ကြောင်း၊ ရိတ်သိမ်းပြီးတိုင်း သန်မာသောအမြစ်ပါသည့် အပင်များဖြစ်ကြောင်း၊ PR23 အထွက်နှုန်းမှာ တစ်ဟက်တာလျှင် ရှစ်တန်ဖြစ်ကြောင်း အစီရင်ခံတင်ပြထားပြီး ပုံမှန်ရေသွင်းစပါးနှင့် နှိုင်းယှဉ်နိုင်ကြောင်း၊ သို့သော် စိုက်ပျိုးစရိတ်၊ မျိုးစေ့နှင့် ဓာတုသွင်းအားစုများ နည်းပါးသောကြောင့် စိုက်ပျိုးစရိတ် သက်သာကြောင်း သိရှိရသည်။

အကျိုးကျေးဇူးများအနေဖြင့် ၎င်းသည် တစ်နှစ်လျှင် တစ်ဟက်တာလျှင် အော်ဂဲနစ်ကာဗွန်တစ်တန်နီးပါး စုပြုံနေသော မြေဆီလွှာကဲ့သို့သော ထူးထူးခြားခြား သဘာဝပတ်ဝန်းကျင် အကျိုးကျေးဇူးများကို ဖြစ်ပေါ်စေနိုင်ပြီး အပင်များအတွက် ရေရရှိမှု တိုးလာနိုင်ကြောင်း၊ စိုက်ပျိုးမှုစက်ဝန်းတစ်ခုစီတွင် လုပ်အား ၅၈ ရာခိုင်နှုန်းနှင့် အခြားသွင်းအားစုကုန်ကျစရိတ် ၄၉ ရာခိုင်နှုန်းတို့ကို ချွေတာနိုင်သောကြောင့် လယ်သမားများက ၎င်းကို နှစ်ခြိုက်ကြကြောင်း၊ အသက်မွေးဝမ်းကျောင်းများ ပိုမိုကောင်းမွန်စေခြင်း၊ မြေဆီလွှာ အရည်အသွေးမြှင့်တင်ပေးခြင်းနှင့် အခြားသောသီးနှံများကို သုတေသနပြုခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးကို အသွင်ပြောင်းနိုင်သည်ဟု သုတေသီများက ပြောသည်။

တီထွင်မှုသည် လုပ်အားနှင့် အခြားသွင်းအားစုများကို နည်းပါးစွာ အသုံးပြုခြင်းအပြင် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ခြင်းဖြင့် စပါးစိုက်ပျိုးခြင်းကို ပြောင်းလဲနိုင်ကြောင်း၊ ဆန်သည် ကမ္ဘာ၏ ထက်ဝက်ခန့်ကို ကျွေးမွေးပြီး ဆန်စိုက်ပျိုးရေးနှင့် စားသုံးမှုသည် အာရှတွင် အဓိကဖြစ်၍ မျိုးကွဲအသစ်များကို ရှာဖွေတွေ့ရှိခြင်းသည် အရေးပါကြောင်း၊ ယနေ့ စိုက်ပျိုးသော သီးနှံအများစုသည် တစ်ချိန်က နှစ်ရှည်ပင်ဖြစ်သော်လည်း ပိုမိုဖြစ်ထွန်းစေရန်အတွက် နှစ်တို၊ ကာလတိုအဖြစ် စိုက်ပျိုးခဲ့ကြကြောင်း၊ ဤနှစ်ရှည်ဆန်သည် စီးပွားရေးအရ ရေရှည်တည်တံ့ကြောင်း သက်သေပြပါက အသွင်ပြောင်း ဆန်းသစ်တီထွင်မှုဖြစ်လာနိုင်ကြောင်း သိရသည်။

ထို့ပြင် ဆန်သည် အိန္ဒိယအတွက် အရေးပါကြောင်း၊ အိန္ဒိယသည် တရုတ်နိုင်ငံပြီးလျှင် ကမ္ဘာ့ဒုတိယ အကြီးဆုံး ဆန်ထုတ်လုပ်သူဖြစ်ပြီး ကမ္ဘာ့ကုန်သွယ်မှုတွင် ရှယ်ယာအများဆုံး (၄၀ ရာခိုင်နှုန်း) တင်ပို့သည့် နိုင်ငံဖြစ်ကြောင်း၊ နွေရာသီနှင့် ဆောင်းရာသီသီးနှံ နှစ်မျိုးစလုံးတွင် စိုက်ပျိုးကြကြောင်း၊ နှစ်ရှည်စပါးသည် နှစ်အလိုက် စိုက်ခင်းများ၏ ငတ်မွတ်မှုကို လျှော့ချနိုင်ပြီး မျိုးနှင့် အခြားသွင်းအားစုများ စုဆောင်းနိုင်ကြောင်း၊ တရုတ်၏ အစောပိုင်း အောင်မြင်မှုသည် ပြည်သူ့သုတေသနနှင့် စိုက်ပျိုးရေးသိပ္ပံများတွင် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရန် အိန္ဒိယအတွက် နောက်ထပ် သင်ခန်းစာတစ်ခုဖြစ်ကြောင်း၊ ယင်းက စားနပ်ရိက္ခာဖူလုံမှုနှင့် ကျေးလက်ဝင်ငွေအပေါ် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုကို တန်ပြန်ကူညီနိုင်ကြောင်း သိရသည်။

**ဒေါက်တာဝေရီလင်း (စီးပွားရေးသံမှူး)**

# ဂျာမနီနိုင်ငံ၏ စီးပွားရေးကျဆင်းမှု လျော့ပါးလာနိုင်ကြောင်း ခန့်မှန်း

**မြူးနစ် ဒီဇင်ဘာ ၂၂**

ဂျာမနီနိုင်ငံ၏ စီးပွားရေးအခြေအနေသည် လာမည့် ၂၀၂၃ ခုနှစ်တွင် ကျဆင်းလာနိုင်ဖွယ်ရှိကြောင်း ကြိုတင်ခန့်မှန်းထားရှိမှုများအပေါ် မြူးနစ်မြို့ အခြေစိုက် စီးပွားရေးသုတေသနအဖွဲ့ IFO က မူလခန့်မှန်းထားသည်ထက် စီးပွားရေးကျဆင်းမှု လျော့ပါးလာနိုင်မှုရှိကြောင်း သုံးသပ်ထုတ်ပြန်လိုက်သည်။ ငွေကြေးဖောင်းပွမှုနှင့် ဓာတ်ငွေ့ဈေးနှုန်းများ လျော့ကျလာခြင်းက အကြောင်းတစ်ချက်ဖြစ်ပြီး လာမည့်နှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းကို မူလ ၀ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းလာရန် ခန့်မှန်းထားမှုကို ၀ ဒသမ ၁ ရာခိုင်နှုန်းသာ ကျဆင်းလာရန်ရှိကြောင်း ခန့်မှန်းထားရှိသည်။

ငွေကြေးဖောင်းပွမှုနှုန်းသည် နိုဝင်ဘာလတွင် ၁၀ ရာခိုင်နှုန်းရှိပြီး ၂၀၂၂ ခုနှစ် တစ်နှစ်လုံးအတွက် ပျမ်းမျှ ၇ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း၊ ၂၀၂၃ ခုနှစ်အတွက် ၆ ဒသမ ၄ ရာခိုင်နှုန်း ခန့်မှန်းထားရှိကြောင်း သိရသည်။ ဈေးနှုန်းများ မြင့်တက်မှုရှိနေသော်လည်း ဂျာမနီနိုင်ငံ၏ ထုတ်လုပ်မှုကဏ္ဍရှိ ထုတ်ကုန်ပစ္စည်းများအတွက် ဝယ်လိုအားအခြေအနေမှာ အားကောင်းခိုင်မာနေဆဲဖြစ်ပြီး စီးပွားရေးတိုးတက်မှုကို များစွာ အထောက်အကူပြုကြောင်း၊ ထုတ်လုပ်မှုကဏ္ဍတွင် လုပ်သားဦးရေ ၅၀ နှင့် အထက်ရှိသော လုပ်ငန်းများရှိ စုစုပေါင်းလုပ်သားအင်အားသည် ၂၀၂၂ ခုနှစ် အောက်တိုဘာလအထိ ၅ ဒသမ ၅ သန်းရှိပြီး ယခင်နှစ်ကာလတူထက် ၁ ဒသမ ၁ ရာခိုင်နှုန်း ပိုမိုတိုးတက်လာခဲ့ကြောင်း Federal Statistical Office က ထုတ်ပြန်ထားသည်။

ထို့ပြင် စစ်တမ်းကောက်ယူမှုများအရ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်စိတ်ချမှုများမှာလည်း တိုးတက်လာနေကြောင်း၊ ဓာတ်ငွေ့ဈေးနှုန်းများ ကျဆင်းလာမှုနှင့်အတူ ဓာတ်ဆီဈေးနှုန်းနှင့် ဒီဇယ်ဆီဈေးနှုန်းများမှာလည်း ကျဆင်းလာခဲ့ကြောင်း၊ နိုဝင်ဘာလတွင် လက်ကားရောင်းချမှုဈေးနှုန်းများမှာ ယခင်လကထက် ၀ ဒသမ ၉ရာခိုင်နှုန်း ကျဆင်းလာခဲ့ပြီး ၂၀၂၁ ခုနှစ်ကာလတူထက် ၁၄ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ကြောင်း သိရသည်။

သတင်းရင်းမြစ်များ- မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။ **ခင်ရတနာ စုစည်းဖော်ပြသည်။**

# ကျန်းမာရေးဂရုစိုက်ပါ

ဆရာနောင်

**မြန်မာနိုင်ငံသားတွေအချင်းချင်းတွေ့လျှင် အရေးတယူ ပြောလေ့ရှိသော စကားတချို့ရှိသည်။ "နေကောင်းတယ်မဟုတ်လား"၊ "ကျန်းမာရေး ဂရုစိုက်နော်" ဆိုသည့်စကားများ ဖြစ်ပါသည်။ ကျန်းမာရေးဂရုစိုက်ဆိုသည့် ကိစ္စအပေါ်တွင် မြန်မာနိုင်ငံသားတို့ ရှုမြင်ပုံလွဲနေသည်ကို ကျွန်တော်သတိထားမိသည်။ ဝေဒနာတစ်ခုခုခံစားရပြီဆိုလျှင် သို့တည်းမဟုတ် နေမကောင်းဖြစ်ပြီဟုထင်လျှင် ထစ်ခနဲရှိ ဆေးရုံဆေးခန်း ပြေးတတ်သူတို့ကို ကျန်းမာရေးအလွန်ဂရုစိုက်သူဟု ရပ်ကွက်ထဲမှာ မြင်ကြပါသည်။**

ဟုတ်တော့လည်းဟုတ်သည်။ ကိုယ်တိုင်က ဆေးပညာ နားလည်တတ်ကျွမ်းသူမဟုတ်သဖြင့် ကျန်းမာရေးနှင့် ပတ်သက်ပြီး စိတ်ထဲမှာ သင်္ကာမကင်းဖြစ်လာလျှင် ဆေးရုံဆေးခန်း စောစောစီးစီးပြခြင်းက ကောင်းကွက်တစ်ကွက် ဖြစ်ပါသည်။ သင့်လျော်သော ရောဂါရှာဖွေစစ်ဆေးမှုနှင့် ဆေးကုသမှုကို လျင်မြန်စွာ ရနိုင်ပါသည်။ သို့သော် ဤသည်က ကျန်းမာရေးဂရုစိုက်ခြင်း၏ အစိတ်အပိုင်းတစ်ရပ်မျှသာ ရှိပါသေးသည်။ ရောဂါဖြစ်မှ ဆေးရုံဆေးခန်းပြေးမည့်အစား ရောဂါဖြစ်အောင်အားပေးသည့် နေထိုင်စားသောက်ပုံကို ပြုပြင်နိုင်မည်ဆိုလျှင် ကျန်းမာရေးဂရုစိုက်ဆိုသည့်စကား၏ အဓိပ္ပာယ်ပို၍ ပြည့်ဝလာမည်ဟု ဆိုချင်ပါသည်။



## ကျန်းမာစေသော နေထိုင်စားသောက်ပုံ

ကျန်းမာစေသော နေထိုင်စားသောက်ပုံဟုဆိုသည့်အခါ အိပ်မှုစားမှုကိုဂရုစိုက်ခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်း၊ စိတ်ကျန်းမာမှုရှိအောင်လုပ်ခြင်း စသည့်ကိစ္စများ ပါဝင်လာပါသည်။ အိပ်စက်သည့်ကိစ္စကစပြီး ပြောပါမည်။ အရပ်ထဲက လူအများစုနားလည်ထားသည့် အိပ်စက်ခြင်းဆိုသည်မှာ တစ်နေ့တာ ပင်ပန်းထားသမျှအတွက် အနားယူခြင်းဖြစ်ပါသည်။ ခန္ဓာကိုယ်မှာ စိတ်ပိုင်း၊ ရုပ်ပိုင်းအရ ပျက်စီးထားသမျှအရာများကို အိပ်စက်ချိန်မှာ ပြုပြင်ပေးသည့်အဖြစ်ကို သိသူနည်းပါသည်။ အအိပ်အနေနည်းသူကို ချီးမွမ်းကြပြီး အိပ်ချိန်များများယူသူကို လူပျင်းဟု ဆိုကြပါသည်။ လတ်တလော သုတေသနများအရ အသက်အရွယ်အပေါ် မူတည်ပြီး တစ်နေ့တာ အိပ်စက်ချိန် (၇-၉)နာရီ လိုပါသည်။ အသက်ငါးဆယ်ကျော်ပြီဟုဆိုလျှင်ပင် အိပ်စက်ချိန် ခုနစ်နာရီလောက် လိုပါသည်။ မည်သူမဆို တစ်နေ့လျှင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ချိန် လေးနာရီလောက် လိုပါသည်။ နေ့ဘက်အိပ်စက်ခြင်းနှင့် ညဘက်အိပ်စက်ခြင်းတို့ အာနိသင်မတူကြပါ။ ခန္ဓာကိုယ်ပြုပြင်သည့်အလုပ်ကို ညဘက်မှာပဲ လုပ်တာများပါသည်။ အိပ်ရေးပျက်သည့်ညတွေများလျှင် လူမှာညောင်နာနာဖြစ်ရုံသာမဟုတ်ဘဲ ခန္ဓာကိုယ်ထဲမှာ မမြင်သာသော ရောင်ရမ်းမှုများဖြစ်သည်။ ထိုရောင်ရမ်းမှုများ တာရှည်လာလျှင် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ကင်ဆာရောဂါများ အထိဖြစ်လာနိုင်သည်။ ကိုယ်ခံအားနည်းလာသဖြင့် မကြာခဏ ဖျားနာနိုင်သည်။

## အိပ်ရေးပျက်ခြင်း

အိပ်ရေးပျက်ခြင်းသည် တစ်ညတလေဆိုလျှင် ပြဿနာမရှိပါ။ အိပ်ရာပြောင်းခြင်း၊ ခရီးသွားသဖြင့် မြို့ပြောင်းပြီး အိပ်ရခြင်း၊ နိုင်ငံပြောင်းပြီး အချိန်ဇုန်ပြောင်းအိပ်ရခြင်း၊ အတွေးလွန်ခြင်း၊ ဒေါသဖြစ်ခြင်း စသည်တို့ကြောင့် တစ်ခါတစ်ရံ အိပ်မပျော်ခြင်းမျိုး ရှိနိုင်သည်။ နေ့ဆိုင်း၊ ညဆိုင်းပြောင်းပြီး လုပ်ရခြင်းကြောင့် အိပ်မပျော်ခြင်းမျိုး ရှိနိုင်သည်။ ဤအဖြစ်မျိုးများတွင် ယာယီအိပ်မပျော်ခြင်းမျိုး ရှိနိုင်သည်။ ရက်ဆက်ပြီး အိပ်မပျော်ဖြစ်လာလျှင် ကိုယ်တွင်းရောဂါကြီး ရှိ မရှိ စစ်ဆေးသင့်သည်။ သွေးချို၊ ဆီးချိုကြောင့် ညဘက်မှာ မကြာခဏ ဆီးသွားရပြီး အိပ်မပျော်ခြင်း ရှိနိုင်သည်။ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ကျောက်ကပ်ရောဂါများကြောင့် ညတစ်ဝက်မှာ နိုးလာပြီး ပြန်အိပ်မပျော်ခြင်းမျိုး ရှိနိုင်သည်။ သွေးချို၊ ဆီးချိုဖြစ်ကာစတွင်လည်း အိပ်စက်ခြင်း ပြဿနာတချို့ရှိသည်။ ပန်းနာရင်ကျပ်၊ အဆစ်အမျက်နာခြင်း စသည်တို့ကလည်း အိပ်စက်ခြင်းကို ဒုက္ခပေးနိုင်သည်။ ရောဂါကြီးကို ဆေးကုလိုက်လျှင် အိပ်စက်ခြင်းမှာ ပြဿနာနည်းသွားပါမည်။ ရောဂါကြီး မရှိသူများအဖို့ ညဘက်တွင် အချိန်မှန် အိပ်ရာဝင်ခြင်း၊ မအိပ်မီ သုံးနာရီအလိုတွင် အစာဖြတ်ခြင်း၊ မအိပ်မီတစ်နာရီတွင် အင်တာနက်ဖြတ်ခြင်းတို့သည် အိပ်စက်မှုကို အထောက်အကူပြုသည်။ အိပ်ခန်းသည် အသံဆူညံမှု၊ အပူချိန်မြင့်မှု၊ မီးလင်းနေမှုတို့ မရှိလျှင် အိပ်ပျော်လွယ်သည်။ ငွေကြေးအခက်အခဲ၊ နေထိုင်ရေးအခက်အခဲ၊ လူမှုရေးပြဿနာ စသည်တို့သည် စိတ်ဖိစီးမှုကိုဖြစ်စေပြီး အိပ်ရေးပျက်စေသဖြင့် ယင်းတို့ကို ဖြေရှင်းသင့်ပါသည်။

## နံနက်စာနှင့် ကျန်းမာရေး

မနက်ပိုင်းအိပ်ရာနိုး မျက်နှာသစ်ချိန်တွင် ရေကို သုံးမိနစ်ခန့် ငုံထားသင့်ပါသည်။ ခံတွင်းထဲမှ အပူများ အပြင်သို့ ထွက်လာပြီး သွားနှင့် သွားဖုံး ပြဿနာများ နည်းစေရန်ဖြစ်သည်။ မျက်လုံး ပြဿနာလည်း နည်းနိုင်ပါသည်။ ပြီးသွားလျှင် သွားတိုက်နိုင်သည်။ သွားတိုက်သည့်အလုပ်ကို ညအိပ်ရာမဝင်မီမှာ လုပ်သင့်ပါသည်။ ခံတွင်းသန့်ရှင်းခြင်းကြောင့် သွားနှင့် သွားဖုံး ပြဿနာနည်းမည့်အပြင် နှလုံးမထိခိုက်စေရန်လည်း အထောက်အကူပြုပါမည်။ မနက်ပိုင်းသွားတိုက်သင့်သည့်အချိန်မှာ မနက်စာစားပြီးချိန် ဖြစ်သည်ဟု သွားဘက်ဆိုင်ရာ ဆရာဝန်များက ဆိုပါသည်။ မျက်နှာသစ်ပြီးလျှင် ဦးစားပေး၍ လုပ်သင့်သည့်အလုပ်မှာ ရေဝဝသောက်ခြင်းဖြစ်သည်။ အနည်းဆုံး ရေသန့်ပုလင်း ထက်ဝက်မှ တစ်ပုလင်းအထိ သောက်နိုင်သည်။ ရေက ဆီးဝမ်းမှန်စေရန် အကူအညီပေးပါသည်။ ရေသောက်ပြီးလျှင် ဆီးဝမ်းသွားတတ်သည့်အကျင့်ကို တဖြည်းဖြည်း မွေးသင့်ပါသည်။ ဝမ်းချုပ်ခြင်းသည်လည်း ကျန်းမာရေးကို ထိခိုက်စေသောအကြောင်းဖြစ်သည်။ ဝမ်းသွားပြီးလျှင် မနက်စာစားရမည်။ အလုပ်လုပ်သူဖြစ်လျှင် မနက်စောစောစာကို အလုပ်မသွားမီမှာ များများ စားသင့်သည်။ အလုပ်လုပ်ရမည် မဟုတ်ပါလား။ ညစာစားချိန်နှင့် နောက်နေ့မနက်စာ စားချိန်အကြား ဆယ့်နှစ်နာရီလောက် ခွာထားခြင်းသည် ခန္ဓာကိုယ်၏ ဇီဝရုပ်ဖြစ်ပျက်မှုကို မှန်စေပြီး ရောဂါကြီးများ မဖြစ်စေရန် အထောက်အကူပြုသည်ဟုဆိုရာ ဖြစ်နိုင်လျှင် လိုက်နာသင့်ပါသည်။

## မနက်ပိုင်း ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း

မနက်ပိုင်း အစာမစားမီတွင် လုပ်သင့်သည့် အလုပ်မှာ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း ဖြစ်သည်။ အလုပ်လုပ်သူက ကားဂိတ်၊ ရထားဘူတာရုံသို့ လမ်းလျှောက်သွားခြင်းသည် ကိုယ်လက်လှုပ်ရှားခြင်းတစ်မျိုး ဖြစ်ပါသည်။ ခရီးအလွန်မဝေးလျှင် ကား၊ ရထားဂိတ်ဆုံးမှနေ၍ မိမိအလုပ်ခွင်ရှိရာသို့ လမ်းလျှောက်ခြင်းသည်လည်း လေ့ကျင့်ခန်းဖြစ်ပါသည်။ ဓာတ်လှေကားမစီးဘဲ ရုံးပေါ်တက်ခြင်းသည်လည်း လေ့ကျင့်ခန်း ဖြစ်ပါသည်။ အိမ်မှာနေသူများက ဈေးသွားခြင်း သို့မဟုတ် သီးသန့်လမ်းလျှောက်ထွက်ခြင်းလုပ်သင့်သည်။ ရာသီဥတုမသာယာလျှင် အိမ်ထဲမှာလုပ်နိုင်သော လေ့ကျင့်ခန်းမျိုးကို ကြိုတင်စဉ်းစားထားနိုင်သည်။ အိမ်ကနေရာလွတ်မှာ လမ်းလျှောက်လျှင်လည်း ဖြစ်သည်။ အိမ်အလုပ်များလုပ်ခြင်းမှာလည်း လေ့ကျင့်ခန်းတစ်မျိုးဖြစ်သည်။ အိမ်မှာနေသူများက မနက်ပိုင်း ဆယ်မိနစ်ခန့် လေ့ကျင့်ခန်းလုပ်ပြီးလျှင် ခဏနားပြီး မနက်စာစားရပါမည်။ လူကြီးပိုင်းအနေဖြင့် မနက်စာစားပြီး လုပ်သင့်သည်မှာ ဘုရား၊ တရားအလုပ် ဖြစ်သည်။ မိမိကိုးကွယ်ရာ ဘာသာအလိုက် အချိန်နည်းနည်းပေးပြီး လုပ်သင့်သည်။ ဗုဒ္ဓဘာသာဝင်များက ပန်းရေချမ်း၊ ဆွမ်းကပ်ခြင်းများ လုပ်နိုင်သည်။ အလုပ်သွားရသူများက လမ်းခရီးမှာ ထိုင်စရာရလျှင် တရားစာများကို စိတ်မှတ်ဖြင့် ရွတ်ဆိုသွားနိုင်ပါသည်။ ဘာသာတရားအလုပ်ကို လေးလေးစားစား လုပ်ခြင်းသည် စိတ်ဖိစီးမှုကို လျော့ကျစေသည့်အပြင် ကိုယ်ခံအားကိုလည်း တက်စေကြောင်း သိပ္ပံဆိုင်ရာ တွေ့ရှိချက်များ ရှိပါသည်။

> **"မနက်ပိုင်း အစာမစားမီတွင် လုပ်သင့်သည့်အလုပ်မှာ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းဖြစ်သည်။ အလုပ်လုပ်သူက ကားဂိတ်၊ ရထားဘူတာရုံသို့ လမ်းလျှောက်သွားခြင်းသည် ကိုယ်လက်လှုပ်ရှားခြင်းတစ်မျိုး ဖြစ်ပါသည်။ ခရီးအလွန်မဝေးလျှင် ကား၊ ရထားဂိတ်ဆုံးမှနေ၍ မိမိအလုပ်ခွင်ရှိရာသို့ လမ်းလျှောက်ခြင်းသည်လည်း လေ့ကျင့်ခန်း ဖြစ်ပါသည်။ ဓာတ်လှေကားမစီးဘဲ ရုံးပေါ်တက်ခြင်းသည်လည်း လေ့ကျင့်ခန်း ဖြစ်ပါသည်"**

လခစား အလုပ်လုပ်ရသူများအတွက် နေ့လယ်စာစားချိန်သည် မွန်းတည့်၁၂ နာရီ ဖြစ်လေ့ ရှိပါသည်။ ထမင်းစားချိန် တစ်နာရီမကုန်ပါ။ ထမင်းစားပြီးအချိန်တွင်း ဖြည်းဖြည်းမှန်မှန် ခြေလှမ်းသုံးရာခန့် လမ်းလျှောက်သင့်သည်။ အချိန်ဆယ်မိနစ်ထက် ပိုပြီးမကြာပါ။ လမ်းလျှောက်ခြင်းကြောင့် အစာကြေချက်စုပ်ယူမှု အားကောင်းစေပါသည်။ စွမ်းအင်အသုံးပြုမှုအားကောင်းခြင်းကြောင့် အဝလွန်ခြင်းနှင့် သွေးချို၊ ဆီးချို ဖြစ်နိုင်ခြေကို လျှော့ချပေးပါလိမ့်မည်။ ကိုယ်ပိုင်အလုပ်လုပ်သူများနှင့် အိမ်တွင်နေသူများသည်လည်း မနက် ၁၁ နာရီခွဲနှင့် ၁၂ နာရီကြားမှာ နေ့လယ်စာ စားသင့်သည်။ အချိန်မှန်အစာစားလေ့ရှိသူများတွင် အစာချေဖျက်မှု ပို၍အားကောင်းပါသည်။ ဤသူများလည်း စားပြီးလျှင် လမ်းလျှောက်သင့်သည်။ အသက် ၅၀ ဝန်းကျင်လူကြီးပိုင်းအနေဖြင့် နေ့လယ်စာ စားပြီးလျှင် တိုင်းရင်းအစာကြေဆေးတစ်မျိုးမျိုး စားပေးခြင်းက သင့်လျော်ပါသည်။ လူငယ်ပိုင်းရော လူကြီးပိုင်းပါ နေ့လယ်စာ စားပြီးချိန်တွင် ဓာတ်စုံပါသော အနောက်တိုင်းအားဆေးတစ်မျိုးမျိုးကို စားနိုင်ပါသည်။ ယနေ့ခေတ် စိုက်ပျိုးရေးပုံစံက အစာမှတစ်ဆင့် အဓိက အာဟာရဓာတ်များ လုံလောက်အောင်ရရန် ခက်ခဲလာသောကြောင့် ဖြစ်ပါသည်။ ညနေစာကိုမူ အိမ်ရှိလူများက အိပ်ရာမဝင်မီ သုံးနာရီခွာပြီး စားပေးသင့်ပါသည်။ ဝန်ထမ်းလုပ်သူ၊ ကိုယ်ပိုင်အလုပ်လုပ်သူများလည်း ဤအတိုင်း ဖြစ်ပါသည်။ အပြင်ထွက်အလုပ်လုပ်ရပြီး ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း လုပ်လိုသူများအတွက် ညနေပိုင်းမှာ အားကစားရုံသွားပြီး နာရီဝက်ခန့် ကစားနိုင်သည်။ ညနေဘက် အချိန်ကြာကြာ လေ့ကျင့်ခန်းလုပ်ခြင်းမျိုးကို ခေတ်သိပ္ပံပညာက မထောက်ခံပါ။ ကျန်သည့်လူများလည်း ထိုနည်းအတိုင်း ဖြစ်ပါသည်။

## ညနေစာနှင့် ကျန်းမာရေး

ညနေစာကို နည်းနည်းပဲ စားသင့်သည်ဟု လူအတော်များများ သိနေကြပါပြီ။ မဝဘူးဟုထင်လျှင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတချို့ဖြည့်စွက်စားနိုင်သည်။ အပြင်ထွက်အလုပ်လုပ်သူရှိသောအိမ်တို့တွင် ညနေဘက်မှာ စားကောင်းသောက်ဖွယ်တွေဝယ်လာပြီး တစ်ဝတစ်ပြဲ စားလေ့ရှိကြပါသည်။ တစ်ခါတလေက ကိစ္စမရှိသော်လည်း ဤအကျင့်ကို မကြာခဏလုပ်ရန် အားမပေးချင်ပါ။ ညနေစာလျှော့စားသည့်အကျင့်မှာ ကြာလျှင် အကျင့်ရသွားပါလိမ့်မည်။ မနက်ပိုင်းမှာ ဘာသာတရားအလုပ်လုပ်ဖို့အချိန်မရသူများမှာ ညနေဘက်တွင် လုပ်နိုင်ပါသည်။ စိတ်ဖိစီးမှုလျော့ပြီး အိပ်ပျော်ရန်လွယ်ကူစေပါမည်။ ကျန်းမာရေးကောင်းစေရန်အတွက် အရေးမကြီးဟု ထင်ရသော်လည်း အရေးကြီးသည့် အလုပ်တစ်ခုမှာ သင့်လျော်သော လူမှုဆက်ဆံရေး အဝန်းအဝိုင်းတစ်ခု ထူထောင်ရန် ဖြစ်ပါသည်။ မိတ်ဆွေကောင်းတို့ဆီက အကြံဉာဏ်အပြင် အကူအညီလည်း ရနိုင်သည်။ တစ်ကိုယ်တည်း အထီးကျန်နေတတ်သူတို့မှာ ချူချာလေ့ရှိပါသည်။ လူမှုဆက်ဆံရေးကို အပြင်မှာပဲလုပ်လုပ်၊ ဖုန်းပေါ်ကပဲ လုပ်လုပ်၊ အင်တာနက်ပေါ်ကပဲလုပ်လုပ် လုပ်ရန်ပဲ လိုပါသည်။ မိမိ၏ တစ်နေ့တာဘဝမှာ ဤမျှလောက် နေထိုင်စားသောက်တတ်ပြီဟုဆိုလျှင် ဆေးရုံဆေးခန်း ပြေးရသည့် အကြိမ်ရေ နည်းသွားပါမည်။ အပိုကုန်ကျစရိတ်နည်းလျှင် ခေါင်းကိုက်သက်သာပါမည်။ မိမိ၏ ကျန်းမာရေးဆိုသည်မှာ ဆေးဆရာလက်ထဲထည့်ထားရသောအရာမဟုတ်ပါ။ ကိုယ်တိုင်တာဝန်ယူရသောအရာ ဖြစ်ပါသည်။ ။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၁၂-၂၀၂၂ သောကြာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး ၏ပရိတ်တရားတော်(**အာဋာနာဋိယသုတ်**) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | "ဒီမိုကရေစီဆိုသည်မှာ" |
| ၀၉:၃၅ | Soccer View |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | ပုလဲကေရီမှအဖိုးတန်ပုလဲရတနာလေးများ |
| ၁၂:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ခါးခါး အချစ်ချိုချို" (အပိုင်း-၃၃) |
| ၁၃:၃၀ | MRTV National News |
| ၁၃:၅၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "အောင်ပွဲမဏ္ဍိုင် ရင်ဆိုင်ချိတက်" (အပိုင်း-၁၄) |
| ၁၄:၅၀ | "Beyond the Mountains" (Part-3)'The New Generation' |
| ၁၅:၂၅ | လူငယ်ရေးရာအစီအစဉ် |
| ၁၆:၃၅ | မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ |
| ၁၇:၁၀ | Weekly Sports Info |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၀ | သုတဝေဖြာ သီရိဂေဟာ |
| ၁၉:၁၀ | (၇၅) နှစ်မြောက်စိန်ရတုတာပမတော်(ရေ)နေ့ အထိမ်းအမှတ်ဂုဏ်ပြုတေးသီချင်း |
| ၁၉:၁၅ | (၇၅)နှစ်မြောက်စိန်ရတုတာပမတော်(ရေ)နေ့ ဂုဏ်ပြုဇာတ်လမ်း |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုသီချင်းဆို ပြိုင်ပွဲ တူယှဉ်နွဲပျော်ဂီတပွဲတော် Season-2 တေးသီချင်းဆိုပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Level-2)(ပွဲစဉ်-၁၇)(Semi Final) (Result Show) |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy) |
| 07:05 | Artist Life: Designer May Myat Waso |
| 07:27 | Smart Village in Hopong: Kyauk Tan |
| 07:37 | Myanmar's Traditions and Culture "Myanmar Pottery" |
| 08:01 | News |
| 08:28 | Let's go to....Natural Paradise |
| 09:01 | Listening Pleasure, Instrumental Music (Horn Violin) Sayama |
| 09:12 | Grow Back For Posterity "The Dawn of Development" |
| 09:26 | Bagan Lacquerware |
| 09:40 | Let's Taste Delicious Insects: Choice Mixed Insects and Lettuce Salad & Red Ant and Soy Bean Paste Curry |
| 10:01 | News |
| 10:26 | Topical Topics (No.14) Transforming Bitter Experiences & Put Out the Fire |

### MRTV NRC

**ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
ကိုယ်တိုင်မိတ်ကပ်လိမ်းခြယ်နည်း(Self Make up)

**ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
နာခေါင်းပလွေမှုတ်

**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
သခွားသီးနှင့်ပဲပုပ်သုပ်

**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
ပြုံးပဒေသာ(အပိုင်း-၁)

**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
စံကားမြို့ပေါင်းနှင့်ဖယ်ခုံအင်းအလှ

**ဝ (၁၄:၀၀ မှ ၁၆:၀၀)**
စာအတူတူဖတ်ကြရအောင်

**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
ငါးပေါင်းချက်ကြမယ်

**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
ငှက်ပျောသီးရဲ့ကျန်းမာရေးအကျိုးကျေးဇူး

**ဝကောကရင် (၂၀:၀၀ မှ ၂၁:၀၀)**
မိသားစုဝင်ငွေတိုးစေဖို့ငါးခူမွေးကြစို့

**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
သာယာလှပသဲဖြူကျွန်းအလှ

**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာများ

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၀၅ | လှုပ်လှုပ်ရှားရှားအားကစား |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၄၅ | ECONOMIC REVIEW (Part_12) (Stock Exchange နှင့် ရင်းနှီးမြှုပ်နှံမှု အလားအလာ) |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၀၉:၁၅ | "ရသစုံစွာဤမြေကမ္ဘာ" |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၀:၁၅ | ဒီမိုကရေစီဆိုသည်မှာ |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'သူတစ်ပါးအယောင်ဆောင်ခြင်း'** |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၂) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၂) |

### MRTV FARMERS'

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၂၅ | ကမ္ဘာ့ဝန်းကျင် ဇီဝမျိုးကွဲစုံလင် |
| ၀၇:၀၀ | ကျေးလက်ကွန်ရက် |
| ၀၇:၁၅ | တစ်နိုင်တစ်ပိုင်မိုးမွေးမြူရေးလုပ်ငန်း |
| ၀၇:၅၀ | ရေအစက်ချစိုက်နည်းစနစ်ဝင်ငွေတိုးမယ့် နည်းလမ်းသစ် |
| ၀၈:၀၀ | ရောဝတီတိုင်းဒေသကြီးမှဆန်စက်များ |
| ၀၈:၁၅ | ဝက်ပုတ်မြို့နယ်အတွင်းရှိဓာတုကင်းလွတ် ဟင်းသီးဟင်းရွက် |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info/ Sports Diary |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၅)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal




## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၂၂

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## ရေချိုးတာရေး နည်းလမ်းများ

- ❖ ဟင်းသီးဟင်းရွက်များနှင့် ပန်းကန်ခွက်ယောက်များကို ရေဖွင့်ထားပြီး မဆေးကြောပါနှင့်။ ဟင်းသီးဟင်းရွက်များနှင့် ပန်းကန်ခွက်ယောက်များကို ရေဖြည့်ထားသော ဇလုံတစ်ခုထဲတွင် ဆေးကြောပါ။
- ❖ ဆပ်ပြာတိုက်နေစဉ်အတွင်း ရေပန်းကို ဖွင့်မထားပါနှင့်။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂-၁၂-၂၀၂၂

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား | ကျပ် ၂၁၃၉၅၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား | ကျပ် ၂၁၃၉၅၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၁၆ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၁၆ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၂၂၇၀ ကျပ် | ၂၃၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၅၀ ကျပ် | ၂၃၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၉၅ ကျပ် | ၁၉၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၆၅ ကျပ် | ၂၀၁၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၃၁ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၅၆ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ . ၆၇၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၉၅ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၃ . ၂၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၁ . ၂၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၃၇၂ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစာချုပ်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၉၀၀၀ | ၅၀၅ | ၄၄၉၅၀၀၀ |
| MTSH | ၃၂၅၀ | ၃၃၀၀ | ၁၀၂၆ | ၃၃၃၄၇၅၀ |
| MCB | ၇၇၀၀ | ၇၆၀၀ | ၅၇ | ၄၃၃၄၀၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၅၃ | ၁၀၀၇၀၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၄ | ၁၀၄၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၁၀၀ | ၂၇၀၀၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၂ | ၁၀၀၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချုံးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ငါးမြင်းနှင့် ငါးသလောက်ငါးမျိုး ရေရှည်တည်တံ့ရေး ဝိုင်းဝန်းကူညီ ထိန်းသိမ်းပေး

ဆန်းဝင်း(ငါးဦးစီး)

ငါးမြင်းဟာ ကျွန်တော်တို့နိုင်ငံမှာ လူကြိုက်အများဆုံးငါး ဖြစ်ပါတယ်။ အသားစားငါးဖြစ်ပြီး မြန်မာ၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါနိုင်ငံတွေမှာ နေထိုင် ကြ ပါတယ်၊ ငါးမြင်းဟာ ရေချို၊ ရေငန်စပ် မြစ်ဝများမှာနေထိုင်တဲ့ ငါးမျိုးဖြစ်ပြီး ရေချိုကော ရေငန်နှစ်မျိုးစလုံးမှာ နေတဲ့ Anadromous မျိုးဖြစ်ပါတယ်။ ရေရဲ့အပူချိန်နဲ့ ရေအငန်နှုန်းပေါ်မူတည်ပြီး နေရာပြောင်းရွှေ့တတ်ကြတဲ့ ငါးမြင်းတွေဟာ ခရီးဝေးရွှေ့ပြောင်းသွားလာတတ်တဲ့ အဖြူရောင်ငါးတွေဖြစ်ပြီး ကီလိုမီတာ ၁၀၀ ကျော်အထိ ရွှေ့ပြောင်းသွားလာတတ်ပါတယ်။

ငါးမြင်းဟာ ရာသီအလိုက်သားပေါက်လေ့ရှိပြီး မိုးရာသီ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလတွေမှာ ရေချိုမြစ်တွေရဲ့ အထက်ပိုင်းတွေမှာ တက်ရောက် ဥချသားပေါက်လေ့ ရှိပါတယ်။ သားပေါက်လက်မဝက်အရွယ်လောက်မှာ အကောင်မျှောလေး (zooplankton) ကို စားသောက်ကြပါတယ်။ တစ်လက်မအရွယ်လောက်မှာတော့ အခွံမာရေသတ္တဝါတွေ၊ ငါးကြင်းမျိုးနွယ်တွေရဲ့ ငါးမှုန်လေးတွေကို စားသောက်ပါတယ်။ လေးလက်မခန့် ငါးဖြန်းအရွယ်မှာတော့ ငါး၊ ပုစွန်၊ ကဏန်း၊ ခရု၊ ဂုံးနဲ့ အင်းဆက်တွေကို ဖမ်းယူစားသောက်ကြပါတယ်။ အရွယ်ရောက် ငါးတွေမှာတော့ ငါးသလောက်ကို အဓိက ဖမ်းယူစားသောက်ကြပါတယ်။




သားပေါက်ရန်အတွက် ငါးသလောက်များ ရေချိုဒေသသို့ ဝင်ရောက်လာမှုအခြေအနေ

လက်ရှိအချိန်မှာတော့ ကမ္ဘာကြီးပူနွေးမှုကြောင့် ရာသီဥတုပြောင်းလဲခြင်း၊ လူတို့ အလွန်အကျွံ ဖမ်းဆီးခြင်း၊ ၎င်းတို့နေထိုင်ရာနေရာတွေ ပျက်စီးခြင်း၊ ရေထုညစ်ညမ်းခြင်း စတာတွေကြောင့် ငါးမြင်းဟာ အလွန်ရှားပါးလာပြီဖြစ်ပါတယ်။ ငါးမြင်းကို သားဖောက်မွေးမြူနိုင်သေးခြင်းမရှိဘဲ သဘာဝကရတဲ့ ငါးကိုသာ မှီခိုစားသောက်နေရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ သားဖောက်နိုင်ရေးအတွက် နည်းပညာရယူခြင်း၊ ငါးအထီးအမ Breeders များ ပြုစုနေပြီဖြစ်ပြီး သဘာဝမှာရှိတဲ့ ငါးမြင်းများ မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရေး ထိန်းသိမ်းဖို့ အထူးလိုအပ်သောအချိန်ဖြစ်ပါတယ်။

ငါးလုပ်ငန်းဦးစီးဌာနက ငါးသလောက်မျိုး ထိန်းသိမ်းရေးနှင့် ဈေးကွက်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ၁၁-၁-၂၀၂၂ ရက်နေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ် (၁၅) ၌ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါ အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ငါးသလောက် သည့်နေရာများကို ထိန်းသိမ်းကာကွယ်ရန်အတွက် တစ်နှစ်ပတ်လုံး ငါးဖမ်းဆီးခြင်း မပြုသည့် ဘေးမဲ့ဇရိယာသတ်မှတ်ရန်နှင့် မျိုးဆောင် ငါးသလောက်များ ရွှေ့ပြောင်းသွားလာရာမြစ်ကြောင်းလေးကြောင်းကို ရာသီအလိုက် ငါးဖမ်းဆီးခြင်းမပြုသည့် ကာလသတ်မှတ်ရန် ဆုံးဖြတ်ခဲ့သည်။

## ဘေးမဲ့ဇုန် ၁၁ ခု သတ်မှတ်ထား

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၂-၃-၂၀၂၂) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၂) ဖြင့် ငါးသလောက်သားပေါက်များရှင်သန်ကြီးထွားစေရန် ဇရိယာ ၁၁ နေရာကို ဘေးမဲ့ဇုန်အဖြစ် သတ်မှတ်ပြီး မည်သည့်ငါးမျိုးမျှဖမ်းဆီးခြင်း မပြုရန်တားမြစ်ထားသည်။ ၎င်းတို့မှာ ဟသ်ာတမြို့နယ်ရှိ ဖောင်ဆိပ်သောင်၊ ဇလွန်မြို့နယ်ရှိ နန်းတော်ကျွန်းသောင်၊ ဓနုဖြူမြို့နယ်ရှိ စကာကြီးသောင်၊ ညောင်တုန်းမြို့နယ်ရှိ ဝဲကြီးသောင်၊ ပန်းတနော်မြို့နယ်ရှိ ကဇင်းတောသောင်၊ မအူပင်မြို့နယ်ရှိ ငါးဖယ်အိုသောင်၊ တလုပ်လတ်အရှေ့သောင်၊ ပန်းလှိုင်ချောင်းဝ စသည့်ဘေးမဲ့ဇုန် ၁၁ ခု သတ်မှတ်ထားပြီးဖြစ်ပါသည်။

ဘေးမဲ့ဇုန် ၁၁ ခုမှာ သောင်များကို သတ်မှတ်ထားခြင်းဖြစ်ပြီး သောင်များသည် မြစ်အတွင်း မြစ်ညာပိုင်းမှသယ်ဆောင်လာသော နုန်းအနယ်အနှစ်များသည် မြစ်ရေစီးနှေးသည့်နေရာများတွင် ပို့ချခြင်းဖြစ်ပြီး တဖြည်းဖြည်း ပိုမိုကြီးထွားလာကာ သောင်များ ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ သောင်များသည် တည်မြဲသည့် ကုန်းမြေမဟုတ်သဖြင့် ပုံသဏ္ဌာန်အမျိုးမျိုး ရှိကြပါသည်။ သောင်များဖြစ်ပေါ်လာချိန်တွင် မူလကုန်းမြေနှင့် သောင်ကြားတွင် ဂ ပုံသဏ္ဌာန် ရေအိုင်အရပ်အခေါ်ချောင်းများလည်း ဖြစ်ပေါ်လာပါသည်။ သောင်များသည် အာဟာရပြည့်ဝသည့် နုန်းအနယ်အနှစ်များဖြစ်သဖြင့် ငါးတို့၏အစာကွင်းဆက် Food web ၏ အခြေခံဖြစ်သော အပင်မျှောလေးပေါက်ရောက်ရန် ဖော့စဖောရပ်နှင့် နိုက်ထရိုက်ပေါကြွယ်ဝသဖြင့် အပင်မျှောလေးနှင့် အကောင်မျှောလေး (Phytoplankton @Zooplankton) ပေါများသည့်နေရာဖြစ်၍ ငါးသားပေါက်များနှင့် ငါးငယ်များ လာရောက်ကျက်စားကြပြီး အသားစားငါးများပါ လာရောက်ကျက်စားကြသည့် နေရာဖြစ်ပါသည်။ ထို့ပြင် သောင်၏နောက်ဘက်ရှိ ချောင်းသည် ရေကြည်ခြင်း၊ ရေတိမ်ခြင်း အစာပေါများခြင်းကြောင့် ငါးသားပေါက်များ ကျက်စားလေ့ရှိပါသည်။

လက်ရှိအချိန်မှာတော့ ကမ္ဘာကြီးပူနွေးမှုကြောင့် ရာသီဥတုပြောင်းလဲခြင်း၊ လူတို့ရဲ့ အလွန်အကျွံ ဖမ်းဆီးခြင်း၊ ၎င်းတို့နေထိုင်ရာနေရာတွေ ပျက်စီးခြင်း၊ ရေထုညစ်ညမ်းခြင်း စတာတွေကြောင့် ငါးမြင်းဟာ အလွန်ရှားပါးလာပြီ ဖြစ်ပါတယ်။ ငါးမြင်းကို သားဖောက်မွေးမြူနိုင်သေးခြင်းမရှိဘဲ သဘာဝကရတဲ့ ငါးကိုသာ မှီခိုစားသောက်နေရ

သောင်များတွင် ငါးဖမ်းသည့်ကိရိယာမှာ သောင်ဆွဲပိုက်ဖြစ်ပြီး လွန်ခဲ့သောနှစ်ပေါင်း ၂၀ ခန့်က အဓိကဖမ်းသည့်ငါးမျိုးစိတ်မှာ ငါးတန်ဖြစ်သဖြင့် ပိုက်ကွက်အကြီးဖြင့် ဖမ်းဆီးရပါသည်။ သို့ရာတွင် လွန်ခဲ့သောဆယ်စုနှစ်တစ်ခု အတွင်း ငါးတန်ရှားပါးသွားသဖြင့် အရွယ်တစ်လက်မခန့်သာရှိသော ငါးဖြူလေးကို အဓိကထား ဖမ်းဆီးရသဖြင့် ပိုက်ကွက်အရွယ်အစားမှာ လွန်စွာသေးငယ်ပါသည်။ ဥပမာ လက်လံ ၁၀၀ ရှိသည့် သောင်ဆွဲ ပိုက်တွင် ၅ လက်မ ပိုက်ကွက် ၃၀ ရာခိုင်နှုန်း၊ ၁ ဒသမ ၅ လက်မ ပိုက်ကွက် ၃၀ ရာခိုင်နှုန်း၊ ၁ လက်မ ပိုက်ကွက် ၂၀ ရာခိုင်နှုန်း၊ ၀ ဒသမ ၅ လက်မ ပိုက်ကွက် ၁၀ ရာခိုင်နှုန်းနှင့် ပိုက်အိတ်မှာ ဇာပြာ ၁၀ ရာခိုင်နှုန်း ပါဝင်သဖြင့် အလွန်သေးငယ်သည့် ပိုက်ကွက်ဖြစ်သဖြင့် ၎င်းတို့ အဓိကဖမ်းဆီးသည့် ငါးဖြူလေး အပါအဝင် ငါးသလောက်၊ ငါးမြင်း၊ ငါးတန်၊ ငါးထွေ သားပေါက်များပါ ဖမ်းဆီးရမိလေ့ရှိပါသည်။

၂၁-၁၂-၂၀၂၁ ရက်တွင် မအူပင်မြို့နယ် ပန်းလှိုင်ချောင်းဝ၌ ၃၅ လံရှိသည့် ဆွဲပိုက်ဖြင့် စမ်းသပ်ရာ ဆွဲပိုက်တစ်ချက်တွင် ငါးသလေက် ၁ ဒသမ ၅ လက်မအရွယ် ၆၇၉ ကောင်နှင့် ငါးမြင်း နှစ်လက်မအရွယ် ၆၉ ကောင်တို့ကို ဖမ်းဆီးရမိခဲ့ပါသည်။ ၂-၁-၂၀၂၂ ရက်တွင် ဓနုဖြူမြို့နယ် စကာကြီးသောင်၌လှေ့လာရာ ဆွဲပိုက်တစ်ချက်တွင် ငါးသလောက် ၁ ဒသမ ၅ လက်မ အရွယ် ၁၀၈ ကောင်၊ ငါးမြင်း နှစ်လက်မအရွယ် ၁၀ ကောင်၊ ငါးတန် သုံးလက်မအရွယ် ၁၅ ကောင်၊ ငါးထွေ နှစ်လက်မ အရွယ် ၄၁ ကောင်တို့ကို ဖမ်းဆီးရမိခဲ့သဖြင့် သောင်ဆွဲပိုက်များသည် တန်ဖိုးကြီး ငါးသလောက်၊ ငါးမြင်း၊ ငါးတန်၊ ငါးထွေသားပေါက်များကို ဖမ်းဆီးနေသည့်ငါးဖမ်းကိရိယာ ဖြစ်ပါသည်။




ဆွဲပိုက် တစ်ချက်တွင် ငါးသလောက် ၁ ဒသမ ၅ လက်မ ၁၀၈ ကောင်၊ ငါးမြင်း နှစ်လက်မ ၁၀ ကောင်၊ ငါးတန် ၁ ဒသမ ၅ လက်မ ၁၅ ကောင်၊ ငါးထွေ နှစ်လက်မ ၄၁ ကောင်ရရှိသည်။

ဆွဲပိုက် တစ်ချက်တွင် ငါးသလောက် ၁ ဒသမ ၅ လက်မ ၆၇၉ ကောင်၊ ငါးမြင်း နှစ်လက်မ ၆၉ ကောင် ရရှိသည်။

## ကြီးမားသည့် အောင်မြင်မှုတစ်ခု

ဧရာဝတီတိုင်းဒေသကြီးအတွင်း ငါးမဖမ်းရ ဇရိယာ ၁၁ နေရာသတ်မှတ်ပြီး ဖြစ်သော်လည်း မအူပင်ခရိုင်အတွင်း

စာမျက်နှာ ၂၁ သို့

# ပြည်တွင်း ပြည်ပခရီးသွားတို့အတွက် မြိတ်ကျွန်းစု အပန်းဖြေခရီးစဉ်တွင် ဝန်ဆောင်မှုကောင်းများဖြင့် ပြင်ဆင်ထား

**၂၀၂၂ ခုနှစ် နှစ်သစ်ကူးခရီးသွားရာသီ၌ မြိတ်ကျွန်းစုအပန်းဖြေခရီးစဉ်များတွင် မြိတ်ကျွန်းစုရှိ ဟိုတယ်၊ မိုတယ်များအနေဖြင့် ပြည်တွင်းပြည်ပခရီးသွားများ အပန်းဖြေအနားယူနိုင်ရန် ဝန်ဆောင်မှုကောင်းများ ကြိုတင်ပြင်ဆင်ထားကြကြောင်း သိရသည်။**

ပင်လယ်ပြင်နှင့် ကျွန်းစုများ၏ သဘာဝအရင်းအမြစ် ရှုခင်းအလှတို့ကို ပိုင်ဆိုင်ထားသည့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ရှိ ကျွန်းစုများတွင် ဆောင်းရာသီ ခရီးသွားကာလ၌ စိတ်အေးချမ်းသာစွာ အပန်းဖြေအနားယူနိုင်ရန် ဟိုတယ်များနှင့် ခရီးသွားလုပ်ငန်းတို့က ပြည်တွင်း ပြည်ပ ခရီးသွားများအတွက် ဝန်ဆောင်မှု ကောင်းများ အပြိုင်အဆိုင်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်လျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီး၌ ကျွန်းပေါင်း ၈၀၀ ကျော်ရှိပြီး မြိတ်ကျွန်းစုတွင် ကျွန်းပေါင်း ၂၀၀ ကျော်ရှိ၍ မြိတ်ကျွန်းစုပင်လယ်ပြင်ခရီးစဉ်များတွင် လူကြိုက်အများဆုံး နေရာများဖြစ်သော ကျွန်းဘုရင်(ခေါ်) လေးကျွန်းနှင့် စမတ်ကျွန်း(ခေါ်)ပါပကျွန်း၊ သမီးလှကျွန်း၊ ဒုံးရေတံခွန်၊ ဒုံးညောင်မှိုင်း(CBT)၊ တောင်ပံကြီးကျွန်းနှင့် ဘောလီကျွန်းတို့သည် မြိတ်ကျွန်းစု၏အလှကို အထူးဖော်ဆောင်လျက်ရှိရာ နိုင်ငံခြားခရီးသွားများ အထူးနှစ်ခြိုက်စွာ လည်ပတ်သော ကျွန်းစုများအဖြစ် ဂုဏ်တင့်လျက်ရှိသည်။

"နှစ်သစ်ကူး အခါသမယမှာ ပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်ဖို့အတွက် ပြင်ဆင်ဆောင်ရွက်ထားကြပါတယ်။ အုပ်စုလိုက်လာချင်သူတွေ၊ မိသားစုတွေ၊ ကုမ္ပဏီလုပ်ငန်းရှင်နဲ့ ဝန်ထမ်းတွေအတွက် အပန်းဖြေလာမယ်ဆိုရင် အထူးဈေးနှုန်းတွေနဲ့ အဆင်ပြေအောင် အတတ်နိုင်ဆုံး စီစဉ်ပေးထားပါတယ်။ ကမ်းခြေမှာ မီးပုံပွဲတွေနဲ့ ဆိုကြ၊ ကကြဖို့ စီစဉ်ပေးတဲ့အပြင် ဒီရေတောတွေမှာလည်း ကနူးလှေစီးတာ၊ အမှတ်တရ ဒီရေတောသစ်ပင်စိုက်မယ်ဆိုလည်း အုပ်စုလိုက်၊ အဖွဲ့လိုက် သစ်ပင်စိုက်နိုင်အောင်နဲ့ ဒီရေတောထိန်းသိမ်းတာတွေ စီစဉ်ပေးထားပါတယ်။ အပျော်တမ်းငါးမျှားတာ၊ ဆလုံရွာတွေကို သွားရောက်လည်ပတ်ပြီး သူတို့ရဲ့ရိုးရာယဉ်ကျေးမှု၊ ဘာသာစကား၊ ရိုးရာဓလေ့၊ ကိုးကွယ်ယုံကြည်မှုနဲ့ ဆလုံတိုင်းရင်းသားတို့ရဲ့ လူနေမှုဘဝပုံရိပ်တွေကို သဘာဝအတိုင်း လေ့လာနိုင်အောင်လည်း စီစဉ်ပေးထားပါတယ်။ လူငယ်စုံတွဲတွေ Pre Wedding နဲ့ Anniversary အတွက်လည်း ပင်လယ်ပြင်ကြီးနဲ့ ကျွန်းပေါ်မှာ Romantic Trip အမှတ်တရလေးတွေ လုပ်နိုင်အောင်လည်း ဝန်ဆောင်မှုတွေ ပေးထားပါတယ်။ ပြီးတော့ Virgin Island ပေါ်မှာ သီးသန့်အဖွဲ့လိုက် Adventure Tour နဲ့ Survival Trips တွေလည်း လူငယ်တွေအနေနဲ့ ထူးထူးခြားခြား စွန့်စားခရီးသွားလာနိုင်အောင် Special Package တွေ စီစဉ်ပေးထားပါတယ်။ စိတ်အေးချမ်းမှုနဲ့ အတူ ပျော်ရွှင်ကြည်နူးဖွယ်ခရီးစဉ်တွေကို မြိတ်ကျွန်းစုက ဟိုတယ်တွေက ဝန်ဆောင်မှုကောင်းများစွာနဲ့ ပြင်ဆင်ထားပြီး ပြည်တွင်း ပြည်ပခရီးသွားတွေကို ကြိုဆိုနေပါတယ်"ဟု Blue Ocean Star Resort & Travel Co.,Ltd. မှ CEO ဖြစ်သူ ဦးကျော်မိုးက ပြောသည်။



မြိတ်ကျွန်းစု ခရီးသွားဒေသရှိ ကမ်းခြေအလှအပများကို တွေ့ရစဉ်။

မြိတ်ကျွန်းစုတွင် ပင်လယ်ရေအောက်မှ သန္တာကျောက်တန်းများနှင့် ငါးမျိုးစိတ်များကို ကြည့်ရှုလေ့လာနိုင်ပြီး ဝေလငါးနှင့် လင်းပိုင် ငါးအုပ်များကိုလည်း လေ့လာနိုင်သည့်အပြင် ကျွန်းစုများတွင်ရှိသည့် ပင်လယ်လိပ်ပြာနှင့် အောက်ချင်းငှက်များ အပါအဝင် ငှက်မျိုးစိတ်များစွာကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။ ထို့ပြင် ပင်လယ်လိပ်နှင့် ပင်လယ်ဖျံများ၏ သဘာဝအတိုင်း နေထိုင်မှုကို စောင့်ကြည့်လေ့လာနိုင်ပြီး ဆေးဖက်ဝင် မလိငှက်သိုက်နှင့် ဇီဝဖိုးငှက်များ၏ သဘာဝအလေ့အထကိုလည်း လေ့လာနိုင်ရန် ဝန်ဆောင်မှုများ ပေးထားသည်။

မြိတ်ကျွန်းစု ခရီးသွားလုပ်ငန်းကို ၂၀၁၄ ခုနှစ်တွင် စတင်အကောင်ထည်ဖော်ဆောင်ခဲ့ရာ ၂၀၁၅ ခုနှစ်မှစတင်၍ ၂၀၁၉ ခုနှစ်တို့တွင် ခရီးသွားလုပ်ငန်း အထူးတိုးတက်ကောင်းမွန်ခဲ့ပြီး ရက်ရှည်ရိုးပိတ်ရက်တို့တွင် လာရောက်လည်ပတ်သူ ပိုမိုများပြားခဲ့၍ တစ်နေ့လျှင် ခရီးသွား ၂၀၀မှ ၃၀၀ အထိ ရှိခဲ့ကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါကြောင့် ခရီးသွားလုပ်ငန်း ယာယီရပ်တန့်သွားရာမှ ၂၀၂၂ ခုနှစ်၏ သီတင်းကျွတ်လပြည့်နေ့မှစတင်၍ ခရီးသွားများပြန်လည် ဝင်ရောက်လာခဲ့သည်။ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ရှိ ကျွန်းစုများကို လေ့လာ လည်ပတ်နိုင်ရန်နှင့် အပန်းဖြေ ခရီးသွားလုပ်ငန်းကို ၂၀၂၂ ခုနှစ် အောက်တိုဘာတွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ရာ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်း၊ ဧည့်လမ်းညွှန်များလုပ်ငန်း၊ ရေယာဉ်မောင်းသူများနှင့် မြိတ်ခရိုင်အတွင်းရှိဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိလျက် စီးပွားရေးအခွင့်အလမ်းများစွာ ပွင့်လန်းစေခဲ့သည်။

မြိတ်ကျွန်းစုများတွင်ပြည်တွင်း ပြည်ပခရီးသွားများ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရန် Speet Boat များ၊ အမြန် ရေယာဉ်များ စနစ်တကျ ပြေးဆွဲလျက်ရှိပြီး ဧည့်လမ်းညွှန်များကလည်း ခရီးသွားများ အန္တရာယ်မဖြစ်စေရေးနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှု မရှိစေရန် သက်ဆိုင်ရာဌာနများ၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုဖြင့် တနင်္သာရီတိုင်း ဒေသကြီး၏ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတကစေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာ့ပင်လယ်ပြင် အလှနှင့် သဘာဝအလှတို့ စုဝေးရာ မြိတ်ကျွန်းစုရှိ ကျွန်းစုများ၏ သဘာဝရှုခင်းများက ပြည်တွင်း ပြည်ပခရီးသွားများအား ဆွဲဆောင်လျက်ရှိပြီး ဟိုတယ်၊ မိုတယ်များနှင့် ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများက နှစ်သစ်ကူး ကာလခရီးသွားတို့အတွက် ဝန်ဆောင်မှုကောင်းများဖြင့် နွေးထွေးပျူငှာစွာ ကြိုဆိုလျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**



မြိတ်ကျွန်းစုသို့ အပန်းဖြေခရီး လာရောက်ကြသည့်ခရီးသွားဧည့်သည်များကို တွေ့ရစဉ်။

---

*စာမျက်နှာ ၂၀ မှ*

တင်ဒါရောင်းချနေသော သောင်တင်ဒါချက် ၁၁ နေရာမှာ ဆက်လက်လုပ်ကိုင် နေဆဲဖြစ်ပါသည်။ ၁-၂-၂၀၂၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်အား ငါးသလောက်မျိုး ထိန်းသိမ်းရေးအတွက် ဘေးမဲ့ရေိယာသတ်မှတ်ရန်နှင့် ရာသီအလိုက် ငါးဖမ်းခွင့်ပိတ်ပင်နိုင်ရေးအတွက် တိုင်းဒေသကြီး ဦးစီးမှူးနှင့် လိုက်ပါ၍ သွားရောက်တင်ပြရာတွင် ကျန်ရှိနေသေးသော သောင်တင်ဒါချက်များကို ဆက်လက်မရောင်းချရန် တင်ပြခဲ့ရာ ဝန်ကြီးချုပ်က သဘောတူသဖြင့် မအူပင်မြို့နယ်ရှိ အလန်းအပြင်ထုံးသောင်၊ လယ်ကိုင်းထုံးသောင်၊ ရတနာထွန်းသောင်၊ မီးသွေးချောင်းသောင်၊ ဓနုဖြူမြို့နယ်ရှိ ရှမ်းစုသောင်၊ လက်ဆွဲချောင်းသောင်၊ စကာကြီးတစ်ဖက်ကမ်းသောင်၊ စံကင်းတစ်ဖက်ကမ်းသောင်၊






ညောင်တုန်းမြို့နယ်ရှိ ဝဲကြီးသောင်၊ ရွာသာညွှန့်ရေလယ်/ဘေးကပ်သောင် စသည့်သောင်များကို ၂၀၂၂-၂၀၂၃ ခုနှစ်မှ စတင်ပိတ် သိမ်းခဲ့သဖြင့် သောင်ဆွဲပိုက်အားလုံး ပိတ်သိမ်းနိုင်ခြင်းမှာ ငါးကဏ္ဍအတွက် ကြီးမားသည့် အောင်မြင်မှုတစ်ခုဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံအတွက် ဂုဏ်ယူစရာ တိုင်းရင်းငါးမျိုးစိတ်များဖြစ်သော တန်ဖိုးကြီးသည့် ငါးသလောက် (Tenualosa ilisha)၊ ငါးမြင်း (Silonia silondia)၊ ငါးတန် (Pangasius pangasius)၊ ငါးထွေ(Rita rita) စသည့်ငါးမျိုးစိတ်များရေရှည်တည်တံ့ရေးအတွက် ဝိုင်းဝန်းကူညီကြပါရန် အထူးတိုက်တွန်းရေးသားအပ်ပါသည်။ ။

## ကယားပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ စောင်များနှင့် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်း(လွိုင်ကော်)သို့ အလှူငွေများ လှူဒါန်း

**လွိုင်ကော် ဒီဇင်ဘာ ၂၂**

ကယားပြည်နယ် အတွင်းရှိ ဘုန်းတော်ကြီး ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ စောင်များ လှူဒါန်းခြင်းနှင့် ဗုဒ္ဓဘာသာ သာသနာ ပြန့်ပွားရေးအသင်း (လွိုင်ကော်အသင်းခွဲ)သို့ အလှူတော်ငွေများ ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၀ ရက်က လွိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာဆရာတော်သံဃာတော်များ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ သီလခံယူဆောက်တည်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ စောင်များ ဆက်ကပ်လှူဒါန်းသည်။



ထို့နောက် ဗုဒ္ဓဘာသာ သာသနာ ပြန့်ပွားရေးအသင်း (လွိုင်ကော်အသင်းခွဲ)သို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က အလှူတော်ငွေများ ပေးအပ်ခဲ့ရာ အသင်းဥက္ကဋ္ဌ ဦးမောင်ကိုက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ကိုဇင်(လွိုင်ကော်)

## MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ကော့သောင်းမှတစ်ဆင့် မြန်မာအလုပ်သမားများ ထိုင်းနိုင်ငံသို့ထွက်ခွာ

**ကော့သောင်း ဒီဇင်ဘာ ၂၂**

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် မြန်မာအလုပ်သမားများ စေလွှတ်ရေးလုပ်ငန်းစဉ်အရ မြန်မာအလုပ်သမား ၁၆၉ ဦးသည် ထိုင်းနိုင်ငံ၌ MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ဒီဇင်ဘာ ၂၀ ရက်က ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ မြန်မာအလုပ်သမားများအား ပြည်ပအလုပ်အကိုင် အကျိုးဆောင်(ထိုင်း)လိုင်စင်ရ အေဂျင်စီတစ်ခုဖြစ်သည့် S.M.Z ကုမ္ပဏီလီမိတက်က ထိုင်းနိုင်ငံရှိ Southland Resources ကုမ္ပဏီလီမိတက်သို့ ပို့ဆောင်ပေးခြင်းဖြစ်ပြီး အမျိုးသားအလုပ်သမား ၁၃၄ ဦးနှင့် အမျိုးသမီးအလုပ်သမား ၃၅ ဦးအား နှစ်နှစ်စာချုပ်ဖြင့် အလုပ်လုပ်ကိုင်နိုင်ရန် တာဝန်ယူဆောင်ရွက်ပေးခြင်းဖြစ်သည်။ ရန်ကုန်မြို့မှတစ်ဆင့် ကော့သောင်းမြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ခေါ်ယူခဲ့ပြီး ကော့သောင်းအပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်မှတစ်ဆင့် ရေလမ်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

## မြဝတီမြို့ ဘုရင့်နောင်ဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**မြဝတီ ဒီဇင်ဘာ ၂၂**

မြဝတီမြို့ ဘုရင့်နောင်ဈေးကြီး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၁၈ ရက်က ဆောင်ရွက်သည်။

မီးဘေးအန္တရာယ် ကြုံတွေ့လာပါက ရှေးဦးမီးငြိမ်းသတ်နည်းများကိုသိရှိပြီး အချိန်နှင့် တစ်ပြေးညီ စနစ်တကျ မီးငြိမ်းသတ်နိုင်စေရေးအတွက် ထိုသို့ သရုပ်ပြလေ့ကျင့်ခြင်းကို မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ခရိုင်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဆေးဘူးအသုံးပြုပြီး မီးငြိမ်းသတ်နည်းများ၊ မီးလောင်မှု ဖြစ်ပွားခြင်းကြောင့် မီးဖြတ်တောက်မှု ဆောင်ရွက်ခြင်းများ၊ မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခြင်းများကို ဈေးတာဝန်ခံများနှင့် ဈေးသူ ဈေးသားများက လက်တွေ့လေ့ကျင့် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါလေ့ကျင့်ခြင်းကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ အဖွဲ့ဝင် ဦးစိန်သောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦး၊ ခရိုင်မီးသတ်ဦးစီးဌာနက ဦးစီးမှူး ဦးဖြိုးမင်းဇော်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)



## ငါးလုပ်ငန်းအတတ်သင်သိပ္ပံကျောင်း(ရန်ကုန်)၌ ငါးမျိုးစိတ်များ ခွဲခြားအမည်ပေးနည်းသင်တန်းဆင်း

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းအတတ်သင်သိပ္ပံကျောင်း၌ ဖွင့်လှစ်ခဲ့သော ငါးမျိုးစိတ်များ ခွဲခြားအမည်ပေးနည်းသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၁ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင့်လွင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ် ပေးအပ်သည်။ သင်တန်းသို့ ငါးလုပ်ငန်းဦးစီးဌာနမှ ဌာနတွင်းဝန်ထမ်းများနှင့် ရန်ကုန်တက္ကသိုလ်မှ ဆရာမ သင်တန်းသူ နှစ်ဦးအပါအဝင် သင်တန်းသား ၁၀ ဦးနှင့် သင်တန်းသူ ၁၀ ဦး စုစုပေါင်း ၂၀ တက်ရောက်ခဲ့သည်။

သင်တန်းတွင် ငါးလုပ်ငန်းအတတ်သင်သိပ္ပံ(ကြို့ကုန်း)သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကိုကိုက ရေချို၊ ရေငန် ငါးမျိုးစိတ်များ ခွဲခြားနည်းနှင့် ငါးအမည်ပေးခြင်းဆိုင်ရာများနှင့်ပတ်သက်၍ ဒီဇင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက်ကြာ စာတွေ့လက်တွေ့ ပို့ချပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကင်းမြို့နယ်၌ စိန်ရတုလွတ်လပ်ရေးနေ့အကြို ဟောပြောပွဲ၊ စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**ရန်ကင်း ဒီဇင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၃၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုတို့ ပူးပေါင်း၍ အသိပညာပေး ဟောပြောပွဲကို ရန်ကင်းပညာရေးဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ ဒီဇင်ဘာ ၂၁ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် ရန်ကင်းပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး ဦးအောင်မြတ်စိုးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကင်းမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်အိရွှေစင်က လွတ်လပ်ရေးကြိုးပမ်းမှုနှင့် လွတ်လပ်ရေးကို မျိုးဆက်သစ် လူငယ်လူရွယ်များက လက်ဆင့်ကမ်း တာဝန်ယူထိန်းသိမ်းရေးကိုလည်းကောင်း၊ အမှတ်(၃၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲမှူးမျိုးဇော်ထွန်းက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်ပါ မော်တော်ယာဉ်မောင်းနှင်သူများ၊ စက်ဘီး၊ ဆိုင်ကယ်မောင်းနှင်သူများ လိုက်နာရန် စည်းကမ်းများနှင့် ယာဉ်စည်းကမ်းမလိုက်နာသည့်အတွက် အန္တရာယ်ဖြစ်နိုင်သည့်အချက်များကိုလည်းကောင်း အသိပညာပေး ဟောပြောသည်။

ဟောပြောပွဲအပြီးတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးကာ စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်များကိုလည်း ခင်းကျင်းပြသခဲ့သည်။

အိရွှေစင်
(ပြန်/ဆက်)

## ဒဂုံတက္ကသိုလ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး အသိပညာပေး

**ဒဂုံအရှေ့ ဒီဇင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်တွင် ဒဂုံတက္ကသိုလ်နှင့် အမှတ်(၂၈)မြို့နယ်ယာဉ်ထိန်း ရဲတပ်ဖွဲ့စုတို့ ပူးပေါင်း၍ ယာဉ်အန္တရာယ်၊လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာအသိပညာပေး ဟောပြောပွဲကို ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဒီဇင်ဘာ ၁၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဒဂုံတက္ကသိုလ်ဒုတိယပါမောက္ခချုပ် ဒေါက်တာထိပ်တင်ဟန်က အမှာစကားပြောကြားပြီးနောက် အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်) အမှတ်(၂၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးမြစန်းဌေးက ယာဉ်ထိန်းရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်(၅)ရပ်၊ အဓိကတာဝန်(၃)ရပ်၊ မော်တော်ယာဉ်နည်းဥပဒေ ထုတ်ပြန်ချက်များ၊ မော်တော်ယာဉ်၊ ဆိုင်ကယ်စီးသူများ လိုက်နာရမည့်စည်းကမ်းများ၊ ခြေကျင်လမ်းလျှောက်သူများ လိုက်နာရမည့်စည်းကမ်းချက်များနှင့် မြန်မာနိုင်ငံအပါအဝင်အပြည်ပြည်ဆိုင်ရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းနည်းငါးနည်းဖြင့် ဆောင်ရွက်မှုတို့ကို အသိပညာပေး ဟောပြောသည်။

ဟောပြောပွဲအပြီးတွင် ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမျိုးမင်းက အမှတ်(၂၈) မြို့နယ်ယာဉ်ထိန်း ရဲတပ်ဖွဲ့စုမှူး ဒုတိယ ရဲမှူးအား အမှတ်တရလက်ဆောင် ပေးအပ်သည်။ ယင်းနောက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဆိုင်ရာ စာစီစာကုံး၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူ ၁၅ ဦးအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဝင်းအိမွန်(ပြန်/ဆက်)

## ကျောက်ဖြူမြို့နယ်၌ ဆိုလာရေတင်စနစ်ဖြင့် အိမ်တိုင်ရာရောက် ရေပေးဝေရေး ဆောင်ရွက်လျက်ရှိ

**ကျောက်ဖြူ ဒီဇင်ဘာ ၂၂**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် သိုင်းချောင်းကျေးရွာနှင့် ပြားကျွိန်ကျေးရွာ၌ ဆိုလာရေတင်စနစ်ဖြင့် ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ဂါလန် ၂၀၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်သူကျေးလက် ယူနီဆက်ဖ်အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စီမံကိန်းအတွက် လိုအပ်သော ဆိုလာပန့်နှစ်စုံနှင့် ရေပိုက်များကို ယူနီဆက်ဖ်က ထောက်ပံ့ပေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အိမ်သွယ်ရေတိုင်စနစ်ဖြင့် ရေပေးဝေရေးလုပ်ငန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ထောက်ပံ့ပေးကာ ရေစုကန်တည်ဆောက်ခြင်းနှင့် ရေမီတာတပ်ဆင်ခြင်းတို့ကို ကျေးရွာနေပြည်သူများက ဆောင်ရွက်ခြင်းဖြစ်ပြီး ကျေးရွာ ရေကော်မတီအနေဖြင့် ရေဖိုးရေခများ ကောက်ခံခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်သည်။

လုပ်ငန်းများ ဆောင်ရွက်နေမှုကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်သက်ဦး ဦးဆောင်သောအဖွဲ့က ဒီဇင်ဘာ ၁၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး အဆိုပါလုပ်ငန်းများ ပြီးစီးပါက သိုင်းချောင်းကျေးရွာရှိ အိမ်ခြေ ၁၈၈ အိမ်မှ လူဦးရေ ၈၀၀ ကျော်နှင့် ပြားကျွိန်ကျေးရွာရှိ အိမ်ခြေ ၂၀၆ အိမ်မှ လူဦးရေ ၉၀၀ ကျော်အတွက် သောက်သုံးရေလုံလောက်စွာ ရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

အောင်လှဖြူ

# မွေးမြူရေးကဏ္ဍကို အထောက်အကူဖြစ်စေမည့် ဒုတိယအကြိမ်မြောက် မြန်မာ့နွားအလှနှင့် အသားတိုးနွား၊ နို့စားနွား၊ သိုး၊ ဆိတ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ပြုလုပ်သည့် ဒုတိယအကြိမ်မြောက် မြန်မာ့နွားအလှနှင့် အသားတိုးနွား၊ နို့စားနွား၊ သိုး၊ ဆိတ်ပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင် မွေးမြူရေးခြံ၌ ကျင်းပမည်ဖြစ်ကြောင်း တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

အဆိုပါပြိုင်ပွဲများကို ကျင်းပခြင်းဖြင့် ပြည်သူများ မွေးမြူရေးဆိုင်ရာ ဗဟုသုတများ ရရှိစေနိုင်ခြင်း၊ ဒေသတွင်းမှ ထွက်ရှိသော အစားအစာများဖြင့် ရှင်သန်ကြီးထွားပြီး လှပသော မျိုးကောင်းမျိုးသန့်နွားနှင့် သိုး၊ ဆိတ်များ မွေးမြူနိုင်သည်ကို အတုယူအားကျ၍ လက်ဆင့်ကမ်းမွေးမြူနိုင်ခြင်း၊ မွေးမြူရေးကဏ္ဍတိုးတက်လာမှုဖြင့် တန်ဖိုးမြင့်နို့နှင့် နို့ထွက်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ခြင်း၊ ဈေးကွက်ကောင်းရရှိရေးအတွက် အချင်းချင်း အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်မှုမှ မွေးမြူရေးတောင်သူများ ဝင်ငွေများ တိုးမြှင့်ရရှိစေနိုင်ခြင်း၊ အရည်အသွေးကောင်းမွန်သော မျိုးကောင်းမျိုးသန့်နွားမျိုးများနှင့် သိုး၊ ဆိတ်များ ပွားများလာမှုမှ ဒေသမျိုးရင်းများကို ထိန်းသိမ်းနိုင်ခြင်းစသည့် အကျိုး ကျေးဇူးများကို ရရှိစေမည်ဖြစ်သည်။

“ပထမအကြိမ် မြန်မာ့နွားအလှ၊ အသားတိုးနွား၊ နို့စားနွားနဲ့သိုး၊ဆိတ်ပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂ ရက်မှာ ကျင်းပပေးခဲ့တာပါ။ အခု ဒုတိယအကြိမ်ကိုတော့ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ကနေ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ကျင်းပဖို့ ရှိပါတယ်။ အခုလို ကျင်းပခြင်းအားဖြင့် အရည်အသွေးမြင့်ပြီး ထုတ်လုပ်မှုကောင်းမွန်တဲ့ ဒေသနွား၊ နို့စားနွားနဲ့ သိုး၊ ဆိတ်မျိုးကောင်းတွေရှိတဲ့ အရပ်ဒေသတွေကို သိရှိနိုင်တဲ့အပြင် မွေးမြူရေးသမားတွေ အပြန်အလှန် ဆက်သွယ်မှုကွန်ရက် ကျယ်ပြန့်လာစေပါတယ်။ အသားတိုးထွက်နှုန်းနဲ့ နို့ထွက်နှုန်းကောင်းတဲ့ နွားနဲ့ ဆိတ်ကို ရွေးချယ် မွေးမြူခြင်းအားဖြင့် မွေးမြူရေးတောင်သူတို့ရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုမှာ အခွင့်အလမ်းကောင်းများစွာ ပေါ်ထွန်းစေပါတယ်။ တောင်သူတွေရဲ့ မွေးမြူရေးနည်းပညာတွေ ဖလှယ်နိုင်ပြီးတော့ ပြိုင်ပွဲဝင် တိရစ္ဆာန်တွေရဲ့တန်ဖိုးနဲ့ အမူအကျင့်တွေကို ပိုမိုလေ့လာသိရှိနိုင်ရန်အတွက် ကျင်းပရခြင်းဖြစ်ပါတယ်”ဟု တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ တိုးမင်းထွန်းက ပြောသည်။

ပြိုင်ပွဲတွင် မြန်မာ့နွားသိုး၊ အသားတိုးနွား အထီး၊ အမ၊ နို့စားနွားများဖြစ်သော နို့စားနွားမနှင့် နွားမတမ်း၊ ဆိတ်ထီး၊ ဆိတ်မ စသည့်ခုနစ်မျိုး ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာ့မျိုးကောင်းမျိုးသန့်အဖြစ် နာမည်ရလျက်ရှိသည့် ဘရာမင် အသားတိုးနွားနှင့် နို့ထွက်နှုန်းကောင်းသော ဆာနန်ဆိတ်နှင့် အသားထွက်နှုန်းကောင်းသော ဘိုဝါဆိတ်များကိုလည်း ထည့်သွင်းပြသမည်ဖြစ်ကြောင်း သိရသည်။

ယခုကျင်းပမည့် နွားပြိုင်ပွဲတွင် ဆုချီးမြှင့်မှုအနေဖြင့် ပထမဆု ငွေကျပ်ငါးသိန်း၊ ဒုတိယဆု ငွေကျပ်သုံးသိန်း၊ တတိယဆု ငွေကျပ်နှစ်သိန်းနှင့် နှစ်သိမ့်ဆု ငွေကျပ်တစ်သိန်း၊ ဆိတ်ပြိုင်ပွဲတွင် ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်း၊ တတိယဆု ငွေကျပ်တစ်သိန်းနှင့် နှစ်သိမ့်ဆုအတွက် ငွေကျပ်ခုနစ်သောင်းစသည်ဖြင့် ပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး ပထမအကြိမ်ကျင်းပခဲ့သော ပြိုင်ပွဲ၌ ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၁၅ မြို့နယ်မှ နွား ၈၈ ကောင်နှင့် ဆိတ် ၂၆ကောင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ ယခုဒုတိယအကြိမ် ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်ကောင်ရေစာရင်းကို ဒီဇင်ဘာ ၃၀ရက်တွင် ထုတ်ပြန်ကြေညာသွားမည် ဖြစ်ကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ - ကနူး




## ရေကြောင်းသတိပေးချက် ထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A–1 ဧရိယာတွင် Shwe Project Subsea Structures and Pipelines Inspectionလုပ်ငန်းများအား MV. PACIFIC RAPIER ဖြင့် ဆောင်ရွက်မည့် တည်နေရာကိုဖော်ပြသည့် Coordinateများဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၄ မိနစ် ၃၆.၃၀၀ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၅ မိနစ် ၀၂.၇၂၄ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၅ မိနစ် ၁၉.၉၆၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၆ မိနစ် ၄၅.၀၀၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၅၈.၄၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၄၄.၂၀၈ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၃.၅၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၁၉.၅၇၂ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၃၄.၇၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၃၀.၂၇၂ စက္ကန့်၊ Point F မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၅၆ ဒသမ ၇၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၀၁.၈၇၂ စက္ကန့်၊ Point G မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၇ မိနစ် ၃၉.၄၂၀ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၉ မိနစ် ၅၂ ဒသမ ၃၃၂ စက္ကန့်နှင့် Point H မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၂၁.၃၀၀ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၉ မိနစ် ၂၃.၇၁၂ စက္ကန့်တို့အတွင်းတွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ဆောင်ရွက်မည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက် အမှတ်၊ A–1 ဧရိယာတွင် Shwe Project Subsea Structures and Pipelines Inspection လုပ်ငန်းများအား MV. PACIFIC RAPIER ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည် နေရာများမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ် သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေး ကြေညာအပ်ပါသည်။

သတင်းစဉ်

# ရသေ့တောင်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆောင်ရွက်

**ရသေ့တောင် ဒီဇင်ဘာ ၂၂**

ရသေ့တောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂–၂၃ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဖြင့် ကံပြင်(အလယ်ရွာ)ကျေးရွာတွင်း လမ်းဖြူန်း ကျောက်စရစ်ခင်းခြင်းလုပ်ငန်း၊ လမ်းဘေးဝဲယာအုတ်စီခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်နေမှုကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ)နှင့် အဖွဲ့ဝင်များက ဒီဇင်ဘာ ၁၉ ရက်တွင် သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအချိန်မီပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရေးတို့အတွက် အလေးထားဆောင်ရွက်ရန်မှာကြားသည်။

အဆိုပါစီမံကိန်းကို နိုင်ငံတော်ပံ့ပိုးငွေကျပ်သိန်း ၁၀၀ နှင့် ကျေးရွာပြည်သူလူထုမှ ထည့်ဝင်ငွေ ၁၀ သိန်းတို့ဖြင့် လမ်းအရှည်ပေ ၁၃၀၀၊ အကျယ် ရှစ်ပေ၊ထုခြောက်လက်မ လမ်းဘေးဝဲယာအုတ်စီခြင်းအပါအဝင် ဖြူန်းကျောက်ခင်းခြင်းလုပ်ငန်းကို အကောင်အထည်ဖော်လျက်ရှိရာ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



အောင်လှဖြူ(ရမ်းဗြဲ)



## ဂွမြို့နယ် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဂွ ဒီဇင်ဘာ ၂၂**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်း၊ ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင့်ဝေနှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီးနောက် ကျေးရွာများတွင် ဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ၂၀၂၂–၂၀၂၃ခု ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကံ့ကော်တောင်ကျေးရွာရှိ ကျေးလက်အိမ်ရာ ငါးလုံး တည်ဆောက်ခြင်းလုပ်ငန်း၊ Cash for Work စီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဖြင့်ဆောင်ရွက်သော ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ ဖြူန်းကျောက်ခင်းခြင်းလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် သတ်မှတ်လုပ်ငန်းများ အရည်အသွေးပြည့်မီမှု ရှိ မရှိ ကြည့်ရှု စစ်ဆေးပြီး ကျေးရွာများရှိ ရပ်မိရပ်ဖများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဒေသခံပြည်သူများ ရေရှည်အသုံးပြုနိုင်ရေး အလေးထား ဆောင်ရွက်သွားကြရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရွှေရည်ဝင်းကျော်(ပြန်/ဆက်)

## မုံရွာမြို့ စီးပွားရေးတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်းကျင်းပ

**မုံရွာ ဒီဇင်ဘာ ၂၂**

ကျောင်းသား ကျောင်းသူ လူငယ်များ အသိပညာဗဟုသုတကြွယ်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်စေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မုံရွာစီးပွားရေးတက္ကသိုလ်တို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဒီဇင်ဘာ ၂၀ ရက်က မုံရွာစီးပွားရေးတက္ကသိုလ်ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီတာကြူက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးမြင့်နိုင်စိုးနှင့် မုံရွာစီးပွားရေး တက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာရီရီချိုနှင့် အတူ မုံရွာစီးပွားရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက “လူငယ်နှင့်ယဉ်ကျေးမှု”၊ “လူငယ်နှင့် ဆိုရှယ်မီဒီယာ”၊ “လူငယ်နှင့် စာဖတ်ခြင်း၊ “လူငယ်နှင့်အားကစား”၊ “လူငယ်နှင့် ကျန်းမာရေး” စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့သည်။

ခရိုင်(ပြန်/ဆက်)

# (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လက်ပံတော-လယ်ပြင် ကုန်ထုတ်လမ်း ဖွင့်ပွဲကျင်းပ

**ပြည် ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ပေါင်းတလည်မြို့ လက်ပံတောအုပ်စုတွင် (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် လက်ပံတော-လယ်ပြင် ကုန်ထုတ်လမ်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်လင်းထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ကုန်ထုတ်လမ်းအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လက်ပံတော-လယ်ပြင် ကုန်ထုတ်လမ်းသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးဌာနမှ တင်ဒါစနစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး Htoo Khant Aung Co.Ltd မှ တင်ဒါအောင်မြင်၍ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လမ်းအမျိုးအစားမှာ မြေသား (၆၀၀၀' x ၁၄'x ၂')၊ မြေနီ ( ၆၀၀၀' x ၁၉' ၉'')ဖြစ်ကာ လမ်းအရှည်မှာ (၁/၁.၀၉၁ မိုင် x ၁၂ 'x ၂'-၉') ဖြစ်ပြီးခွင့်ပြုငွေကျပ် (၇၅.၄၄၅)သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခု ကုန်ထုတ်လမ်း ဖောက်လုပ်နိုင်ခြင်းကြောင့် ကျေးရွာသူရွာသားများ ရာသီမရွေး အဆင်ပြေစွာ သွားလာစိုက်ပျိုး လုပ်ကိုင်နိုင်မည့်အပြင် သီးနှံစိုက်ခင်းများမှ ထွက်ရှိသော သီးနှံထွက်ကုန်များကိုလည်း ဈေးကွက်သို့ အချိန်ကုန်သက်သာစွာဖြင့် ပို့ဆောင်ရောင်းချနိုင်မည်ဖြစ်၍ ဒေသခံပြည်သူများ၏ ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး များစွာ အကျိုးပြုပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ် အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းဦးနှင့် တာဝန်ရှိသူများ၊ ကျေးရွာနေ ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုစိုး(ပြည်)**

# ဒေါပုံ နှင့် တာချီလိတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက် မေတ္တာလမ်းရှိ မြင့်မင်း(ခ)ချစ်ကို၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀၀ ကိုလည်းကောင်း၊ ဒီဇင်ဘာ ၂၁ ရက် ညနေ ၆ နာရီခွဲတွင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု လွယ်တော်ခမ်းကျေးရွာအနီးတွင် ဂျိုးဇက် မောင်းနှင်ပြီး ရှောယ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဂျိုးဇက် နှင့် ရှောယ တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



# ပေါင်းတည်မြို့နယ်၌ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**ပေါင်းတည် ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ပေါင်းတည်မြို့နယ် ဆေးရုံတွင် ဒီဇင်ဘာ၂၁ ရက် နံနက် ၉ နာရီခွဲမှစ၍ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေး ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအား ပေါင်းတည်မြို့နယ် စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးမျိုးသန့်နှင့်အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းသန်းချစ်နှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ပရဟိတအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး အငြိမ်းစားဝန်ထမ်း ၉၈ ဦးအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့်အတူ ကိုယ်လက်လှုပ်ရှားမှု ဆောင်ရွက်ခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။

**သူရကြီး (ပြန်/ဆက် )**

# လှိုင်းဘွဲ့မြို့နယ်၌ ကရင်အမျိုးသားနှစ်သစ်ကူး အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

**လှိုင်းဘွဲ့ ဒီဇင်ဘာ ၂၂**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကြာအင်းကျေးရွာ၌ ကရင် သက္ကရာဇ် ၂၇၆၂ ခုနှစ် ပြာသိုလဆန်း ၁ ရက်နေ့ ခရစ်သက္ကရာဇ် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ကျရောက်သည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိဖြစ်သူ ပဒိုစောအောင်မော်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော သဝဏ်လွှာနှင့် ကရင်အမျိုးသား အစည်းအရုံး(KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမူတူစေးဖိုး ထံမှ ပေးပို့သော သဝဏ်လွှာတို့အား ဖတ်ကြားသည်။

ထို့နောက် အခမ်းအနားကို တက်ရောက်လာကြသည့် ကရင်လက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များက အမှာစကားပြောကြားပြီး ကရင်တေးသီချင်းများသီဆိုပြီး ကောက်သစ်စားပွဲတော် ကျင်းပခဲ့ကြောင်း သိရသည်။

**စောဖိုးခွား(ပြန်/ဆက်)**

# တရားမဝင် ဆင်းတုတော်များ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း (သီလဝါ)၌ တာဝန်ကျ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသော Corrosion And Scale Inhibitor ၄၀၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၃၁၆၈၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

**ပူးပေါင်းစစ်ဆေးရေး အဖွဲ့များက စစ်ဆေး**

အလားတူ ဒီဇင်ဘာ ၂၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းစစ်ဆေးရေး အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီ-ဘားအံ-ရန်ကုန်ကားလမ်း ဘုရားကြီးမြို့နယ် ရာဇာမင်းဆီဆိုင်အနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော Air Filter များ အပါအဝင် ကုန်စည်လေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၀၁၆၂၄၈)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ် တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မြဝတီကုန်သွယ်ရေးဇုန်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိသော Cement Ceiling Board များ ၁၀၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၅၈၆၄) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၆၂၂၁၁၂ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်လျက်ရှိ**

ထို့အတူ ဒီဇင်ဘာ ၂၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်နှစ်စီးပေါ်မှ သတ္တုတွင်း ဦးစီးဌာန၏ ခာတ်သတ္တုအသေးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးနေသော စကျင်ဆင်းတုတော်များ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၅၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်၌ လိုင်စင်မဲ့ ANBO 125 အမျိုးအစား မော်တော်ဆိုင်ကယ်တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၄၄၀၁၁၂ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် (၄၇)၊ မြေကွက်အမှတ်(၇၅၁/က)၊ (၁၉)ရပ်ကွက်၊ ယုဇနလမ်း၊ (၂၀x၆၀)ပေအကျယ်ရှိ ဦးအေးငြိမ်း အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံသူ ဦးတင်ထွန်းနိုင် ၁၂/ရပသ(နိုင်)၁၁၁၆၉၀မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဦးရဲကျော်အောင် ၁၂/မရက(နိုင်)၁၄၆၇၁၉ကလည်း ဝယ်ယူရန်အတွက် မြေကွက်၏ ရောင်းဖိုးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဒေါ်သက်သက်မွန် | ဦးသုထက်ကျော်လွင် | ဒေါ်စုပိုပိုဇော်ဝင်း |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၀၆၀၅/၂၀၁၅) | (စဉ်-၄၉၅၀၂/၂၀၁၈) | (စဉ်-၅၄၈၃၅/၂၀၂၂) |

တိုက်(၄)၊ အခန်း(၃၁)၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆

## တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/42716, ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းမြတ်သူ ၁၄/မအပ(နိုင်)၃၉၆၃၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မအူပင်)

## စာအုပ်စာပေ လူ့မိတ်ဆွေ

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“တရားမဝင် ကုန်သွယ်မှုသတင်းများ”** နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”** နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |




## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ မေတ္တာရှင်လမ်း၊ မြေကွက်အမှတ်(၁၃၁၉/တ)၊ အကျယ်အဝန်းပေ(၂၀x၆၀)၊ ဒေါ်တင်လှ ၁၂/တမန(နိုင်)၀၄၈၃၇၆ အမည်ပေါက် နှစ် ၆၀ ဂရန်မူရင်း မြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်အေးအေးသန်း ၁၂/ဗဟန(နိုင်)၀၀၀၄၄၄ မှ တရားဝင်စာချုပ်စာတမ်းများဖြင့် ပိုင်ဆိုင်ကြောင်း တာဝန်ယူဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပါသည်။ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသော စာချုပ်စာတမ်းများဖြင့် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၂၀)**
**အမှတ်-၄၈/၅၀၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၉၈၄၂၅၇၄၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ထားဝယ်စုရပ်ကွက်၊ အကွက်အမှတ်-၁၁/၂၈(က)၊ အကွက်အမည်-ထားဝယ်စုတောင်၊ ဦးပိုင်အမှတ်-၅၃၊ ဧရိယာ ၀ ဒသမ ၀၅၄ဧကရှိ မြိတ်ခရိုင်မြေမှုအမှတ်-၆၂/၂၀၀၉-၂၀၁၀ အရ (၁၆-၁၂-၂၀၀၇)ရက်မှ ၁၅-၁၂-၂၀၃၇ ရက်အထိ ဒေါ်ကျင်ခွမ်အမည်ဖြင့် ရရှိထားသည့် နှစ် ၃၀ မြေငှားဂရန်မြေကွက်၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် အဆိုပါမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ဒေါ်ကျင်ခွမ် အမည်ပေါက် နှစ်ထပ်သွပ်မိုး၊ ပျဉ်+အုတ်ကာ၊ ကွန်ကရစ်ခင်းတံခါး (၃)ပေါက် နေအိမ်ဟောင်းတစ်ဆောင် (ရေ+မီးအစုံ)နှင့် နေအိမ်၌ တွယ်ကပ်ပစ္စည်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ဦးစိုးလွင်(ခ)ဝေါင်ယုယွန် ၆/မအရ(နိုင်)၀၈၇၄၆၀-ဒေါ်ကျင်စွမ်(ခ)ဒေါ်ကျင်ခွမ် ၆/မအရ(နိုင်)၀၈၈၂၆၀တို့ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ ဝယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကြေညာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်ဥမ္မာခိုင် (LL.B) | ဒေါ်ခင်မျိုးဝင်း |
| စဉ်-၁၀၃၂၄ (၂၇-၁-၂၀၁၅) | စဉ် (၄၉၈၇၁) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ် (၁၈)၊ မစိုးရိမ်ကျောင်းလမ်း၊ ကန်ဖျားရပ်၊ မြိတ်မြို့၊
ဖုန်း-၀၉-၇၈၀၃၄၃၆၆၉

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 31W/60377, ယာဉ်လက်ဝယ်ရှိသူ ဦးဟံသိန်း ၁၄/မအပ(နိုင်) ၁၇၆၈၁၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မအူပင်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/54451, ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သန်းဌေး ၁၄/မအပ(နိုင်)၂၃၄၂၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မအူပင်)

## ရွှေနတ်တောင်စေတီတော်မြတ်ကြီး(ရွှေတောင်မြို့) လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူမည်



ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့တွင် တည်ထား ကိုးကွယ်လျက်ရှိသော သမိုင်းဝင် ရွှေနတ်တောင်စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူလျက်ရှိရာ ရွှေသင်္ကန်း (၁)ဆိုင်းလျှင် အလှူငွေ (တစ်သိန်းတစ်သောင်း)ကျပ်၊ စေတီရံတစ်ဆူလျှင် (၂၅)သိန်းကျပ်ဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဂေါပကအဖွဲ့
(ဖုန်း-၀၉-၄၂၃၆၉၄၇၇၉၊ ၀၉-၈၇၆၅၇၁၇၁၉)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/3413, ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုး ၁၄/မအပ(နိုင်)၀၆၇၅၀၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မအူပင်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/68922, ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်ဝင်း ၁၄/မအပ(နိုင်)၁၄၉၅၆၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မအူပင်)

## မောင်အောင်သက်ဟန် ၁၂/မရက(နိုင်) ၁၃၅၅၆၂နှင့် အများသိစေရန်

မောင်အောင်သက်ဟန် ၁၂/မရက(နိုင်)၁၃၅၅၆၂သည် မိဘများနှင့် ညီအစ်ကို မောင်နှမများအပေါ် စိတ်ညှိုးနွမ်းစေမည့်ကိစ္စရပ်များအားလည်းကောင်း၊ မိဘများ၏ ဂုဏ်သိက္ခာအား ထိခိုက်စေမည့် ပြုမူဆောင်ရွက်မှုများအားလည်းကောင်း စဉ်ဆက်မပြတ်ပြုလုပ်ဆောင်ရွက်လာသဖြင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စရပ်ကိုမျှ မိဘများအနေဖြင့် တာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ကြောင်းနှင့် ၎င်းနှင့် ပတ်သက်ဆက်နွှယ်သောကိစ္စရပ်များအား မိဘများထံပြောဆိုခြင်း အကူအညီ တောင်းခံခြင်းတို့အပေါ် လက်ခံဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဦးအောင်သက်ညွန့်-ဒေါ်ခင်နှင်းဝေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်သူရ(မြောင်းမြ) (LL.B,A.G.T.I(EP),D.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈)**
**အမှတ်(၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၉၅၁၈၄၀၄၂**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၃၁-လမ်း (လယ်)၊ အမှတ် (၁၅၇)၊ (၃)လွှာနေ (ဘ) ဦးမောင်မောင်စိုး၏သမီးဖြစ်သူ ဇိုဘိုင်ဒါ (ခ)မဖြူဇင်အေး ၁၂/ပဘတ(နိုင်)၀၃၁၉၅၂နှင့် (ဘ)ဦးဘီလားလ်၏ သားဖြစ်သူ မိုအားဇ်(ခ)ကိုဇင်မောင်ဝင်း ၁၂/ပဘတ(နိုင်)၀၃၀၁၄၆တို့သည် အစ္စလာမ့်တရားတော်နှင့်အညီ ၁၄-၂-၂၀၂၀ရက်တွင် နှစ်ဦးသဘောတူ နေကာဟ် ပြုလုပ်၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာမှ သားတစ်ဦးထွန်းကားခဲ့ပါသည်။ ဇိုဘိုင်ဒါ (ခ) မဖြူဇင်အေးနှင့် မိုအားဇ်(ခ)ကိုဇင်မောင်ဝင်းတို့ အိမ်ထောင်ရေးဆိုင်ရာ အဆင်မပြေမှုများကြောင့် မိုအားဇ်(ခ)ကိုဇင်မောင်ဝင်းသည် ဇိုဘိုင်ဒါ(ခ)မဖြူဇင်အေးအား ထားခဲ့ပြီး၊ စင်ကာပူနိုင်ငံသို့ ထွက်သွားခဲ့ပါသည်။ ဇိုဘိုင်ဒါ(ခ)မဖြူဇင်အေးအပေါ် မိုအားဇ် (ခ) ကိုဇင်မောင်ဝင်းသည် ခင်ပွန်းသည်တစ်ယောက်၏ တာဝန်ကျေပွန်ခြင်းမရှိဘဲ လျစ်လျူရှုခဲ့ပါသည်။ မိုအားဇ်(ခ)ကိုဇင်မောင်ဝင်း၏ပြုမူဆောင်ရွက်မှုများအပေါ် အစ္စလာမ့်တရားတော်နှင့်အညီ ဖြေရှင်းဆောင်ရွက်ရန် စီစဉ်ခဲ့ရာမှ ၂၆-၁၁-၂၀၂၂ ရက်တွင် မိုအားဇ်(ခ) ကိုဇင်မောင်ဝင်း၏ရှေ့နေမှတစ်ဆင့် သွလာက်စာချုပ်အား ဇိုဘိုင်ဒါ(ခ)မဖြူဇင်အေးထံပေးပို့ခဲ့ပါသည်။ ဇိုဘိုင်ဒါ(ခ)မဖြူဇင်အေးမှ အဆိုပါ သွလာက်စာချုပ် ပေးပို့မှုအပေါ် အစ္စလာမ့်အဖွဲ့အစည်းတစ်ခုဖြစ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ မောလဝီအဖွဲ့ချုပ်(ဗဟို)သို့ ဖဿဝါမွေသတ်ပြန်ကြားပေးပါရန် တင်ပြခဲ့ရာ မြန်မာနိုင်ငံလုံးဆိုင်ရာ မောလဝီအဖွဲ့ချုပ်(ဗဟို) မှ ၇-၁၂-၂၀၂၂ရက်စွဲပါ စာအမှတ် ၄၇၁/၂၂/ဓမ္မ/မလဝ-ဗဟာ၏ ပြန်ကြားစာပေးပို့ခဲ့ပါသည်။ အဆိုပါပြန်ကြားစာအရ မိုအားဇ် (ခ)ကိုဇင်မောင်ဝင်းနှင့် ဇိုဘိုင်ဒါ(ခ)မဖြူဇင်အေးတို့သည် အစ္စလာမ့် တရားတော်နှင့်အညီ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီး ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးမောင်မောင်သူရ(မြောင်းမြ) | ဦးဇေယျာထွန်း (LL.B) |
| LL.B, A.G.T.I(EP), D.B.L, D.M.L | တရားလွှတ်တော်ရှေ့နေ |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈) | (စဉ်-၁၂၅၃၂) |
| ဒေါ်ချယ်ရီလှိုင် (LL.B) | ဦးစိုးလွင်ဦး (LL.B) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၁) | အထက်တန်းရှေ့နေ(စဉ်-၃၇၉၈၁) |

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၀၂ ဆူ | ၂၁၈ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၆ ခန်း | ၃၈၉ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၉ တိုင် | ၁ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၀ ခု | ၅၃၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၇ ကျင်း | ၂၀၅၂. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၆ ကျင်း | ၁၉၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၂ ကျင်း | ၅၈၈၈. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၃၀၄ ကျင်း | ၁၄၃၂. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၉၇ စုံ | ၂၀၃ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပျောက်ဆုံးကြောင်း

ကျွန်မ မတင်မာချို ၈/မလန(နိုင်)၁၀၇၉၃၂၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၅၃၆၆၀၉၆

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်လှမင်းထွန်း ၈/ဆပဝ(နိုင်)၀၇၅၇၉၇၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၃၆၆၀၉၆

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်2D/1145, Toyota Verossa GX 110/Saloon (4x2)R ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းရုံး(မကွေး)

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ အကွက်အမှတ်(၁၅-A)၊ ဆေးရုံကြီးရပ်၊ ဦးပိုင်အမှတ်(၆(ဒ)၇)၊ ဧရိယာ(၀ဒသမ၀၃၁) ကေ အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်ကို ကျွန်တော် ဦးမြင့်သိန်းမှ အမည်ပြောင်းလဲပေးရန် လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် အထောက်အထားများဖြင့် ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ ၈ ရက် နောက်ဆုံးထားပြီး လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်သိန်း**
**၇/ပခန(နိုင်) ၀၇၃၈၁၁**
**အမှတ်(၅၁၇)၊ ပြည်တော်သာ (၄)လမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6I/5516, ForLand, Dump Truck (4x2)(L) ယာဉ်အမည်ပေါက်သူ ဦးသန်းဌေး ၁၂/သလန(နိုင်)၀၉၅၂၁၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၉၁၇၂၆, Honda Wave 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယုယုမွန် ၆/မအရ(နိုင်)၁၀၇၃၇၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)**

## မော်လမြိုင်မြို့၊ ကြာအင်းကျေးရွာ၊ ဗညားဒလတန်ဖိုးသင့်အိမ်ရာ တိုက်ခန်းများ မည်သူမဆို လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားများ မည်သူမဆို ဝယ်ယူရန် လျှောက်ထားနိုင်ပါသည်။

၂။ (၄)ခန်းတွဲ (၄)ထပ်၊ တိုက်ခန်း(၁)ခန်းလျှင် (၆၅၀)စတုရန်းပေ အကျယ်အဝန်းရှိပြီး Master Bed(၁)ခန်း၊ ရိုးရိုးအိပ်ခန်း (၁)ခန်း၊ ဧည့်ခန်း၊ မီးဖိုခန်းတို့ပါဝင်ပါသည်။ Bath & W/C နှင့် မီးဖိုခန်းတို့တွင် ကြမ်းခင်းကြွေပြားနှင့် နံရံကြွေပြား (၅')အမြင့်ကပ်ထားပြီး၊ ပြတင်းတံခါးပေါက်များတွင် သံပန်းတပ်ဆင်ထားပြီး ဖြစ်ပါသည်။

၃။ ဗညားဒလတန်ဖိုးသင့်အိမ်ရာစီမံကိန်း တိုက်ခန်းရောင်းဈေးနှုန်းများမှာ-

| စဉ် | အိမ်ခန်းအထပ် | ဈေးနှုန်း (ကျပ်သန်း) |
|---|---|---|
| ၁။ | မြေညီထပ် | ၂၅.၀ |
| ၂။ | ပထမထပ် | ၂၂.၅ |
| ၃။ | ဒုတိယထပ် | ၂၁.၀ |
| ၄။ | တတိယထပ် | ၁၉.၅ |

၄။ ရောင်းချရန်ကျန် တိုက်ခန်းများမှ ဦးရာလူစနစ်ဖြင့် မိမိကြိုက်နှစ်သက်ရာ တိုက်ခန်းများအား ရွေးချယ်၍ ငွေသွင်းဝယ်ယူနိုင်မည်ဖြစ်ပါသဖြင့် အမြန်ဆုံးလာရောက်ဆက်သွယ်ရွေးချယ်ဝယ်ယူနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**အိမ်ရာရောင်းချရေးကော်မတီ၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**မွန်ပြည်နယ်ညွှန်ကြားရေးမှူးရုံး**
**ဖုန်း-၀၅၇-၂၀၂၅၉၅၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
### ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် -၅၁၂

ဒေါ်နွယ်ဇင်ဝင်း နှင့် ၁။ ဦးညွှန့်ရှိန်
၂။ ဒေါ်ခင်ခင်သက်
၃။ ဒေါ်စောမာလာ

တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ကုမုဒြာလမ်း၊ အမှတ်-(၁၈၆)နေ (၁) တရားပြိုင် ဦးညွှန့်ရှိန်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သဇ္ဇာ (၆)လမ်း၊ အမှတ်-(၃၉၄)နေ (၂) တရားပြိုင် ဒေါ်ခင်ခင်သက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ (ကျွန်းတော)တောင်ရပ်ကွက်၊ ညောင်တုန်းလမ်း၊ အမှတ် (၂၇)နေ (၃) တရားပြိုင် ဒေါ်စောမာလာ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း တရားဝင်မြေနှင့် အိမ်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ပြုလုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂ရက် (၁၃၈၄ ခုနှစ် ပြာသိုလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်မင်းထွန်း)**
**ခရိုင်တရားသူကြီး**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့နယ်စုအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေငှားဂရန်အမှတ် ၄၃၁/၁၉၉၂ အရ ဦးကြိုင် (ABN-၀၅၀၁၂၀)အမည်ပေါက်ပိုင်ဆိုင်သည့် တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အကွက်အမှတ်နှင့်အမည် ၄၇/ရွာမရပ်၊ မြေကွက်အမှတ်(၄၄)၊ ဧရိယာ(၀ဒသမ၁၀၈)ကေရှိ မြေကွက်ဥပစာကို ဒေါ်နီနီခင် ၉/မထလ(နိုင်)၀၄၃၆၇၂က (၁-၇-၂၀၁၈)ရက် တွင်နှစ်ဦးသဘောတူမြေကွက်အရောင်းဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး တရားဝင်လက်ဝယ်ထားရှိ နေထိုင်ခဲ့သည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်။ အဆိုပါမြေကွက်ဥပစာနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို တည်ဆဲဥပဒေများနှင့်အညီ မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုခြင်း၊ မြေငှားဂရန်အမည်ပြောင်းလဲခြင်း၊ မြေကွက်နှင့် ပတ်သက်သည့်ကိစ္စအဝဝတို့ကို ပြုလုပ်ဆောင်ရွက်မည်ဖြစ်၍ အဆိုပါ မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော တရားဝင် စာရွက်စာတမ်းအထောက်အထားဖြင့် သတင်းစာကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အ တွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်နီနီခင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းဖစ်မွန်း(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၂၅/၂၀-၁၂-၂၀၁၂)**
**ည/၃၂၆၊ သစ္စာလမ်း၊ ညောင်ဖြူစခန်းရပ်၊ တောင်ကြီးမြို့**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အထက(တနော်ကျွန်း)ကျောင်း၊ Grade-8မှ မောင်ဉာဏ်လင်းထက်၏ ဖခင်အမည်မှန်မှာ ဦးဇော်မြင့်ထွန်း ၁၄/ကကန (နိုင်) ၀၇၆၃၁၂ ဖြစ်ပါကြောင်း။

**ဦးဇော်မြင့်ထွန်း**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်အေးဆုရည်မွန် (ဘ) ဦးခင်မောင်ဆု ၉/ပမန(နိုင်) ၂၃၂၂၇၈ ၏ နိုင်ငံကူးလက်မှတ် မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၄၀၆၃၀၆၆၈

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၉)၊ ဦးပိုင်အမှတ်(၅၇)၊ (၆၃x၆၄)ကြား၊ (၁၁၈x၁၁၉)လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင် ၉/မရတ(နိုင်)၁၀၄၆၄၂၏ (GP ရသူ ဒေါ်ကြည်မြင့်)က ဂရန်စာချုပ်ပေါ်တွင် ရေးသားထားသော တောဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် လက်ခံတောဂရန်နှင့် စိစစ်ပြီး ထုတ်ပေးခြင်းဖြစ်သည်။ တောဂရန်စာချုပ်မူရင်း ပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည် ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက်အား ပယ်ဖျက်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၇)၊ ဦးပိုင်အမှတ်(၃၉+၄၀)၊ (၆၂x၆၃)ကြား၊ ၁၈ လမ်းနှင့် ၁၉ လမ်းကြားရှိ ဒေါ်သန့်အမည်ပေါက် အခလွတ်ဂရန်မြေကွက်အား ဒေါ်သန့်၊ (ခင်ပွန်း) ဦးမောင်၊ (၎င်းတို့၏တစ်ဦးတည်းသောသား) ဦးထွန်းခင်၊ (ဇနီး) ဒေါ်ပြုံးတို့ အသီးသီး ကွယ်လွန်၍ ကျန်ရစ်သူ (သမီး) ဒေါ်ကြည်ကြည်ဝင်း ၉/မနမ(နိုင်)၀၆၅၆၁၃၊ ဒေါ်နီနီဝင်း ၉/မနမ(နိုင်)၀၆၅၆၁၄၊ ဒေါ်ရီရီဝင်း ၉/မနမ(နိုင်) ၀၆၅၈၀၂ တို့က သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၈)၊ ဦးပိုင်အမှတ်(၃၇)၊ (၆၇x၆၈)ကြား၊ မြို့ရိုးလမ်းနှင့်ဝေသာလီလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ တပ်ကြပ်ကြီး ချစ်စိန်(DV-၀၇၅၆၁၃) ၏ (SP ရသူ ဦးရဲရွှေ)က အမည်ပေါက်သူ၏ မှတ်ပုံတင်၊ အိမ်ထောင်စုဇယားတို့ တင်ပြရမည် ဖြစ်သော်လည်း ငှားရမ်း၍မရကြောင်းတင်ပြစာ၊ ဂရန်စာချုပ်နှင့် အတူ အမှုတွဲအမှတ် ၄၈၅၄/၂၀၂၂-၂၀၂၃ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁)၊ ဦးပိုင်အမှတ်(၄၆)၊ (၆၉x၇၀)ကြား၊ (၁၃၂x၁၃၃)လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်ကြည် MTA-၀၉၆၈၄၂၏ (GP ရသူ ဦးခင်မောင်လေး)က အမည်ပေါက်သူ ဦးအောင်ကြည်၏ မှတ်ပုံတင်၊ အိမ်ထောင်စုဇယားတို့ တင်ပြရမည်ဖြစ်သော်လည်း ငှားရမ်း၍မရကြောင်းတင်ပြစာ၊ တောဂရန်တို့နှင့် အတူ အမှုအတွဲအမှတ်(၄၈၂၀/၂၀၂၂-၂၀၂၃) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်(ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ- ၁၃)၊ ဦးပိုင်အမှတ်(၅၂)၊ (၆၃x၆၄)ကြား၊ အေးမေတ္တာလမ်းနှင့် အေးသုခလမ်းကြားရှိ ဒေါ်ဌေးတင်အမည်ပေါက် တောဂရန်မြေကွက်အား ဦးစိုင်းလှမြင့် ၁၃/နခန(နိုင်) ၀၃၅၆၂၂ က မြေချထားမိန့်၊ ငွေသွင်းပြေစာတို့ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်စာချုပ်တို့တင်ပြ၍ မြေရာဇဝင် ၁(က)မှတ်တမ်းတွင် ဒေါ်ဌေးတင်အမည်ပေါက်မှတ်သားခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၈)၊ ဦးပိုင်အမှတ်(၄၂-ခဲစင်း)၊ (၄၆x၄၇)ကြား၊ မနော်ဟရီလမ်းနှင့်နှင်းဆီလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အမာရင် ၉/မရမ(နိုင်) ၀၂၀၀၄၅ က မြေချထားမိန့်နှင့် ငွေသွင်းပြေစာတို့မှာ အရှေ့ဘက်ခြမ်းအား ရောင်းချစဉ်က ပေးအပ်ခဲ့ပါသဖြင့် ယခုအခါငှားရမ်း၍မရကြောင်း တင်ပြစာ၊ အရှေ့ဘက်ခြမ်း နေထိုင်သူအား ခေါ်ယူ၍မရကြောင်း တင်ပြစာ၊ တောဂရန်တို့နှင့်အတူ အမှုတွဲအမှတ်-၄၈၂၅/၂၀၂၂-၂၀၂၃ဖြင့် တောမှမြို့ပြောင်း၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မာန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့် -၅ ၊ နည်းဥပဒေ - ၂၀ )
### ပုသိမ်ခရိုင်တရားရုံးတော်၌
### ၂၀၂၂ ခုနှစ် ၊ တရားမကြီးမှုအမှတ် ၂၅

United Future Co.Ltd (ကုမ္ပဏီ၏ကိုယ်စားဒေါ်နွယ်နီအောင် နှင့် ၁။ ဒေါ်နန်းထိုက်သူ ၂။ ဒေါ်ယမင်းသူ ၃။ ဦးကောင်းထက်ရှင်း

( တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရွှေအုတ်ဂူ(၅)လမ်း၊ တိုက် (၂၇)၊ အမှတ်(၁၀၃)နေ (ယခုနေရပ် လိပ်စာမသိ) ၁။ ဒေါ်နန်းထိုက်သူ၊ ၂။ ဒေါ်ယမင်းသူ၊ ၃။ ဦးကောင်းထက်ရှင်း တို့သိစေရမည်။

သင့်အပေါ်၌ တရားလို United Future Co.,Ltd (ကုမ္ပဏီ၏ကိုယ်စား ဒေါ်နွယ်နီအောင်) ကုန်ပစ္စည်းဖိုးရရန်ရှိသော ကျပ်ငွေ (၅၂၃၉၃၆၆၀/-)(သိန်းငါးရာ့နှစ်ဆယ်သုံးသိန်း ကိုးသောင်းသုံးထောင့် ခြောက်ရာခြောက်ဆယ်ကျပ်တိတိ)နှင့် နစ်နာကြေးငွေကျပ် (၅၀၀၀၀၀၀/-)(ကျပ်သိန်းငါးဆယ်) စုစုပေါင်း (၅၇၃၉၃၆၆၀/-) (ငါးရာ့ခုနစ်ဆယ့်သုံးသိန်း ကိုးသောင်းသုံးထောင် ခြောက်ရာခြောက်ဆယ်ကျပ်တိတိ)ရလိုမှုကို ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက် (၁၃၈၄ ခုနှစ် ပြာသိုလဆုတ် ၁ ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင့်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၆)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ဘုန်းဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပုသိမ်ခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ငင-၁)၊ ဦးပိုင်အမှတ်(၃၂)၊ ၅၉လမ်းနှင့်သံလမ်းကြား၊ အနော်ရထာနှင့် ဘုရင့်နောင်လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ခင်ထံမှ အပေးစာချုပ်အမှတ် (၁၈၆၅/၁၉၉၇)အရ ပိုင်ဆိုင်သူ ဦးအောင်လှိုင်၊ ဒေါ်ငြိမ်းငြိမ်းတို့အနက် ပူးတွဲပိုင်ဆိုင်သူ(ခင်ပွန်း) ဦးအောင်လှိုင် ကွယ်လွန်၍ အမွေဆက်ခံ စာချုပ်အမှတ်(၃၃၀၈/၂၀၂၂)အရ ပိုင်ဆိုင်သူ ဒေါ်ငြိမ်းငြိမ်း(ခ)ညိမ်းညိမ်း ၉/မတရ(နိုင်) ၀၇၉၉၀၀က (မြေချထားမိန့်၊ လမ်းဖိုး၊ မြေဖိုး၊ ငွေသွင်းပြေစာ) မူရင်းများ ပျောက်ဆုံးကြောင်း (ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး) ထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်ချက်များ တင်ပြ၍ ဂရန်သက်တမ်းတိုး၊ တောမှမြို့ပြောင်း အမည်ပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၁၅)၊ ဦးပိုင်အမှတ်(၉၁)၊ ၆၀ x ၆၁ လမ်းကြား၊ စံပြလမ်းနှင့်သခင်ဖိုးလှကြီး လမ်းကြားရှိ ဦးသောင်းစိန် အမည်ပေါက် တောဂရန်မြေကွက်အား မန္တလေးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်(၁၃၃/၂၀၀၀) ဖြင့် ချမှတ်ခဲ့သော တရားမဇာရီမှု အမှတ်(၃၆/၂၀၀၂)တွင် ချမှတ်ခဲ့သော အမိန့်အရ ဒေါ်ခင်ဌေးမာထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၂၄၇၁/၂၀၀၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်တင်မာဦး ၉/ပသက(နိုင်)၀၃၀၅၃၃ ၏ (S.P ရသူ ဦးစိုးလွင်)က အမည်ပြောင်းလဲမည့်သူ၏ မှတ်ပုံတင်၊ အိမ်ထောင်စုဇယားတို့ တင်ပြရမည်ဖြစ်သော်လည်း ငှားရမ်း၍မရကြောင်း တင်ပြစာ တောဂရန်တို့နှင့်အတူ အမှုတွဲအမှတ်(၃၇၄၀/၂၀၂၂-၂၀၂၃) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ အကွက်အမှတ်(၂၁)၊ ဦးပိုင်အမှတ်(၅)၊ ၉x၁၀လမ်းကြား၊ ၇၃x၇၅ လမ်းကြားရှိ မရန်အမည်ပေါက် အခလွတ်ဂရန်မြေကွက်အား အမည်ပေါက်သူ မရန်(အပျိုကြီးဘဝ) (ညီမ)ဒေါ်တိုး၊ (၎င်း၏ခင်ပွန်း) ဦးသိန်းဆင်၊ (သား)ဦးအောင်သိန်းတိုးတို့ အသီးသီးကွယ်လွန်၍ ကျန်ရစ်သူ(တူ/တူမ) ဦးကိုကိုကြီး ၉/မနမ(နိုင်)၀၂၀၂၁၅၊ ဦးစောကိုကို ၉/မနမ(နိုင်)၁၀၈၁၈၁၊ ဒေါ်ရီရီတိုး ၉/မနမ(နိုင်)၁၀၈၁၆၂တို့၏ (G.P ရသူ ဦးသူရိန်တင်ဝင်း)က အခလွတ်ဂရန်ပျောက်ဆုံးကြောင်း (ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး) ထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်ချက်များ တင်ပြ၍ သက်တမ်းတိုး၊ အမည်ပြောင်း၊ အမျိုးအစားပြောင်းလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊အကွက်အမှတ်(ဒဒ-၁၄)၊ ဦးပိုင်အမှတ်(၅၅)၊ (၆၄x၆၅)ကြား၊ အေးမေတ္တာလမ်းနှင့် အေးသုခလမ်းကြားရှိ ဦးယွာအမည်ပေါက် တောဂရန် မြေကွက်အား အမည်ပေါက်သူ ဦးယွာ(လူပျိုကြီးဘဝ)ဖြင့် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၅၄၁/၂၀၁၀) ဖြင့် အမွေဆက်ခံခဲ့သော ညီဖြစ်သူ ဦးမြင့်ဦး(ခ) ဦးအေးကိုထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် အမှတ်(၂၁၃၄/၂၀၁၁)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရွှင်ဖန် ၉/မရမ(နိုင်)၀၇၁၆၀၂ ၏ (SP ရသူ ဒေါ်မိမိနိုင်) က ဒေါ်ရွှင်ဖန်၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားတို့ တင်ပြရမည်ဖြစ်သော်လည်း ငှားရမ်း၍မရကြောင်းတင်ပြစာ၊ တောဂရန်နှင့်အတူ အမှုတွဲအမှတ် (၃၄၁၈/၂၀၂၂-၂၀၂၃) ဖြင့် တောမှ မြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ဖခင်အမည်မှန်

ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ ဝက်ချောင်းကျေးရွာ၊ အထက(ခွဲ)၊ Grade-5မှ မောင်အောင်မင်းခန့်၏ဖခင် ဦးမျိုးသိန်း၏ အမည်မှန်မှာ ဦးမျိုးသိမ်း ၁၄/ကကန(နိုင်)၁၁၂၇၄၇ ဖြစ်ပါကြောင်း။

**ဦးမျိုးသိမ်း**

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အလက(၂)၊ မြဝတီ၊ Grade-6မှ မောင်မင်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးအေးမင်းစိုး ဖြစ်ပါကြောင်း။

**ဦးအေးမင်းစိုး**

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထက(ဝါးတော)၊ Grade-3မှ မချယ်ရီဦး၏ ဖခင်အမည်မှန်မှာ ဦးမင်းချစ်သူ ဖြစ်ပါကြောင်း။

**ဦးမင်းချစ်သူ**

## မိဘအမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထက(၃)၊မြဝတီ၊ Grade-4 မှ မယွန်းယုယုစံ၏ မိဘအမည်မှန်မှာ ဦးနှစ်ဆန်းဦး-ဒေါ်အိအိအောင် ဖြစ်ပါကြောင်း။

**ဦးနှစ်ဆန်းဦး- ဒေါ်အိအိအောင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/ 72242 Honda Click 125M/C ယာဉ်လက်ဝယ်ရှိသူ Auto Ry Co., က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/ 73375 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Moto Shan Lay Co., Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်၊ မြေကွက်အမှတ် ပ-၁၂၅၁ ကို အမည်ပေါက် ဦးကိုကိုနိုင် (တရားရှုံး) ကိုယ်စား ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ ဘီလစ်စာရေး ဦးကျော်ဆန်းဦး (ဘ)ဦးသံချောင်း ၉/တကန(နိုင်)၁၀၃၉၂၄ မှ ဒေါ်မေမြတ်သူ (ဘ)ဦးအေးကို ၉/မခန(နိုင်)၁၆၁၉၆၃ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးဆွဲပေးပါရန် ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် ၅၄/၂၀၂၂၊ တရားမဇာရီမှုအမှတ် ၃၆/၂၀၂၂ တို့ တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် ၃၄/ကင်ပွန်းတန်း၊ မြေကွက်အမှတ် (၅)၊ ဧရိယာ ၁ဒသမ ၈၃၆ ဧကရှိ ဦးထွန်းအောင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၉၆/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးငြိမ်းမင်းသူ ၉/ပမန(နိုင်)၁၈၉၈၅၂ မှ နှစ်(၃၀)မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးလှမြင့် ၉/ပမန(နိုင်)၀၁၉၄၈၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ ဦးခင်မောင်လပ် ၁၂/ဗတထ(နိုင်)၀၁၅၇၀၁ (ဘ)ဦးသန်းမောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၃၃၈၉)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၅၂၂/၂၀၂၂ (၂၀-၆-၂၀၂၂) ဖြင့်မြေကွက်အမည်ပေါက်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးမင်းခိုင်ဝင်း ၇/ညလပ(နိုင်)၀၉၁၄၆၃ (ဘ) ဦးတင်ဝင်းမှ ဒေါ်ထိုက်တင်ထွေး ၇/ပခန(နိုင်)၀၀၂၅၈၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9C/5118 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2B/5688 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3Q/6137 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6R/ 8985 FAW CA1027VC2 Pickup (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးအင်ခွမ်လဒွဲ ၁/မကတ(နိုင်)၀၄၄၇၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃စယ/ ၆၅၄၆၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေသီခိုင် ၃/ဘအန(နိုင်)၀၀၇၈၁၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ယ/၇၉၅၅၆ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနောင်ထွေး ၁၀/သထန(နိုင်)၂၆၆၃၅၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ငွေချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရမည်းသင်းမြို့နယ်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၃

| | | |
|---|---|---|
| ကိုသန့်ဇင်ဝင်း | **နှင့်** | မသန်းသန်းဆွေ |
| **တရားလို** | | **တရားပြိုင်** |

ရမည်းသင်းမြို့နယ်၊ ညောင်အိုင်အုပ်စု၊ ဆည်ကြီးကျေးရွာနေ မသန်းသန်းဆွေ (ဘ)ဦးခင်မောင်အေး(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ် တရားလို ကိုသန့်ဇင်ဝင်းက လင်မယားကွာရှင်းပြတ်စဲလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၅ရက်(၁၃၈၄ ခုနှစ် ပြာသိုလပြည့်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်များကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်အလိုက တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ယဉ်ငြိမ်းနု)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ရမည်းသင်းမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2M/7805 Scania Tractor Head ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်လင်း ၁၃/နမတ(နိုင်)၀၃၁၀၀၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ**
**(ရွာသာကြီး) ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21W/ 61450 Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းကြည် ၉/နထက(နိုင်)၀၅၆၉၄၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(စစ်ကိုင်း)**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဒဂုံမြောက်ပိုင်း-၄၂၊ မြေကွက်အမှတ် (၁၅၀၇)၊ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူဦးကျော်သွင်အောင် ၁၂/မဂဒ(နိုင်)၀၈၃၄၄၃ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်မ၏မိတ်ဆွေကစရန်ငွေပေးချေပြီးဖြစ်၍ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်မထံသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲသဲ(တရားလွှတ်တော်ရှေ့နေ)**
**LL.B, D.B.L, D.I.L, ABE(UK)**
**အမှတ် ၃၄(မြေညီ)၊ အနောက်အာဇာနည်လမ်း၊**
**ဆရာစံမြောက်အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၁၁၅၀၉**

## အများသိစေရန် ကြေညာခြင်း

မော်လမြိုင်မြို့၊ ဝတ်ကြီးလမ်း၊ ကျိုက်ဖနဲနယ်မြေ၊ ဇီးကုန်းရပ်ကွက်၊ အိမ်အမှတ်(၈၁)နေ ဒေါ်ကေသွယ်စိုး (ဘ)ဦးအောင်ထွန်း ၁၀/မလမ(နိုင်)၂၃၈၀၃၉ မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

မော်လမြိုင်မြို့၊ ဝတ်ကြီးလမ်း၊ ကျိုက်ဖနဲနယ်မြေ၊ ဇီးကုန်းရပ်ကွက်၊ အိမ်အမှတ်(၈၁)နေ ဒေါ်ကေသွယ်စိုးနှင့် ဦးမြင့်၏သား ဦးဌေးဝင်း လွန်ခဲ့သော (၁၉၉၆)ခုနှစ်ကတည်းက တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာမှ သမီး မသွယ်ဇင်ဝင်း အသက်(၂၅)နှစ်အား မွေးဖွားခဲ့ပြီးဖြစ်သော်လည်း ခင်ပွန်းဖြစ်သူမှ ဇနီးဖြစ်သူအပေါ် ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲများဖြစ်စေရန်နှင့် ခွင့်မလွှတ်နိုင်သော လူမှုရေးပြဿနာများ မကြာခဏကျူးလွန်ခဲ့သည့်အပြင် ၃-၁၂-၂၀၂၂ ရက်တွင် နေအိမ်မှဆင်းသွားခဲ့ပြီး ဇနီးဖြစ်သူအပေါ် ဆက်သွယ်ခြင်း၊ ပေးကမ်းထောက်ပံ့ခြင်းမရှိဘဲ ဥပေက္ခာပြုထားသည့်အတွက် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိပါသောကြောင့် ယနေ့ကြေညာသည့်ရက်မှစ၍ ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ပြဿနာကိစ္စအဝဝများကို လုံးဝတာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးမည်မဟုတ်တော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကြေညာသူ**
**(ဒေါ်ကေသွယ်စိုး)**

## ငွေချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀ )
## တောင်ငူမြို့နယ်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၀

| | | |
|---|---|---|
| ဦးမြင့်အောင် | **နှင့်** | ဒေါ်သင်းသင်းလှိုင် |
| **တရားလို** | | **တရားပြိုင်** |

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့၊ သာယာကုန်းရပ်ကွက်၊ အမှတ်-၁၃၅ နေ တရားပြိုင် ဒေါ်သင်းသင်းလှိုင် (ဘ) ဦးဗဒင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမြင့်အောင်က လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊သို့တည်းမဟုတ်၎င်းနှင့်စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၂၈ရက် (၁၃၈၄ခုနှစ် ပြာသိုလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူက တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝေဝေလင်းနိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၄)**
**တောင်ငူမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

